တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

# မြန်မာ့အလင်း

အရိယ သစ္စာန ဒဿနံ တေံမင်္ဂလ မုတ္တမံ
သစ္စာလေးပါးကို သိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

■ အတွဲ [၅၅]
အမှတ် [၀၆၀]

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် [29-11-2015]

MYANMA ALINN SUNDAY ISSUE

# တောင်ပြိုမှုကြောင့် သဘာဝဘေးသင့်ခဲ့သည့် ဟားခါးမြို့တွင် မြေနေရာသစ်များဖော်ထုတ်၍ နေအိမ်သစ်များ ပြန်လည်တည်ဆောက်ပေးလျက်ရှိ

သတင်း၊ စာမျက်နှာ - ၈



# နေပြည်တော်ရှိ အားကစားရွာ၌ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန် လျာထား

သတင်း
ရဲခေါင်ညွှန့်
မြတ်သန္တာမောင်

**ရန်ကုန် နိုဝင်ဘာ ၂၈**

နိုင်ငံရေးဆွေးနွေးပွဲအား နေပြည်တော်ရှိ အားကစားရွာ၌ ပြုလုပ်ရန် စဉ်းစားထားကြောင်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီ၏ ဒုတိယနေ့အစည်းအဝေးတွင် သိရသည်။

နေပြည်တော်ရှိ အားကစားရွာ၌ ပြုလုပ်ရန်စဉ်းစားထားကြောင်းကို "နိုင်ငံရေးဆွေးနွေးပွဲကို ကျွန်တော်တို့က နေပြည်တော်မှာရှိတဲ့အားကစားရွာမှာလုပ်ဖို့ စဉ်းစားထားပါတယ်။ အားကစားသမားတွေတည်းဖို့အတွက် ပြင်ဆင်ထားတာက ယူနစ်တစ်ခုကို ၄၈၀ အထိဆံ့တယ်။ အစည်းဝေးခန်းမနဲ့ အစည်းအဝေးတက်ရောက်မယ့်သူတွေ တည်းရမယ့်နေရာကလည်း နီးနီးနားနားရှိတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကို အဲ့ဒီမှာလုပ်ရင် အဆင်ပြေနိုင်မှာ ဖြစ်လို့ စဉ်းစားကြည့်တာပါ" ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ▲

## တနင်္ဂနွေ ဖတ်စရာများ

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်
မိုမိုကြီးရဲ့ နှုတ်ဆက်သံနဲ့အတူ နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်တဲ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် စာ ➤ ၁၅

ခရီးသွားဆောင်းပါး
ကလောမြို့ကို ရောက်ခဲ့တယ်. . . စာ ➤ ၁၆

ရှေးဟောင်းသုတေသန
အထက်မြန်မာပြည် မန်းနယ်မြေမှ မြန်မာပြည်ပထမတန်း ရှီးရာလက်ဝှေ့ကျော် ကျားသစ်ရဲအောင်နှင့် တွေ့ဆုံခြင်း စာ ➤ ၁၉

ကျန်းမာရေးဖတ်စရာ
ကေသာအလှ ဝေဖြာရစေမယ့် ဗီတာမင်ဓာတ်များ စာ ➤ ၁၈



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တန်ဖိုးနည်းမြေကွက် အဝယ်မမှားစေဖို့

မြို့ပြလူဦးရေထူထပ်လာသည်နှင့်အမျှ ရန်ကုန်နှင့် မန္တလေးကဲ့သို့သော မြို့ကြီးများတွင် မြို့ပြဆင်ခြေဖုံးကျေးရွာများနှင့် မြေလွတ်မြေရိုင်းများအတွင်း တရားဝင်မဟုတ်သော ဝင်ရောက်ကျူးကျော်နေထိုင်သူများ ပိုမိုများပြားလာလျက်ရှိပါသည်။ ဤသို့ တရားမဝင်မြို့ပြချဲ့ထွင်နေထိုင်မှုနှင့်အတူ တရားမဝင်မြေရောင်း မြေဝယ်များလည်း ပေါ်ပေါက်လျက်ရှိပါသည်။ တရားမဝင်ရောင်းဝယ်မှုများသည် မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်နိုင်သည့်အပြင် ဆုံးရှုံးမှုများလည်း ဖြစ်ပေါ်နိုင်ပါသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို အလေးထားသောအားဖြင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းကာ မြေငှားဂရန်များ ထုတ်ပေးလျက်ရှိပါသည်။ ယခုအခါ မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် မြို့နယ် ၂၈၃ မြို့နယ်ရှိ ကျေးရွာ ၂၈၃ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်အထိ စုစုပေါင်းမြေငှားဂရန် ၃၂၀၅၇ ကို ထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါသည်။ ဆက်လက်၍လည်း ကျေးလက်မြေငှားဂရန်များ ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဤသည်ကိုအခွင့်ကောင်းယူ၍ မြို့ပြနှင့်နီးသောဆင်ခြေဖုံးကျေးရွာများ၊ မြို့ပြစီမံကိန်းနယ်မြေများနှင့် မြေလွတ်မြေလတ်ပိုလျှံမြေများအတွင်း နေထိုင်သူများအကြား တရားမဝင် တန်ဖိုးနည်းမြေကွက်ရောင်းဝယ်မှုများ ပေါ်ပေါက်နေကြောင်း ကြားသိနေရပါသည်။ မြေခွန်ပြေစာအတုများနှင့် ပိုင်ဆိုင်မှုအထောက်အထားပြပြီး တရားမဝင်ရောင်းဝယ်မှုများ ပေါ်ပေါက်နေကြောင်း ကြားသိနေရပါသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့ကြီးကို မြို့ပြလူဦးရေထူထပ်လာသည်နှင့်အမျှ မြို့သစ်များချဲ့ထွင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ဤသည်ကို အခွင့်ကောင်းယူလျက် တရားမဝင် မြေရောင်းမြေဝယ်မှုများလည်း ပေါ်ပေါက်လျက်ရှိပါသည်။ ဂရန်ဟူသည်မှာ မြို့ပြဂရန်၊ ကျေးလက်ဂရန်၊ စိုက်ပျိုးရေးလုပ်ကိုင်ရန်မြေ၊ စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်ကိုင်ရန်မြေစသည်ဖြင့် ကွဲပြားလျက်ရှိပါသည်။ စိုက်ပျိုးလယ်ယာမြေများအား လူနေထိုင်ခွင့်မြို့ပြအဖြစ် အသုံးပြုခွင့်ရှိမည် မဟုတ်ပေ။ ဥပဒေအရ တားမြစ်ထားပါသည်။

သို့ဖြစ်၍ တန်ဖိုးနည်းမြေကွက်ဝယ်ယူရန်ကြိုးစားနေကြသူများအနေဖြင့် ရောင်းမှားဝယ်မှားမဖြစ်ရလေအောင် သတိပြုသင့်ပါသည်။ အကယ်၍ ဝယ်ယူမည်ဆိုလျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနစသော တရားဝင်ဌာနများနှင့်စုံစမ်း၍ ခိုင်မာသောအထောက်အထားရှိမှသာ ဆက်လက်ဆောင်ရွက်သင့်ပါသည်။ သို့မဟုတ်ချေက ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရဖွယ်ရှိပါသည်။ မလိုလားအပ်သောပြဿနာများ မပေါ်ပေါက်စေရန် သတိပြုဆောင်ရွက်သင့်ပါကြောင်း။ ။

# အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု သင်တန်းကျောင်း အုတ်မြစ်စီပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ကိုရီးယားသစ်တောဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့်လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း တည်ထောင်ခြင်း စီမံကိန်း၏ သင်တန်းကျောင်းတည်ဆောက်ရေးအတွက် အုတ်မြစ်စီပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သစ်တောဦးစီးဌာန သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးဌာန၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် သင်တန်းကျောင်း တည်ထောင်ခြင်း စီမံကိန်းကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်နိုင်ရေး အထောက်အပံ့များ ပေးလျက်ရှိသော ကိုရီးယားသစ်တောဌာန၊ AFoCo Secretariat နှင့် AFoCo အဖွဲ့ဝင်နိုင်ငံများအား ကျေးဇူးတင်ရှိကြောင်း၊ AFoCo အဖွဲ့ဝင်နိုင်ငံများအတွက် အကျိုးကျေးဇူးဖြစ်စေမည့် သင်တန်းကျောင်းတည်ထောင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ၎င်းတို့အနေဖြင့် အဆိုပါစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကိုရီးယား သစ်တောဌာနနှင့် AFoCo Secretariat တို့ဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကျောင်းကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရေတွင်းကုန်းကျေးရွာအနီး သစ်တောဦးစီးဌာန သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးဌာနအတွင်း တည်ဆောက်မည်ဖြစ်ပြီး ဆက်စပ်လေ့ကျင့်ရေးသစ်တောဧရိယာ ၂၇၅ ဟက်တာသည်လည်း သင်တန်းကျောင်းဧရိယာအတွင်း ပါဝင်မည်ဖြစ်သည်။ တည်ဆောက်မည့် သင်တန်းကျောင်းအဆောက်အအုံအား နောက်ဆုံးပေါ် နည်းပညာများဖြင့် သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိစေသည့် ဒီဇိုင်းရေးဆွဲဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကျောင်းတည်ဆောက်ပြီးနောက် အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများမှ သစ်တောကဏ္ဍနှင့် ဆက်စပ်နေသည့် ဝန်ထမ်းများ၊ ပြည်သူများနှင့် သစ်တောပညာရပ်နယ်ပယ်မှ ကျောင်းသား၊ ကျောင်းသူများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များက သင်တန်းပို့ချခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ၊ Korea Forest Service, International Affairs Bureau မှ ညွှန်ကြားရေးမှူးချုပ် Dr. Kim Yongkwan နှင့်ကိုယ်စားလှယ်များ၊ AFoCo Secretariat မှ Executive Director Dr. Hadi S. Pasaribu နှင့်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ ကိုရီးယားနိုင်ငံဆိုင်ရာသံရုံးမှ သံအမတ်ကြီး Mr. Lee Baek Soon နှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ ကိုရီးယားအသင်းမှ Mr. Lee Jung Woo နှင့်ကိုယ်စားလှယ်များ၊ မှော်ဘီမြို့နယ်မှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကွန်ကရစ်လမ်းပေါက်ကြီး ပြုပြင်ပေးစေလို

**ထင်သာမြင်သာ ပြုပြင်စရာ**

ကချင်ပြည်နယ် တနိုင်းမြို့နယ် နောင်းလွန်ကောင်ရာ ကျေးရွာလမ်းဆုံ ရေနုတ်မြောင်းပေါ်၌ ကွန်ကရစ်ဖုံးအုပ်ထားသည်။ ထိုကွန်ကရစ်တွင် တန်ချိန်ပိုကုန်တင်ယာဉ်ကြီးများ သွားလာမှုကြောင့် အပေါက်ကြီးဖြစ်ပေါ်နေသည်။ အများပြည်သူမြင်နိုင်စေရန် အပေါက်ကြီးကို သစ်သားချောင်းစိုက်ထူ၍ ပြသထားပြီး အဆိုပါလမ်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည်ဟု မှတ်တိုင်တွင် တွေ့ရှိရသည်။

အဆိုပါ ကွန်ကရစ်ပေါက်လမ်းကြီးရှိခြင်းကြောင့် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ ဆိုင်ကယ်၊ ယာဉ်ကြီးယာဉ်ငယ်များ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ဖြတ်သန်းသွားလာရာတွင် ထိခိုက်မှုအန္တရာယ်စိုးရိမ်နေကြရသဖြင့် သက်ဆိုင်ရာမှ ပြုပြင်ပေးစေလိုကြောင်း ဒေသခံပြည်သူများက မျှော်လင့်လျက်ရှိသည်။

**ဆီမီးခုံ-နန်းရီ**






# “Health Psychology: Stress and Illness” အကြောင်း ဟောပြောမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံစိတ်ပညာအသင်းက ကြီးမှူး၍ စိတ်ပညာပါမောက္ခ အငြိမ်းစားဆရာမကြီး ဒေါ်ခင်ခင်ဆွေက “Health Psychology: Stress and Illness”အကြောင်း Free Talk ကို ဒီဇင်ဘာ ၁၂ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အသင်းရုံးတည်ရှိရာ အမှတ်(၂၁) ၉ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ဟောပြောမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် | ၈၅၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၇၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄.၂၅ |
| ထိုင်း | တစ်ဘတ် | ၃၆.၂၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၈ |
| တရုတ် | တစ်ယွမ် | ၂၀၃.၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄၅ |

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily
စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

**✻ ကျောဖုံးမှ**

တဲ့အခါမှာ ပါဝင်သင့်ပါဝင်ထိုက်တာတွေ ပါစေချင်ပါတယ်။ အချိန်အကန့်အသတ်လည်းရှိတဲ့အတွက် ဘောင်အလွန်ကျယ်သွားမှာလည်း စိုးရိမ်ပါတယ်။ ဒီနိုင်ငံရေးဆွေးနွေးပွဲကြီးမှာ ပါသင့်တဲ့ဦးရေကအစ အချိုးကျလေးနဲ့ တိုင်းရင်းသားတွေလည်း ပါဝင်လာနိုင်အောင် ထည့်သွင်းစဉ်းစားပေးဖို့ပါပဲ။ ကျွန်တော်တို့က ဒီ Political Dialogue ကို အခြေခံကောင်းတွေနဲ့ စနိုင်အောင် လုပ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာလည်း NCA စာချုပ်ပေါ်မှာပဲ ရပ်တည်သွားမှာဖြစ်ပါတယ်"ဟု ယနေ့ကျင်းပသည့် ဒုတိယနေ့အစည်းအဝေးအဖွင့်တွင် ထည့်သွင်းပြောကြားသည်။

နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)ရေးဆွဲရေးကော်မတီ အစည်းအဝေး ဒုတိယနေ့တွင် ယခင်ပထမနေ့က သုံးပွင့်ဆိုင်ဆွေးနွေးရွေးချယ်ခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင်ပါရှိရမည့် အခန်း (၁၀)ခန်းကို အလွတ်သဘော ပြန်လည်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယင်းနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် ပါရှိရမည့်အခန်း (၁၀) ခန်းမှာ နိဒါန်း၊ ရည်ရွယ်ချက်၊ အခြေခံမူများ၊ နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်များ၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်စုဖွဲ့မှု၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်အကြောင်းအရာများ၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူဆုံးဖြတ်ချက်ချမှတ်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများကို စီမံခန့်ခွဲခြင်း၊ ပြည်ထောင်စု သဘောတူစာချုပ်ချုပ်ဆိုအတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များနှင့် အထွေထွေဟူ၍ အဆိုပါ အခန်း(၁၀) ခန်းကို အလွတ်သဘော ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကနေ့ကတော့ မနေ့ကထုတ်နုတ်ဆွေးနွေးခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်တွင် ပါရမယ့်အခြေခံအချက် ၁၀ ချက်အပေါ်မှာ ဆွေးနွေးကြတာပါ။ ဒီနေ့ဘာတွေကို အခြေခံပြီးတော့ ဆွေးနွေးကြလဲဆိုရင် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်မှာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံရှိပါတယ်။ အဲဒီမှာ ဦးရေဘယ်လောက်ပါသင့်သလဲ၊ ဥပမာငါးရာလား၊ တစ်ထောင်လား စသည်ဖြင့် ပါသင့်တဲ့အရေအတွက်ကို ဆွေးနွေးကြပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးရမယ့်အကြောင်းအရာတွေကိုလည်းဆွေးနွေးခဲ့တယ်။ နောက်တစ်ခုကတော့ ဆုံးဖြတ်ချက်ဘယ်လိုရယူမလဲ။ ဒါကတော့ နိုင်ငံရေးဆွေးနွေးပွဲမှာ အဓိကကျတဲ့အချက်ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီနိုင်ငံရေးဆွေးနွေးပွဲတစ်ခုလုံးကို စီမံခန့်ခွဲသွားမယ့်ပုံစံတွေနဲ့ ဒီဆွေးနွေးမှုလုပ်ငန်းစဉ်မှာက နိုင်ငံရေးအရသော်လည်းကောင်း၊ ဖြစ်ပေါ်နေတဲ့အနေအထားအရသော်လည်းကောင်း ပြောင်းလဲ၊ ပြင်လွယ်ဖြစ်နိုင်ဖို့နဲ့ NCA ကိုအခြေခံမယ်ဆိုတဲ့ သဘောထားတွေနဲ့ အခြေခံပြီးတော့ အလွတ်သဘော ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)မှ ဦးအောင်နိုင်ဦးက ဆွေးနွေးပွဲအပြီးတွင် ပြောကြားသည်။

တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့ကိုယ်စား မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)မှ ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းက ဆွေးနွေးညှိနှိုင်း၍ သဘောထားများ ရရှိလာပါက အစုအဖွဲ့တစ်ခုနှင့် မူကြမ်းရေးဆွဲနိုင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)ရေးဆွဲရေးကော်မတီ အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)ရေးဆွဲရေးကော်မတီ၏ ဒုတိယနေ့အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ပြောကြားစဉ်။

# အရှေ့တောင်အာရှနှင့်ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် အာဆီယံအသိုက်အဝန်းထူထောင်ရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ဂျပန်အစိုးရ၏စီစဉ်မှုဖြင့် အရှေ့တောင်အာရှနိုင်ငံများသို့ လူငယ်များလှည့်လည်လေ့လာသော (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်တွင် လိုက်ပါလာကြသည့် အာဆီယံနိုင်ငံများ၊ ဂျပန်နိုင်ငံမှ လူငယ်ခေါင်းဆောင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်အုပ်ချုပ်သူအရာရှိ Mr. Hideki UEMURA၊ အာဆီယံနိုင်ငံများနှင့်ဂျပန်နိုင်ငံတို့မှ နိုင်ငံကိုယ်စားပြုခေါင်းဆောင်များဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အရှေ့တောင်အာရှနှင့်ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် အုပ်ချုပ်သူအရာရှိ၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ လူငယ်ခေါင်းဆောင်များနှင့် တိုင်းဒေသကြီးဝန်ကြီးများ အပြန်အလှန် မိတ်ဆက်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **(ယာပုံ)** (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ၏ သင်္ဘောခရီးစဉ်အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆိုပါသင်္ဘောခရီးစဉ်သည် အရှေ့တောင်အာရှနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဖြန့်ကြက်ဆက်သွယ်မှုကို ပိုမိုအားကောင်းစေနိုင်ပြီး အပြန်အလှန်နားလည်မှုကို တိုးပွားစေပါကြောင်း၊ မြန်မာနိုင်ငံကိုယ်စားပြု လူငယ်ခေါင်းဆောင်များအနေဖြင့် (၂၅)ကြိမ်မြောက်ခရီးစဉ်မှ စတင်ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ မြန်မာလူငယ် ၅၀၀ ကျော်မှ (၂၈)ကြိမ်တိုင် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဤခရီးစဉ်သည် အာဆီယံ အသိုက်အဝန်း ထူထောင်ရေးအတွက် အထောက်အပံ့ ဖြစ်စေနိုင်မည်ဟု လည်းယုံကြည်ပါကြောင်း၊ ယခုလိုလာရောက်လေ့လာခြင်းဖြင့် မိမိတို့နိုင်ငံ၏အထိမ်းအမှတ် အထွတ်အမြတ်ဖြစ်သည့် ရွှေတိဂုံစေတီတော်၊ မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာလူမျိုးများ၏ ရင်းနှီးဖော်ရွေမှုတို့ကို လက်တွေ့သိရှိခံစားနိုင်မည် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံကိုယ်စားပြု ခေါင်းဆောင်များကို ယနေ့ခရီးစဉ် အတွေ့အကြုံများမှ စတင်၍ ငြိမ်းချမ်းသာယာဝပြောသည့် ကမ္ဘာကြီးကိုဖန်တီးနိုင်ရေး စိတ်ရောကိုယ်ပါ အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်လူငယ်သင်္ဘောခရီးစဉ်၏ အုပ်ချုပ်သူအရာရှိ Mr. Hideki UEMURA က ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးချုပ်၊ သင်္ဘောခရီးစဉ် အုပ်ချုပ်သူအရာရှိနှင့် နိုင်ငံ ၁၁ နိုင်ငံမှ နိုင်ငံကိုယ်စားပြုခေါင်းဆောင်များက အမှတ်တရဂုဏ်ပြုလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။ **(သတင်းစဉ်)**




# အာဆီယံနှင့် ဂျပန်လူငယ်များအား တစ်ညတာတည်းခိုမည့် မြန်မာအိမ်ရှင်မိသားစုများနှင့် ချိတ်ဆက်ပေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

(၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်သင်္ဘောခရီးစဉ်တွင် လိုက်ပါလာသူ အာဆီယံနှင့်ဂျပန် ၁၁ နိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသား လူငယ်မောင်မယ် ၃၃၀ တို့အား တစ်ညတာတည်းခိုနေထိုင်ရန် မြန်မာအိမ်ရှင် မိသားစုများနှင့် ချိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပသည်။ **(အောက်ပုံ)**



အစီအစဉ်အရ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ အေးအေးခိုင်က ခေတ္တတည်းခိုနေထိုင်ရန် လက်ခံကြမည့် မိသားစုဝင်များသိရှိနိုင်ရန် သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးသိမ်းကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အာဆီယံနှင့် ဂျပန်လူငယ်သင်္ဘောခရီးစဉ်တွင် လိုက်ပါလာကြသည့် လူငယ်များအား တည်းခိုနေထိုင်ရန်လက်ခံကြမည့် မြန်မာအိမ်ရှင်မိသားစုများနှင့် ချိတ်ဆက်ပေးသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့် အက်စ်တိုးနီးယားသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

အက်စ်တိုးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်သည် ၄င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် တာလင်မြို့၌ အက်စ်တိုးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုးမတ်စ် ဟန်ဒရစ် အေးလ်ဗက်စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ရွှေတိဂုံစေတီတော်၌ သွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရွှေတိဂုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ (၂၅)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၂ ရက် (စနေနေ့) နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်သည်။ သွေးလှူရှင်များ၊ အာဟာရဒါနအလှူရှင်များသည် ဂေါပကအဖွဲ့ရုံးနှင့် စေတီတော်ရင်ပြင် အလှူခံဌာနတို့၌ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

**ကိုချစ်**

# မီးနှင့်ကစားခြင်းမလုပ်ရန် ရုရှားကို တူရကီသတိပေး

**အစ္စတန်ဘူလ် နိုဝင်ဘာ ၂၈**

မော်စကိုက တူရကီသို့ ဗီဇာမဲ့ခရီးသွားခြင်းကို ဆိုင်းငံ့ထားမည်ဟုပြောဆိုလိုက်ချိန် တူရကီစီးပွားရေးလုပ်ငန်းရှင်များ ရုရှားတွင်ထိန်းသိမ်းခံရသည်ဟူသော သတင်းများထွက်ပေါ်လာခြင်းကို ကိုးကား၍ တူရကီဝန်ကြီးချုပ် တေရစ်အာဒိုဂန်က ရုရှားကို မီးနှင့်ကစားခြင်းမပြုလုပ်ရန် နိုဝင်ဘာ ၂၇ ရက်က သတိပေးပြောကြားလိုက်သည်။

တူရကီက နိုဝင်ဘာ ၂၄ ရက်က ဆီးရီးယားနယ်စပ်အနီး ရုရှား ဂျက်လေယာဉ်ကို ပစ်ချခဲ့ပြီးနောက် နှစ်နိုင်ငံကြားတင်းမာမှုများ မြင့်တက်နေချိန်တွင် ရုရှားကလက်တုံ့ပြန်သည့်အနေဖြင့် တူရကီ၏ စီးပွားရေးအပေါ် ခြိမ်းခြောက်မှုများပြုလုပ်လာသည်ဟု ဆိုသည်။ ငါးနှစ်နီးပါးကြာ ဆီးရီးယားပြည်တွင်းစစ်အတွင်း ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ကာကွယ် ရန် ရုရှားက လေကြောင်းတိုက်ခိုက်မှုဖြင့် ပါဝင်လာခြင်းသည် ဆီးရီးယားအရေးကို ပိုမိုရှုပ်ထွေးလာစေသည်ဟု နိုင်ငံတကာအသိုင်းအဝိုင်းက ဆိုသည်။

ပုံမှန်မဟုတ်သောဗီဇာဖြင့် ခရီးသွားလာသော တူရကီစီးပွားရေးလုပ်ငန်းရှင်အချို့ ရုရှား၌ ထိန်းသိမ်းခံရသည်ဟု သတင်းများထွက်လာခြင်းအပေါ် ဝန်ကြီးချုပ် မစ္စတာ အာဒိုဂန်က ဝေဖန်ရှုတ်ချလိုက်သည်။ "ရုရှားမှာရောက်နေတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေကို ဖမ်းဆီးထိန်းသိမ်းနေတာဟာ လွဲမှားတဲ့ပြုမူဆောင်ရွက်မှုဖြစ်ပြီး မီးနဲ့ကစားနေသလိုဖြစ်ပါတယ်"ဟု အာဒိုဂန်က ပြောသည်။ **(ရိုက်တာ)**






# မာလီမြောက်ပိုင်းရှိ ကုလသမဂ္ဂအခြေစိုက်စခန်းတိုက်ခိုက်ခံရ သုံးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရ

**ဘာမာကို နိုဝင်ဘာ ၂၈**

နိုဝင်ဘာ ၂၈ ရက်က မာလီနိုင်ငံမြောက်ပိုင်း ကီဒါလ်မြို့ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေး တပ်ဖွဲ့အခြေစိုက်စခန်းတစ်ခုကို အမည်မသိသေနတ်သမားများက လောင်ချာများဖြင့်ပစ်ခတ်ခဲ့ရာ အခြေစိုက်စခန်းရှိ လူသုံးဦးသေဆုံးခဲ့ကြောင်း၊ ယင်းမှာ မာလီနိုင်ငံအတွင်းရှိ အစ္စလာမ္မစ်တိုက်ခိုက်မှု ပိုမိုပြင်းထန်လာသည့် လက္ခဏာဖြစ်ကြောင်း ဆိုသည်။

မာလီနိုင်ငံတွင် ပြင်သစ်တပ်ဖွဲ့နှင့် အင်အား ၁၀၀၀၀ ခန့်ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များ နိုင်ငံတည်ငြိမ်ရေးအတွက် ကြိုးပမ်းနေစဉ် နိုဝင်ဘာ ၂၀ ရက်က မာလီမြို့တော်ရှိ ဟိုတယ်တစ်လုံးကို အစ္စလာမ္မစ်စစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာ လူ ၂၀ သေဆုံးသွားခဲ့သည်။

သေနတ်သမားများက ကုလသမဂ္ဂအခြေစိုက်စခန်းအား နံနက် ၄ နာရီတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ပစ်ခတ်မှုကြောင့် မိမိတို့တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရှိသူများအနက် လေးဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့မှ ဒုတိယအကြီးအကဲဖြစ်သူ အော်လီဗာ ဆာလ်ကာဒိုက ထုတ်ဖော်ပြောကြားသည်။ **(ရိုက်တာ)**

# နိုင်ဂျီးရီးယားတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၂၁ ဦးသေဆုံး

**အဘူဂျာ နိုဝင်ဘာ ၂၈**

နိုင်ဂျီးရီးယားမြောက်ပိုင်းရှိ စီတန်းသွားလာနေသောရှီးယိုက်မူဆလင်များကို ဦးတည်ပြီး အသေခံဗုံးဖောက်ခွဲမှုတစ်ခုပြုလုပ်ခဲ့ရာ အနည်းဆုံး လူ ၂၁ ဦးသေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါဗုံးပေါက်ကွဲမှုသည် ကနိုမြို့အနီး၌ နိုဝင်ဘာ၂၇ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဗုံးဖောက်ခွဲသူဟု ယူဆရသော လူတစ်ဦးကို ရဲများက ထိန်းသိမ်းခဲ့သည်။ ဘိုကိုဟာရမ်စစ်သွေးကြွများက ၎င်းကို ဗုံးဖောက်ခွဲတိုက်ခိုက်ရန် အမိန့်ပေးစေခိုင်းခြင်းဖြစ်ကြောင်း ဖမ်းဆီးထိန်းသိမ်းခံ သံသယရှိသူ တစ်ဦးကပြောခဲ့သည်။ ၎င်းနှင့်ဗုံးထောင်သူတစ်ဦး စုစုပေါင်းနှစ်ဦးတို့ကို လွန်ခဲ့သောနှစ်က ဘိုကိုဟာရမ်စစ်သွေးကြွများက ပြန်ပေးဆွဲခဲ့ပြီး စစ်ပညာသင်ကြားပေးခဲ့ကြောင်း ၎င်းကပြောသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် အိုင်အက်စ်စစ်သွေးကြွများကို သစ္စာခံရန် ကတိပြုထားသူများဖြစ်ပြီး ၎င်းတို့၏ပိုင်နက်ကို နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းအထိ တိုးချဲ့ရန် လုပ်ဆောင်နေကြသည်။ လွန်ခဲ့သောအပတ်က ၎င်းအဖွဲ့က ဆယ်ကျော်သက်လေးဦးကို အိမ်နီးချင်း ကင်မရွန်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ရန် အမိန့်ပေးခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# မာလီဟိုတယ်တိုက်ခိုက်မှုတွင် သံသယရှိသူနှစ်ဦးကို မာလီစုံစမ်းစစ်ဆေးရေး အေဂျင်စီက ဖော်ထုတ်နိုင်

**ဘာမာကို နိုဝင်ဘာ ၂၈**

မာလီမြို့တော် ဘာမာကို၌ ဟိုတယ်တစ်လုံးကို တိုက်ခိုက်ခဲ့သော သံသယရှိသူနှစ်ဦးကို ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း မာလီစုံစမ်းစစ်ဆေးရေး အေဂျင်စီက ပြောသည်။



သံသယရှိသူနှစ်ဦးမှာ ဆိုင်ဒိုဒီးကီလီနှင့် အဒမ်မိုင်ဂါတို့ဖြစ်ပြီး ၎င်းတို့ကို နိုဝင်ဘာ ၂၇ ရက်က ဘာမာကိုဆင်ခြေဖုံးတစ်နေရာတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း မာလီစုံစမ်းစစ်ဆေးရေးအေဂျင်စီ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

သို့သော်လည်း ဖြစ်ရပ်အသေးစိတ်ကိုမူ ဖော်ပြခြင်းမပြုသေးပေ။ သံသယရှိသူနှစ်ဦးကို စစ်မေးသောမေးခွန်းများက လူ ၂၂ ဦး သေဆုံးခဲ့သော မာလီဟိုတယ်တိုက်ခိုက်မှုကို ဘာကြောင့်ပြုလုပ်သလဲ ဆိုသည့် အဖြေကို ပေါ်ထွက်လာစေမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သော သောကြာနေ့က သေနတ်သမားများက ဘာမာကိုရှိ ရာဒစ်ဆန်ဟိုတယ်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ ဟိုတယ်တိုက်ခိုက်ခံရခြင်းသည် အယ်လ်မူရာဘီတွန်အကြမ်းဖက်အုပ်စုလက်ချက်ကြောင့်ဟု ဆိုသော်လည်း အာဏာပိုင်များက မည်သည့်ထုတ်ပြန်ပြောကြားချက်မှ မပြုလုပ်သေးပေ။ **(ဆင်ဟွာ)**

# အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်ရှိ ဆေးခန်းတစ်ခု၌ ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦးသေဆုံး




**ကော်လိုရာဒို နိုဝင်ဘာ ၂၈**

နိုဝင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီခွဲက အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်ရှိ ဆေးခန်းတစ်ခုကို သေနတ်သမားတစ်ဦးက တိုက်ခိုက်ခဲ့ရာ လူသုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

သေနတ်သမားက ဆေးခန်းကို အကာအကွယ်ယူ၍ ရဲများကို ခုခံပစ်ခတ်မှုများပြုလုပ်ခဲ့ပြီး ငါးနာရီကြာပြီးနောက် ဆေးခန်းထဲမှထွက်လာကာ အဖမ်းခံခဲ့သည်။

ပစ်ခတ်မှုတွင် ရဲအရာရှိတစ်ဦးနှင့် အခြားလူနှစ်ဦး သေဆုံးခဲ့ပြီး အရာရှိငါးဦးအပါအဝင် လူကိုးဦး ဒဏ်ရာရရှိခဲ့ကြသည်။ သေနတ်သမားသည် ဘာကြောင့် ဆေးခန်းထဲသို့ သေနတ်များ ယူဆောင်သွားသလဲဆိုသည်ကို ရဲများက အဖြေရှာနေကြောင်း သိရသည်။

ယင်းကိစ္စအပေါ် လူထုအမြင်မှာ ကွဲပြားလျက်ရှိပြီး အခင်းဖြစ်ဆေးခန်းသည် ကလေးဖျက်ချခြင်းနှင့် မိသားစုကျန်းမာရေးအစီအစဉ်များကို လက်ခံဆောင်ရွက်ပေးသော ဆေးခန်းဖြစ်သည်။

လေ့လာစုံစမ်းသူများက သံသယဖြစ်ဖွယ် လှုပ်ရှားမှုမှန်သမျှကို လေ့လာမှုများပြုလုပ်နေကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# ဆက်ဆံရေးအလွန်တင်းမာနေသည့် ရုရှားနှင့်တူရကီနိုင်ငံ



လက်ရှိတင်းမာမှုများကြောင့် ဘုံရန်သူအိုင်အက်စ်အကြမ်းဖက်သမားများကို ဝိုင်းဝန်းတိုက်ခိုက်ရာတွင် ဆီးရီးယားဝေဟင်၌ ရုရှားလေယာဉ်များနှင့် အမေရိကန်ညွန့်ပေါင်းအဖွဲ့ လေယာဉ်များကြား ထိပ်တိုက်တွေ့နိုင်မှုကို စိုးရိမ်လျက်ရှိပြီး ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ထိခိုက်လာနိုင်မှုအပေါ် အထူးစိုးရိမ်မှုများမြင့်တက်လျက်ရှိ

ထွန်းတောက်

## ကြိုတင်ကြံစည်မှုလား

နိုဝင်ဘာ ၂၄ ရက်က တူရကီ-ဆီးရီးယားနယ်စပ်တွင် တူရကီတိုက်လေယာဉ်က ရုရှားဗုံးကြဲလေယာဉ် SU -24 ကို ဝေဟင်ပိုင်နက်ကျူးကျော်လာမှုကြောင့် ပစ်ချလိုက်သည့်အတွက် တူရကီ-ရုရှား ဆက်ဆံရေးမှာ အလွန်တင်းမာလာသည်။

ပစ်ချခံရသော ဗုံးကြဲလေယာဉ်မှ လေယာဉ်မှူးနှစ်ဦးမှာ လေထီးဖြင့်ခုန်ထွက်လာနိုင်ခဲ့သော်လည်း လေယာဉ်မှူးတစ်ဦးမှာ သူပုန်များ၏ ပစ်သတ်ခံခဲ့ရပြီး ကျန်တစ်ဦးကို ရုရှားနှင့်ဆီးရီးယား အထူးတပ်ဖွဲ့များက ရဟတ်ယာဉ်နှစ်စင်းဖြင့် သွားရောက်ကယ်တင်ခဲ့ရသည်။ ယင်းကယ်တင်မှုတွင် သူပုန်များပစ်ခတ်သည့် မော်တာကျည်ထိမှန်၍ ရဟတ်ယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရပြီး ရုရှားအထူးတပ်ဖွဲ့ဝင်တစ်ဦးလည်း သေဆုံးခဲ့သည်ဟု ရုရှားအာဏာပိုင်များက သတင်းထုတ်ပြန်သည်။

လာတာကီးရားမြို့ မေမင်အခြေစိုက်စခန်းတွင် ဖြန့်ကြက်ထားသည့် ရုရှားရေဒါစနစ်အရဆိုလျှင် SU-24 ဗုံးကြဲလေယာဉ်သည် ဆီးရီးယားပိုင်နက်ထဲတွင် ပစ်ချခံခဲ့ရခြင်းဖြစ်သည်ဟု ရုရှားအာဏာပိုင်များက အခိုင်အမာပြောဆိုသည်။

တူရကီတိုက်လေယာဉ်မှူးသည် ရုရှားဗုံးကြဲလေယာဉ်အား ငါးမိနစ်အတွင်း ၁၀ ကြိမ်မျှ သတိပေးခဲ့သော်လည်း လိုက်နာခြင်းမရှိ၍ ပစ်ချခဲ့ရခြင်းဖြစ်ကြောင်း တူရကီအာဏာပိုင်များက ပြောဆိုသည်။

သမ္မတပူတင်က တူရကီတို့၏ လုပ်ရပ်မှာ ကြိုတင်ကြံစည်၍ ရုရှား၏နောက်ကျောကို ဓားနှင့်ထိုးသော လုပ်ရပ်ဖြစ်ကြောင်း၊ တူရကီတို့သည် ဖြစ်ပေါ်လာသော အကျိုးဆက်များကို တွေ့ကြုံရမည်ဖြစ်ကြောင်း ပြင်းထန်စွာ ရှုတ်ချပြောဆိုခဲ့သည်။

တူရကီသမ္မတတေရစ်အာဒိုဂန်က ရုရှားလေယာဉ်များသည် တူရကီပိုင်နက်ကို မကြာခဏ ကျူးကျော်နေခဲ့ကြောင်း၊ ထိုသို့ ကျူးကျော်နေမှုကို လျစ်လျူရှုနေခဲ့လျှင် တူရကီ၏ အချုပ်အခြာအာဏာကို မည်သူကမျှ လေးစားတော့မည်မဟုတ်ကြောင်း၊ အိမ်နီးချင်းမိတ်ဆွေ ရုရှားနိုင်ငံနှင့် ပဋိပက္ခထပ်မံဖြစ်ပွားစေရန် ရည်ရွယ်ချက်မရှိပါကြောင်းဖြင့် ပြောဆိုကာ တင်းမာမှုကို လျှော့ချရန် ကြိုးပမ်းနေသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်သည် ၎င်း၏တူရကီသို့သွားရောက်ရန် ခရီးစဉ်ကို ဖျက်သိမ်း လိုက်သည်။ ရုရှားသည် တူရကီနှင့် စစ်ဖြစ်ရန် အစီအစဉ်မရှိကြောင်း၊ တူရကီပြည်သူများအပေါ်တွင် စိတ်သဘောထား မပြောင်းလဲကြောင်း၊ သို့သော် တူရကီ-ရုရှားဆက်ဆံရေးကို အလေးအနက် သုံးသပ်ရမည်ဖြစ်ကြောင်း မစ္စတာ လက်ဗရော့ဗ်က ဝေဖန်ပြောဆိုသည်။

တူရကီအစိုးရ၏ တောင်းဆိုမှုကြောင့် နေတိုးအဖွဲ့ဝင် ၂၈ နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်အစည်းအဝေးကျင်းပပြီးနောက် နေတိုးအဖွဲ့က တူရကီ၏ အချုပ်အခြာအာဏာကို ကာကွယ်ပေးမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

တူရကီအစိုးရ၏ လုပ်ရပ်သည် ဆိုင်းနိုင်းကျွန်းဆွယ်၌ လူ ၂၂၄ ဦးသေဆုံးခဲ့သည့် ရုရှားခရီးသည်လေယာဉ်ကို ဗုံးခွဲခဲ့သည့် အိုင်အက်စ်တို့လုပ်ရပ်နှင့် တူညီနေကြောင်း ရုရှားအာဏာပိုင်များက ပြစ်တင်ပြောဆိုခဲ့သည်။

ရုရှားဗုံးကြဲလေယာဉ် ပစ်ချခံရမှုကြောင့် ဆီးရီးယား ပဋိပက္ခတွင် အဓိကပြိုင်ဘက်များဖြစ်သည့် ရုရှားနှင့်တူရကီနိုင်ငံကြား ဆက်ဆံရေးမှာ ဆိုးရွားလာနေပြီး ပိုမိုကျယ်ပြန့်သော ပထဝီနိုင်ငံရေးပဋိပက္ခအသွင်သို့ သက်ဆင်းသွားမည်ကို စိုးရိမ်မှုများမြင့်တက်လာနေသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က တူရကီတို့၏လုပ်ရပ်ကြောင့် ဆီးရီးယားပဋိပက္ခကို နိုင်ငံရေးနည်းလမ်းဖြင့်အဖြေရှာရန် ကြိုးပမ်းနေသော ငြိမ်းချမ်းရေးဆွေးနွေးပွဲအား ထိခိုက်စေနိုင်သည်ဟု ဝေဖန်ပြောဆိုကြသည်။

အမေရိကန်သမ္မတအိုဘားမားက တူရကီအချုပ်အခြာအာဏာပိုင်ခွင့်အပေါ် ထောက်ခံကြောင်း၊ သို့သော် တူရကီနှင့်ရုရှားတို့စိတ်ချုပ်တည်း၍ ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်အရေးကြီးကြောင်း တိုက်တွန်းပြောဆိုသည်။

နေတိုးအဖွဲ့အကြီးအကဲ ယန်းစတော်တင်ဘာ့ဂ်က ရုရှားနှင့်တူရကီနိုင်ငံတို့ နှစ်ဦးနှစ်ဖက်လုံး တည်ငြိမ်အေးချမ်းစွာ ဖြေရှင်းကြရန်နှင့် ဒေသတွင်း မတည်ငြိမ်မှုကို ဖြစ်စေနိုင်သည့် အခြေအနေများကို ရှောင်ရှားကြရန် အလေးထားပြောဆိုခဲ့သည်။

လက်ရှိတင်းမာမှုများကြောင့် ဘုံရန်သူအိုင်အက်စ် အကြမ်းဖက်သမားများကို ဝိုင်းဝန်းတိုက်ခိုက်ရာတွင် ဆီးရီးယား ဝေဟင်၌ ရုရှားလေယာဉ်များနှင့် အမေရိကန်ညွန့်ပေါင်းအဖွဲ့လေယာဉ်များကြား ထိပ်တိုက်တွေ့နိုင်မှုကို စိုးရိမ်လျက်ရှိပြီး ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ထိခိုက်လာနိုင်မှုအပေါ် အထူးစိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။

## S-400 ဒုံးကျည်ကာကွယ်ရေးစနစ်

ရုရှားဗုံးကြဲလေယာဉ်ပစ်ချခံခဲ့ရပြီးနောက်တွင် သမ္မတပူတင်သည် ကမ္ဘာပေါ်တွင် နည်းပညာအဆင့်အမြင့်ဆုံးဟုသတ်မှတ်ထားသည့် ရုရှား S-400 ဒုံးကျည်ကာကွယ်ရေးစနစ်များကို လာတာကီးရားမြို့ရှိ မေမင်လေတပ်အခြေစိုက်စခန်းတွင် ဖြန့်ကြက်ချထားရန် ပေးပို့လိုက်ပြီဖြစ်သည်။

S-300 ဒုံးကျည်ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ထားသည့် S-400 ဒုံးခွင်းဒုံးများသည် မိုင် ၃၀၀ အကွာအဝေးရှိ အမြင့်ပေသုံးသောင်းတွင်ပျံသန်းနေသည့်လေယာဉ် သို့မဟုတ် ဒုံးပျံများကိုမလွတ်တမ်း ပစ်ခွင်းနိုင်စွမ်းရှိသည်။

ထို့ပြင် ရုရှားစစ်သင်္ဘော NOSKVA ကို လာတာကီးရားဆိပ်ကမ်းတွင် အသင့်ချထားလိုက်ပြီဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုဂူက နိုဝင်ဘာ ၂၅ ရက်က ပြောကြားသည်။

ထို့ပြင် ဆီးရီးယားတွင် စစ်ဆင်ရေးများဆောင်ရွက်နေသည့် ရုရှားတို့၏ မဟာဗျူဟာဗုံးကြဲလေယာဉ်ကြီးများကိုလည်း နောက်နောင်တွင် တိုက်လေယာဉ်များဖြင့် ခြံရံစောင့်ကြပ်ပေးမည်ဟု ရုရှားကာကွယ်ရေးဦးစီးချုပ် ဗယ်လာရီဂါဆီမော့ဗ်က ပြောဆိုသည်။ ဆီးရီးယားတွင် စစ်ဆင်ရေးများဆင်နွှဲနေသည့် မဟာဗျူဟာဗုံးကြဲလေယာဉ်များမှာ TU-22M3၊ TU-95 MS၊ TU-160 နှင့် SU-24 တို့ဖြစ်သည်။

ဆီးရီးယား၌ S-400 ဒုံးကျည်စနစ်များကို ဖြန့်ကြက်မှုသည် တူရကီအနေနှင့် ရုရှားလေယာဉ်များကို ထပ်မံပစ်ချမှုမပြုလုပ်ရန် အင်အားပြ၍ သွယ်ဝိုက်သတိပေးလိုက်ခြင်းဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူများကဆိုသည်။

ရုရှားသမ္မတရုံးပြောခွင့်ရပုဂ္ဂိုလ် ဒီမီထရီပက်ရှကော့ဗ်က ဆီးရီးယားသူပုန်များနှင့် အိုင်အက်စ်အစွန်းရောက်များသည် တူရကီနယ်စပ်အနီးတွင် ခိုအောင်းနေတတ်သည့်အတွက် နယ်စပ်အနီးတွင် ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ရခြင်းဖြစ်ကြောင်း၊ စစ်ဆွေးကြွမှုများကိုဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာ ၂၆ ရက်က ဆီးရီးယား၊ တူရကီနယ်စပ်ရှိ အိုင်အက်စ်အဖွဲ့ ရေနံမှောင်ခိုဈေးကွက်များရှိသည့် အဝင်အထွက် ဂိတ်စခန်းများကို ရုရှားတို့ကထပ်မံ၍ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

တူရကီ-ဆီးရီးယား နယ်စပ်တစ်လျှောက် Tur - kmems ဟုခေါ်သည့် တူရကီနွယ်ဖွား ဆီးရီးယားနိုင်ငံသားများနေထိုင်သည့်ဒေသကို ရုရှားတို့ဗုံးကြဲတိုက်ခိုက်နေမှုအပေါ် တူရကီခေါင်းဆောင်များက ဒေါသထွက်နေသည်။

ထို့ပြင် အာဏာရှင်အာဆတ်ကို ရုရှားတို့က အကာအကွယ်ပေးနေမှုကို တူရကီအစိုးရက လုံးဝမကျေနပ်ပေ။ အာဆတ်ကို ဖယ်ရှားနိုင်မှသာလျှင် ဆီးရီးယား ငြိမ်းချမ်းရေးအဖြေရှာနိုင်မည်ဟု တူရကီခေါင်းဆောင်များက ယုံကြည်ထားသည်။

တူရကီတွင်ခိုလှုံနေကြသော ဆီးရီးယားစစ်ပြေးဒုက္ခသည် သန်းချီရှိနေပြီး ၎င်းတို့သည် တူရကီအတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေသည်။ အာဏာရှင်အာဆတ်ကိုဖယ်ရှားနိုင်မှသာ ခိုင်မာသောဆီးရီးယားငြိမ်းချမ်းရေးတည်ဆောက်နိုင်မည်ဟု တူရကီခေါင်းဆောင်များက ယုံကြည်ထားသည်။

## ရုရှားဝန်ကြီးချုပ် မက်ဗီဒက်

ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်က တူရကီအာဏာပိုင်များသည် အိုင်အက်စ်များထံမှရေနံများကို မှောင်ခိုဈေးဖြင့် ဝယ်ယူကာ အမြတ်အစွန်းများရရှိနေသည်ဟု ပြင်းထန်စွာ ဝေဖန်စွပ်စွဲပြောဆိုခဲ့သည်။ အိုင်အက်စ်တို့သည် တူရကီပိုင်နယ်မြေများကိုအသုံးပြုခွင့်ရနေသည်ဟု ၎င်းကဝေဖန်ပြောဆိုသည်။

တူရကီအာဏာပိုင်များက ယင်းစွပ်စွဲချက်ကို ငြင်းဆိုပြီး နယ်စပ်လောင်စာဆီမှောင်ခိုဈေးကွက်ကို တူရကီအာဏာပိုင်များက အကောင်းဆုံးထိန်းချုပ်ဟန့်တားနေသည်ဟု တုံ့ပြန်ပြောဆိုသည်။

ဝန်ကြီးချုပ်မက်ဗီဒက်က ရုရှားနှင့်တူရကီကြား စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအကျိုးတူစီမံကိန်းများကို ပယ်ဖျက် ရန်စဉ်းစားမည်ဖြစ်ကြောင်း၊ ရုရှားဈေးကွက်တွင် တူရကီကုမ္ပဏီများ၏ ပါဝင်ဆောင်ရွက်မှုကိုလည်း လျှော့ချမည်ဖြစ်ကြောင်း ပြောကြားသည်။

ရုရှားသည် ပဲ၊ ပြောင်းစသည့်ကောက်ပဲသီးနှံများနှင့် လောင်စာဆီများကို တူရကီသို့အဓိကတင်ပို့ရောင်းချသည့် နိုင်ငံဖြစ်သည်။ ဂျာမနီပြီးလျှင် ရုရှားနိုင်ငံမှ ဒုတိယအများဆုံး ကမ္ဘာလှည့်ခရီးသွားများသည် တူရကီ မြေထဲပင်လယ်ဆိပ်ကမ်းများသို့ သွားရောက်အပန်းဖြေလေ့ရှိသည်။ ယခုအချိန်၌ ရုရှားအာဏာပိုင်များသည် တူရကီသို့ ခရီးသွားရန်စီစဉ်နေသည့် ရုရှားပြည်သူများကို သတိပေးပြောကြားလိုက်ပြီဖြစ်သည်။



# ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ စီးပွားရေးတိုးတက်မှုနှုန်းမြင့်မားလေ့ရှိတဲ့အတွက် ငွေကြေးဖောင်းပွမှုတွေ မြင့်တက်လာ

## “ငွေဈေးအတက်အကျ Smooth ဖြစ်စေဖို့ကိုတော့ နိုင်ငံခြားသုံးငွေ လေလံမှတစ်ဆင့် ဈေးကွက်အတွင်းကို နေ့စဉ် ဒေါ်လာသန်းနဲ့ချီပြီး ရောင်းပေးနေပါတယ်”

**ဦးဆက်အောင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုအခြေအနေများကြောင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာမှုနှင့်အတူ ငွေကြေးဖောင်းပွမှုလျှော့ချနိုင်ရန် လုပ်ဆောင်နေခြင်းတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် မြန်မာ့သတင်းစဉ်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည် -**

**မေး ။ အခုတလော မီဒီယာတချို့မှာပါလာတဲ့ သတင်းတွေနဲ့ပတ်သက်လို့ နားလည်မှုအမျိုးမျိုးဖြစ်နေခဲ့ပါတယ်။ စီးပွားရေးတိုးတက်နေလို့ ငွေကြေးဖောင်းပွမှု ဖြစ်လာတယ်ဆိုတဲ့ ကိစ္စလေးကို ရှင်းပြစေချင်ပါတယ်။**

ဖြေ ။ ငွေကြေးဖောင်းပွမှုဖြစ်နိုင်တဲ့ အကြောင်းအမျိုးမျိုးရှိပါတယ်။ ငွေကြေးဖောင်းပွမှုဖြစ်ရခြင်း အကြောင်းအမျိုးမျိုးအနက်က စီးပွားရေးတိုးတက်မှုနှုန်း (GDP Growth Rate) မြင့်တက်ခြင်းက ငွေကြေးဖောင်းပွမှု ဖြစ်လာစေနိုင်တဲ့ အချက်တစ်ခုဖြစ်တယ်လို့ ပြောခဲ့တာပါ။ ဒါကို အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ နိုင်ငံတကာပညာရှင်တွေကလည်းပြောခဲ့ပါတယ်။

GDP Growth Rate အလွန်မြင့်တက်လာရင် စီးပွားရေးတိုးတက်မှု အပူချိန်ပြင်းထန်မှု (Economic Overheating) ဖြစ်ပြီး ငွေကြေးဖောင်းပွမှု ပိုဖြစ်စေနိုင်ပါတယ်။ တိုးတက်ပြီးနိုင်ငံတွေမှာ စီးပွားရေးတိုးတက်မှုနှုန်းမြင့်တက်မှု နည်းသွားပါတယ်။ တချို့ တိုးတက်ပြီးနိုင်ငံတွေဖြစ်တဲ့ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အီးယူဒေသများမှာ ငွေကြေးဖောင်းပွမှု အလွန်နည်းတဲ့အတွက် ငွေကြေးနဲ့ ဘဏ္ဍာရေးမူဝါဒတွေသုံးပြီး ငွေကြေးဖောင်းပွမှုကို အနည်းဆုံး ၂ ရာခိုင်နှုန်းလောက်ရောက်အောင် ကြိုးစားနေကြရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ စီးပွားရေးတိုးတက်မှုနှုန်းမြင့်မားလေ့ရှိတဲ့အတွက် ငွေကြေးဖောင်းပွမှုတွေ မြင့်တက်လာပါတယ်။ အဲဒါကြောင့် တိုးတက်ပြီးနိုင်ငံအများစုမှာ ငွေကြေးဖောင်းပွမှု မြင့်တက်စေဖို့ ကြိုးစားကြရပြီး တိုးတက်ဆဲနိုင်ငံအများစုမှာ ငွေကြေးဖောင်းပွမှုကို လျှော့ချဖို့ ကြိုးစားကြရပါတယ်။

ငွေကြေးဖောင်းပွမှု မြင့်တက်စေနိုင်တဲ့ အချက်တွေအများကြီးထဲမှာ ဘဏ်ကြွေးနှုန်း (Credit Growth) မြင့်တက်မှု၊ ဘတ်ဂျက်လိုငွေပြမှု၊ ဘတ်ဂျက်လိုငွေဖြည့်ဆည်းမှု စတဲ့အချက်တွေအများကြီးရှိပါတယ်။ ဥပမာ- မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ဖို့အတွက် ငွေအရင်းအနှီးလိုအပ်ပါတယ်။ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးမှု မရှိသေးတဲ့အချိန်မှာ ငွေအရင်းအနှီးကို ရနိုင်တဲ့နည်းက ဘဏ်ချေးငွေဖြစ်ပါတယ်။

ဘဏ်ချေးငွေ လွယ်လွယ်နဲ့ များများရနိုင်ရင် စီးပွားရေးလုပ်ငန်းတွေ ပိုမိုအဆင်ပြေတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဘဏ်ချေးငွေနှုန်း မြင့်တက်လာတာက ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်စေတဲ့ အချက်တစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်မှုက ဆန့်ကျင်ဘက် ဖြစ်လာတတ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြန်ဆန်စွာမြင့်တက်လာခြင်းက တည်ငြိမ်မှုကို ထိခိုက်လာတတ်တာကြောင့် အဲဒီနှစ်ခုကို ဟန်ချက်ညီအောင် ထိန်းနိုင်ဖို့လိုပါတယ်။

ဘတ်ဂျက်လိုငွေက တိုးတက်ပြီးနိုင်ငံတွေမှာ ပိုများပါတယ်။ အမေရိကန်နိုင်ငံမှာ ၂၀၀၉ ခုနှစ်က ဘတ်ဂျက်လိုငွေ ဒေါ်လာ ၁၄၀၀ ဘီလီယံကျော် (GDP ရဲ့ ၉ ဒသမ ၈ ရာခိုင်နှုန်း) ရှိခဲ့ပြီး အဲဒီလိုငွေကို အထူးလျှော့ချလာပေမယ့် ၂၀၁၅ ခုနှစ်မှာ ဒေါ်လာ ၅၈၀ ဘီလီယံကျော် (GDP ရဲ့ ၃ ဒသမ ၂ ရာခိုင်နှုန်း) ရှိနေပါသေးတယ်။ ဂျပန်နိုင်ငံရဲ့ ဘတ်ဂျက်လိုငွေက GDP ရဲ့ ၁၀ ရာခိုင်နှုန်းဝန်းကျင်မှာရှိနေပြီး ၂၀၁၅ မှာ ဒေါ်လာ ဘီလီယံ ၈၀၀ ကျော်ရှိလာပါတယ်။



ဦးဆက်အောင်

ပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေများပြီး ဘတ်ဂျက်လိုငွေရှိလာတတ်ပါတယ်။ ဒါပေမယ့် အကျိုးရှိစေမယ့် ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်ဖို့လိုပါတယ်။ စီးပွားရေးတွက်ခြေကိုက်မယ့် စီမံကိန်းလုပ်ငန်းတွေကို Private Public Partnership (PPP) ပုံစံနဲ့ အကောင်အထည်ဖော်ဆောင်မှုတွေ လုပ်ရပါမယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း PPP စနစ်ကို ပွင့်လင်းမြင်သာစွာနဲ့ ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ PPP မူဘောင်တွေရှိဖို့လိုပြီး ဖိလစ်ပိုင်နိုင်ငံမှာလို PPP စင်တာမျိုး ဖွဲ့စည်းတည်ထောင်ဖို့လည်း လိုအပ်ပါတယ်။

ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းနိုင်ဖို့ အတွက် ကောင်းမွန်တဲ့ ငွေကြေးဈေးကွက်ရှိဖို့ လိုအပ်ပါတယ်။ အခက်အခဲက အဲဒီကစတာပါ။ ငွေကြေးနဲ့ ပတ်သက်တဲ့ ဈေးကွက်ကို တည်ဆောက်ဖို့ အဆင့်တစ်ခုပြီးတစ်ခု ကျော်ဖြတ်ဖို့လိုပြီး အဆင့်ကျော်လို့ မရနိုင်ပါဘူး။ ပထမဦးဆုံး T - bills တွေကို အီလက်ထရွန်နစ်ပုံစံ (Scripless ပုံစံ) ပြောင်းပြီးပါပြီ။ ပြီးတော့ T-bills လေလံကို စတင်ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလေလံမှာ T-bonds တွေပါ ပါဝင်လာနိုင်ဖို့ လက်ရှိ T-bonds တွေကို မကြာခင်အချိန်အတွင်းမှာ အီလက်ထရွန်နစ်ပုံစံပြောင်းဖို့ စီစဉ်ထားပါတယ်။ အဲဒီ T-bills/ T-bonds လေလံအောင်မြင်မှသာ သက်တမ်းအမျိုးမျိုးအတွက် ဈေးကွက်ကသတ်မှတ်တဲ့ အတိုးနှုန်း ( Yields at Different Maturities) တွေကိုရရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့မှာ Yield Curve ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ Yield Curve ရရှိမှသာ Swap/ Forward ဈေးကွက်ကို တည်ထောင်နိုင်မှာဖြစ်ပါတယ်။

အဲဒီ T-bills/ T-bonds လေလံအောင်မြင်လာတဲ့အချိန်မှာ ငွေကြေးဖောင်းပွမှုကို တိုက်ရိုက်ဖြစ်ပေါ်စေခြင်းမရှိတဲ့ ဘတ်ဂျက်လိုငွေဖြည့်ဆည်းမှုကို ရရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီလေလံကို နိုင်ငံခြားဘဏ်တွေ ဝင်လာနိုင်ရင်တော့ အချိန်တိုအတွင်း ပိုမိုအောင်မြင်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် နိုင်ငံခြားဘဏ်တွေဝင်လာနိုင်ဖို့ Currency Swap ဈေးကွက်အရင်ရှိဖို့လိုပါတယ်။ Currency Swap ဈေးကွက်ဆိုတာက နိုင်ငံခြားငွေကို Spot ဈေးကွက်မှာ မြန်မာကျပ်ငွေနဲ့လဲပြီး အနာဂတ်မှာ သတ်မှတ်ဈေးနှုန်းနဲ့ နိုင်ငံခြားငွေကို ပြန်လည်ဝယ်ယူနိုင်မယ့် ဈေးကွက်ပဲဖြစ်ပါတယ်။

အဲဒီတော့မှသာ နိုင်ငံခြားဘဏ်တွေက ၎င်းတို့ရဲ့ နိုင်ငံခြားငွေများကို မြန်မာကျပ်ငွေနဲ့လဲပြီး T-bills/ T-bonds လေလံမှာဝင်ရောက်နိုင်မှာ ဖြစ်ပါတယ်။ T-bills/ T-bonds လေလံကတစ်ဆင့် ဘတ်ဂျက်လိုငွေကို အပြည့်အဝဖြည့်ဆည်းပေးနိုင်တဲ့အချက်ဟာ ငွေကြေးဖောင်းပွမှုလျှော့ချရေးအတွက် အများကြီးအထောက်အကူဖြစ်သွားနိုင်မှာ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ Repo (Repurchase) ဈေးကွက်ကို တည်ထောင်နိုင်ဖို့လိုပါတယ်။ ဘဏ်အချင်းချင်း အသုံးပြုတဲ့ ဈေးကွက် (Interbank Money Market) ဖွံ့ဖြိုးဖို့ရော ငွေကြေးမူဝါဒအတွက်ပါ Repo ဈေးကွက်က အသုံးဝင်ပါတယ်။ Repo ဈေးကွက်အောင်မြင်လာရင်တော့ ငွေကြေးမူဝါဒကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ငွေကြေးဖောင်းပွမှုကို ငွေကြေးမူဝါဒ (Monetary Policy) ဘက်ခြမ်းက ထိရောက်အောင် လျှော့ချပေးနိုင်ပါလိမ့်မယ်။

**မေး ။ ငွေလဲလှယ်နှုန်း မြင့်တက်လာတဲ့အပေါ်မှာ ဘယ်လို ထင်မြင်ချက်ရှိပါသလဲ။**

ဖြေ ။ ငွေလဲနှုန်းမြင့်တက်တာဟာ သာမန်အပေါ်ယံအနေနဲ့ပြောရရင် ဒေါ်လာဝယ်လိုအားနဲ့ ရောင်းလိုအားပေါ်မူတည်ပါတယ်။ အဲဒီဒေါ်လာဝယ်လိုအားနဲ့ ရောင်းလိုအားဟာ ဈေးကွက်ထဲမှာရှိတဲ့ မြန်မာကျပ်ငွေ Liquidityပေါ်မူတည်ပါတယ်။ မြန်မာကျပ်ငွေ Liquidityများရင် ငွေကြေးဖောင်းပွမှု ရှိလာနိုင်ပြီး မြန်မာကျပ်ငွေရောင်းလိုအား (Kyat Supply) သို့မဟုတ် ဒေါ်လာဝယ်လိုအား (DollarDemand)ကို တက်လာစေပါတယ်။ Inflation Adjust လုပ်ထားတဲ့ RealEffective Exchange Rate ကအတက်အကျတည်ငြိမ်မှုရှိပြီး Nominal Exchange Rate လို့ခေါ်တဲ့အားလုံးသိတဲ့ငွေလဲနှုန်းဟာ ကျဆင်းနေတဲ့အတွက် ငွေကြေးဖောင်းပွမှု မြင့်မားခြင်းက မြန်မာကျပ်ငွေကျဆင်းမှုရဲ့ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေတယ်ဆိုတာ သိနိုင်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ နိုင်ငံတကာပညာရှင်တွေကလည်း ဒီအတိုင်းပဲ သုံးသပ်ကြပါတယ်။ အဲဒါကြောင့်မို့လို့ ငွေကြေးဖောင်းပွမှု မြင့်တက်တာကို အဓိကထိန်းရမှာ ဖြစ်ရပါတယ်။ ငွေဈေးအတက်အကျ Smooth ဖြစ်စေဖို့ကိုတော့ နိုင်ငံခြားသုံးငွေ လေလံကတစ်ဆင့် ဈေးကွက်အတွင်းကို နေ့စဉ် ဒေါ်လာသန်းနဲ့ချီပြီး ရောင်းပေးနေပါတယ်။

အခြားနိုင်ငံတွေမှာ ဘဏ်တစ်ခုနဲ့တစ်ခု တိုက်ရိုက်ရောင်းဝယ်တဲ့ Multilateral FX Interbank ဈေးကွက်က ဖွံ့ဖြိုးပြီးဖြစ်တဲ့အတွက် ရည်ညွှန်းငွေလဲနှုန်းကို ဗဟိုဘဏ်တွေကသတ်မှတ်တဲ့အခါ Interbank ဈေးကွက်မှာ ဘဏ်တစ်ခုနဲ့တစ်ခု နိုင်ငံခြားငွေ အရောင်းအဝယ်ဈေးနဲ့ ပမာဏကိုမူတည်ပြီး ပျမ်းမျှ (Weighted Average) ကို တွက်ချက်ပြီး ထုတ်ပြန်ပါတယ်။ ဗဟိုဘဏ်တွေရဲ့ ရည်ညွှန်းငွေလဲနှုန်းက ဈေးကွက်မှာဖြစ်ပေါ်နေတဲ့ ငွေလဲနှုန်းတွေကို ပျမ်းမျှတွက်ချက်ထုတ်ပြန်တာဖြစ်တဲ့အတွက် ဈေးကွက်ငွေလဲနှုန်းကို ကိုယ်စားပြုပါတယ်။ ဗဟိုဘဏ်တစ်ခုအနေနဲ့ ဈေးကွက်မှာဖြစ်ပေါ်နေတဲ့ ငွေလဲလှယ်နှုန်းကိုမကြိုက်ရင် ဘဏ်တစ်ခုကို Agent ဘဏ်တစ်ခုအဖြစ်ခန့်အပ်ပြီး Interbank ဈေးကွက်မှတစ်ဆင့် နိုင်ငံခြားငွေ ရောင်းတာဝယ်တာတွေ ပြုလုပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဗဟိုဘဏ်ကလည်း ဈေးကွက်နှုန်းကို ကိုယ်စားပြုတဲ့ ရည်ညွှန်းငွေလဲလှယ်နှုန်းကို နိုင်ငံခြားသုံးငွေလေလံမှတစ်ဆင့် နေ့စဉ်သတ်မှတ်ပေးပါတယ်။ Interbank ဈေးကွက် မဖွံ့ဖြိုးသေးတဲ့အတွက် ငွေလဲနှုန်းအတက်အကျ Smooth ဖြစ်စေဖို့ နိုင်ငံခြားသုံးငွေလေလံကတစ်ဆင့်သာ အရောင်းအဝယ် ပြုလုပ်လျက်ရှိပါတယ်။

**မေး ။ နိုင်ငံတကာပညာရှင်တွေနဲ့ရော တိုင်ပင်တာမျိုး ရှိပါသလား။**

ဖြေ ။ ကျွန်တော်အခု ပြောခဲ့တာတွေအားလုံးက ကျွန်တော့်ရဲ့ ထင်မြင်ယူဆချက်တွေထက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ကူညီပေးနေတဲ့ နိုင်ငံတကာပညာရှင်တွေ၊ ပြည်တွင်းပြည်ပ အကြံပေးအဖွဲ့တွေနဲ့ အတူတူ ပေါင်းစည်းဆွေးနွေး တိုင်ပင်သုံးသပ် ဆောင်ရွက်ထားပြီး ဒါမှမဟုတ် ဆက်လက်ဆောင်ရွက်မယ့် အချက်တွေဖြစ်ပါတယ်။

အခုအချိန်မှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)၊ ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ဂျာမနီနိုင်ငံ (GIZ) စတဲ့အဖွဲ့အစည်းတွေက နိုင်ငံတကာပညာရှင် ပေါင်းစုံကို စေလွှတ်ထားပြီး အဲဒီပညာရှင်တွေနဲ့ ရုံးခန်းအတူထိုင်ကာ သုတေသနတွေလုပ် သုံးသပ်တိုင်ပင်ပြီး ဆောင်ရွက်နေပါတယ်။

ဒါပေမယ့် အခုအချိန်အထိ အခက်အခဲပေါင်းများစွာနဲ့ စိန်ခေါ်မှုပေါင်းများစွာရှိနေပါသေးတယ်။ ကျွန်တော်တို့အားလုံးရဲ့ စွမ်းရည်(Capacity)ကိုလည်း အများကြီး မြှင့်တင်ဖို့လိုပါသေးတယ်။

# ပထမဆုံးအကြိမ် အာမခံလုပ်ငန်းပြပွဲကြီး ရန်ကုန်၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

အာမခံလုပ်ငန်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်၍ မြန်မာ့အာမခံလုပ်ငန်းနှင့်ပုဂ္ဂလိကအာမခံကုမ္ပဏီများပူးပေါင်းကာ ပထမဆုံးအကြိမ် အာမခံလုပ်ငန်း INSURANCE EXPO 2015 ပြပွဲကြီးကို ရန်ကုန်မြို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ပြောကြား သည်။

“ပုဂ္ဂလိကအာမခံကုမ္ပဏီတွေရဲ့ သက်တမ်းနှစ်နှစ်ကျော်အတွင်းမှာ အာမခံဈေးကွက်တိုးတက်မှုဟာ အားရစရာကောင်းပါတယ်။ ပြည်သူလူထုရဲ့ ယုံကြည်မှုရရှိလာပြီဖြစ်တဲ့အပြင် အာမခံနည်းပညာပိုင်းမှာလည်း အားရဖွယ်ကောင်းအောင် တိုးတက်နေတာတွေ့ရပါတယ်။ သို့ပေမယ့် အာမခံလုပ်ငန်းကို တစ်ပြည်လုံး အတိုင်းအတာနဲ့ ကျေးလက်ဒေသအထိ အာမခံပညာပြန့်ပွားသိရှိနိုင်ဖို့ လိုအပ်နေပါသေးတယ်။ ဒီ့အတွက် အာမခံလုပ်ငန်း INSURANCE EXPO 2015 ပြပွဲကြီးကို ကျင်းပသွားမှာဖြစ်ပါတယ်”ဟု နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့အာမခံရုံးချုပ်၌ ပြုလုပ်သောစာနယ်ဇင်းရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားလိုက်သည်။

အဆိုပါ ပထမအကြိမ် အာမခံလုပ်ငန်းပြပွဲကြီးကို လာမည့် ဒီဇင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမကြီး၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ယခုအခါ မြန်မာ့အာမခံလုပ်ငန်းနှင့်ပုဂ္ဂလိကအာမခံကုမ္ပဏီများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် နှစ်နှစ်တာကာလအတွင်းအာမခံလုပ်ငန်းသစ်များဖြစ်သော အထူးခရီးသွားအာမခံ၊ ကျန်းမာရေးအာမခံ၊ ချေးငွေအာမခံ စသည်တို့ကို တီထွင်လုပ်ဆောင်လျက်ရှိရာ အောင်မြင်တိုးတက်မှုများ ရရှိလာနေပြီဖြစ်ကြောင်း သိရသည်။ အာမခံလုပ်ငန်းသည် Financial Market တွင် နိုင်ငံခြားငွေ၊ စတော့အိတ်ချိန်းနှင့် Microfinance တို့နှင့်ဆက်စပ်နေ၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်လိုအပ်သည့်အတွက် အာမခံပြပွဲကြီးကျင်းပရန် စီစဉ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**




# ဟားခါး၌ ရှင်သန်ရေးကူညီမှုအသင်းနှင့် JTS အဖွဲ့တို့ပူးပေါင်း၍ ဆန်၊ ဆီ၊ ပဲများထောက်ပံ့

**ဟားခါး နိုဝင်ဘာ ၂၈**

ရှင်သန်ရေးကူညီမှုအသင်းနှင့် JTS ကိုရီးယားအဖွဲ့တို့ပူးပေါင်း၍ ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ပဲနှင့် စားသောက်ဖွယ်ရာများကို နိုဝင်ဘာ ၂၇ ရက်က ဟားခါးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ထောက်ပံ့ပေးအပ်ခဲ့ရာ ပစ္စည်းတစ်မျိုးလျှင် အရေအတွက် ငွေကျပ် ၃၆၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် ဆရာများနှင့် ကျောင်းသားများအတွက် အရည်အသွေးမြင့်မားအောင် အထောက်အကူပြု

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပညာရေးကဏ္ဍတွင် ICT နည်းပညာများကို အပြည့်အဝ အသုံးချနိုင်စေရန်၊ အခွင့်အလမ်းများ ပေါ်ထွက်လာစေရန်နှင့် သင်ကြားရေး အထောက်အကူပြု ပရိုဂရမ်များ ထွက်ပေါ်လာစေရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှကြီးမှူး ကျင်းပသော National ICTAward 2015 အတွက် Education Project Competition ပြိုင်ပွဲ အပြီးသတ်စိစစ်ရွေးချယ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Park ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**




ပြိုင်ပွဲတွင် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ လူ့စွမ်းအားအရည်အသွေး၊ စွမ်းဆောင်ရည် အနိမ့်အမြင့်ပေါ် မူတည်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပညာအရည်အသွေးမြင့်မားသောနိုင်ငံသည် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှုရှိပြီး တစ်ဖန်ဖွံ့ဖြိုးသောနိုင်ငံသည် အရည်အသွေးမြင့်မားသော ပညာရေးကို ဖြည့်ဆည်းပေးနိုင်စွမ်း ရှိကြောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာခေတ်တွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် ကဏ္ဍစုံအတွက်သာမက ပညာရေးကဏ္ဍမှာလည်း ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအတွက် အရည်အသွေးစွမ်းရည်မြင့်မားအောင် အထောက်အကူပြုနိုင်သော အဆင့်မြင့်နည်းပညာတစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ဆက်စပ်အသင်းများသည် ပုဂ္ဂလိကကဏ္ဍဘက်မှ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးလုပ်ငန်းများကို တိုင်းချစ်ပြည်ချစ်စိတ်နှင့် လုပ်ဆောင်ပေးရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းနိုင်အောင် ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ကြိုဆိုနှုတ်ဆက်စကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ပြိုင်ပွဲကျင်းပရေး ကော်မတီမှ ဦးအောင်စိုးမိုးက National ICT Award 2015 (Education Project) ပြိုင်ပွဲကျင်းပရခြင်းနှင့် ပြိုင်ပွဲ စည်းကမ်းချက်များအား ရှင်းလင်းသည်။

ထို့နောက် National ICT Award 2015 Education Project Competition ပြိုင်ပွဲကို မူလတန်းအဆင့်ပြိုင်ပွဲ၊ အလယ်တန်းအဆင့်ပြိုင်ပွဲ၊ အထက်တန်းအဆင့်ပြိုင်ပွဲ၊ ဆရာ အဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပနေမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်း အသီးသီးမှ အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ အကဲဖြတ်ဒိုင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းတွင် ကလေးနှင့် ဟံသာဝတီဘူတာကြား ကားရထားပြေးဆွဲ

**ဂန့်ဂေါ နိုဝင်ဘာ ၂၈**

ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းတွင် ရေကြီးရေလျှံမှုကြောင့် လမ်းတံတားများပျက်စီးမှု ဖြစ်ပေါ်ခဲ့ပြီး ဂန့်ဂေါ-ကလေး ရထားခရီးစဉ်များကို ဇူလိုင် ၂၉ ရက်မှ စတင်၍ ရပ်ဆိုင်းထားရာမှ လမ်း၊ တံတားအချို့ကို ပြန်လည်ပြုပြင်တည်ဆောက်ပြီးနောက် ခရီးစဉ်အစမှ အဆုံးအထိ ပြေးဆွဲနိုင်ခြင်းမရှိသေးသော်လည်း ကလေးနှင့်ဟံသာဝတီဘူတာအကြား ကားရထားပြေးဆွဲခြင်းကို နိုဝင်ဘာ ၂၃ ရက်က စတင်နိုင်ခဲ့ပြီဖြစ်သည်။

ဂန့်ဂေါဘူတာနှင့် မှန်တောဘူတာကြား ခေါက်ပြန်ပြေးဆွဲခြင်းကို စက်တင်ဘာ ၂ ရက်က စတင်ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ဂန့်ဂေါ-ကလေး ရထားလမ်းတွင် ကလေးဘူတာမှ ဟံသာဝတီဘူတာအထိ ကားရထား မောင်းနှင်နိုင်ပြီဖြစ်ရာ ခရီးသည်များသည် ဂန့်ဂေါဘူတာနှင့် ဟံသာဝတီဘူတာကြားတွင် လူစီးရထားဖြင့်သော်လည်းကောင်း၊ ဟံသာဝတီဘူတာနှင့် ကလေးဘူတာကြားတွင် ကားရထားဖြင့်သော်လည်းကောင်း လိုက်ပါစီးနင်းကူးသန်းသွားလာနိုင်ကြပြီ ဖြစ်ကြောင်း သိရသည်။

“ အမှတ် (သ/၁၀၀၂)အစုန်ကားရထားက ကလေးဘူတာကနေ မနက် ၅ နာရီကစထွက်ပြီး ဟံသာဝတီဘူတာကို မနက် ၈ နာရီ ၁၃ မိနစ်မှာဆိုက်ရောက်မှာ ဖြစ်ပါတယ်။ ကလေးမြို့ကနေ ဟံသာဝတီဘူတာအထိ အမှတ်(သ/၁၀၀၂) အစုန်ကားရထားနဲ့ လိုက်ပါလာပြီး ဂန့်ဂေါဘူတာအထိ ဆက်လက်လိုက်ပါလိုတဲ့ ခရီးသည်တွေအနေနဲ့ အမှတ် (၁၄၀)အစုန်လူစီးရထားကို ပြောင်းလဲစီးနင်းနိုင်ကြမှာ ဖြစ်ပါတယ်။ အမှတ် (၁၄၀) အစုန်လူစီးရထားက ဟံသာဝတီဘူတာကနေ မနက် ၈ နာရီ ၁၆ မိနစ်မှာ ထွက်ပြီး ဂန့်ဂေါဘူတာကို မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ မှာ ဆိုက်ရောက်မှာ ဖြစ်ပါတယ်။ ဂန့်ဂေါကနေ ကလေးအပြန်ခရီးမှာတော့ အမှတ် (၁၃၉) အဆန်လူစီးရထားဟာ ဂန့်ဂေါဘူတာကနေ မွန်းလွဲ ၁နာရီ မိနစ် ၂၀ မှာထွက်ခွာပြီး ဟံသာဝတီဘူတာကို ညနေ ၅ နာရီ ၁၅ မိနစ်မှာဆိုက်ရောက်မှာ ဖြစ်ပါတယ်။ ကလေးဘူတာကို ဆက်လက်လိုက်ပါလိုတဲ့ ခရီးသည်တွေအနေနဲ့ အမှတ် (သ/၁၀၀၁)အဆန်ကားရထားကို ပြောင်းလဲစီးနင်းနိုင်ပြီး အမှတ် (သ/၁၀၀၁) အဆန်ကားရထားဟာ ဟံသာဝတီဘူတာကနေ ညနေ ၅ နာရီ ၁၇ မိနစ်မှာထွက်ခွာပြီး ကလေးဘူတာကို ည ၈နာရီ မိနစ် ၄၀ မှာဆိုက်ရောက်သွားမှာ ဖြစ်ပါတယ်”ဟု ဂန့်ဂေါဘူတာမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခုအခါ ဂန့်ဂေါ-ကလေး ရထားလမ်းတွင် လမ်း၊တံတားများ ဆက်လက်ပြုပြင်တည်ဆောက်လျက်ရှိပြီး အမှတ်(၁၃၉) အဆန်နှင့် အမှတ်(၁၄၀) အစုန်လူစီးရထားများ ခရီးစဉ်အစမှ အဆုံးထိပြေးဆွဲနိုင်ခြင်း မရှိသေးသော်လည်း အမှတ် (၁၃၉) အဆန်လူစီးရထားမှ အမှတ် (သ/၁၀၀၁) အဆန်ကားရထားသို့ ဟံသာဝတီဘူတာတွင် ပြောင်းလဲစီးနင်း၍ ဂန့်ဂေါမှကလေးသို့ လည်းကောင်း၊ အမှတ် (သ/၁၀၀၂) အဆန်ကားရထားမှ အမှတ်(၁၄၀) အစုန်လူစီးရထားသို့ ဟံသာဝတီဘူတာတွင်လည်းကောင်း ပြောင်းလဲစီးနင်းနိုင်ပြီဖြစ်သည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**



မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ နိုဝင်ဘာ ၂၇ ရက်က တောရိုင်းတိရစ္ဆာန်အသားများ တရားမဝင်ရောင်းချမှုမရှိစေရေးအတွက် မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးကော်မတီပူးပေါင်းအဖွဲ့တို့ မြို့မဈေးအတွင်းရှိ စားသောက်ဆိုင်များကို စစ်ဆေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

သိန်းလွင်(ပြန်/ဆက်)

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းဆင်း

**မြဝတီ နိုဝင်ဘာ ၂၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၅၅)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၄၁) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုရ သင်တန်းသူများကို ဆုများချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းဦးက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြစန္ဒာဝင်းက အလုပ်သမားမှတ်ပုံတင်ကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်ခံရသော အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် လှူသုံးကုန်ပစ္စည်းများပေးအပ်

**ပုသိမ် နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ရေကြီးနစ်မြုပ်ခံရသော အိမ်ထောင်စုများအားထောက်ပံ့ငွေနှင့် လှူသုံးကုန်ပစ္စည်းများပေးအပ်သည့် အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ရေကြည်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ထောက်ပံ့ငွေနှင့် လှူသုံးကုန်ပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကိုပြောကြားပြီး ပေးအပ်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူကြောင်း သိရသည်။

**မောင်မောင်မြင့်**

# တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလာပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **(မိုး/ဇလ)**

○ *ကျောဖုံးမှ*

ထိုသို့ MNDAA သောင်းကျန်းသူအဖွဲ့များ၏ ပစ်ခတ်မှုကြောင့် လောက်ကိုင်မြို့တွင်းရှိ ကျင်းတင်ဟိုတယ်၏ ၁၀ လွှာနှင့် ၁၁ လွှာတို့ကို RPG ဒုံးသီးနှစ်လုံး ထိမှန်ပေါက်ကွဲခဲ့ပြီး ယင်းဟိုတယ်နှင့် မီတာ ၃၅၀ခန့် အကွာတွင် RPG ဒုံးသီးတစ်လုံးကိုလည်းကောင်း၊ အမှတ်(၁) ဓာတ်အားခွဲရုံရှိ ကွန်ကရစ်ခြံစည်းရိုးနှင့် ၄ုက်ပျောပင်များကြားတွင် ပီနံအိတ်အပြာရောင်ဖြင့် ထုပ်ထားသော တီအင်န်တီယမ်းဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းနှစ်လုံးကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထိုကဲ့သို့ MNDAA သောင်းကျန်းသူအဖွဲ့များက လောက်ကိုင်မြို့တွင်းသို့ ပစ်ခတ်ခဲ့မှုကြောင့် မြို့တွင်နေထိုင်ကြသော ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါ သောင်းကျန်းသူအဖွဲ့များ ခိုအောင်းလှုပ်ရှားမှုမရှိစေရေး တပ်မတော်စစ်ကြောင်းများက ဖြန့်ခွဲ၍ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**





တွေ့ရှိသိမ်းဆည်းရမိသည့် ဒုံးသီးနှင့် လက်လုပ်မိုင်းအား တွေ့ရစဉ်။

# တောင်ပြိုမှုကြောင့် သဘာဝဘေးသင့်ခဲ့သည့် ဟားခါးမြို့တွင် မြေနေရာသစ်များဖော်ထုတ်၍ နေအိမ်သစ်များ ပြန်လည်တည်ဆောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်း နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သည့် မင်းသမီး၊ ပွတ်သာ၊ အလှော်၊ ကမ္မကြီး၊ ထင်းဇင်ရွာမ၊ ကျွန်းတောရေရှင်နှင့် ကနန်ကျေးရွာများ၊ တမူးမြို့နယ်ရှိ မြို့မရပ်ကွက်၊ စန္ဒကူးရပ်ကွက်၊ ခမ်းပါတ်(၁) ရပ်ကွက်နှင့် ခမ်းပါတ်(၂) ရပ်ကွက်တို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဒေသတွင် လူနေအိမ် ၃၈၅ လုံး၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ ဆေးပေးခန်းနှစ်ခုတို့ကို ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ပြီး သဘာဝဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လူအင်အား၊ စက်အင်အားများဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တောင်ပြိုမှုကြောင့် သဘာဝဘေးသင့်ခဲ့သည့် ဟားခါးမြို့တွင်လည်း မြေနေရာအသစ်များ ဖော်ထုတ်၍ နေအိမ်သစ်များ ပြန်လည်တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ လူနေအိမ် ၆၇ လုံး တည်ဆောက်ပြီးစီးပြီး ကျန်အိမ်ရာများကိုလည်း ဆက်လက်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ ဟားခါးမြို့နယ်အနေဖြင့် ပြန်လည်တည်ဆောက်ပေးရန် လူနေအိမ် ၄၀၀ ကျော်ရှိပြီး အဆိုပါပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကာ ယခုပွင့်လင်းရာသီတွင် လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**





ဟားခါးမြို့ သဘာဝဘေးသင့်သူများအတွက် အသစ်ပြန်လည်ဆောက်လုပ်ပေးထားသည့် လူနေအိမ်တစ်လုံးကို တွေ့ရစဉ်။

သဘာဝဘေးသင့်ခဲ့သည့် ဟားခါးမြို့ ဒေသခံများအတွက် အသစ်ပြန်လည်တည်ဆောက်ပေးထားသည့် လူနေအိမ်များကို တွေ့ရစဉ်။





ဟားခါးမြို့ သဘာဝဘေးသင့်သူများအတွက် အသစ်ပြန်လည်တည်ဆောက်ထားသည့် လူနေအိမ်များကို အတန်းလိုက်(အပေါ်ပုံ)နှင့် မျက်နှာစာဘက်(အောက်ပုံ)တို့ကို တွေ့ရစဉ်။

ဟားခါးမြို့ သဘာဝဘေးသင့်သူများအတွက် ဆောက်လုပ်ဆဲ လူနေအိမ် တစ်လုံးကို တွေ့ရစဉ်။





# ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်) (၁၀)နှစ်ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း(ပြည်)တွင် ဖွင့်လှစ်သည့် (၁၀)နှစ်ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ၎င်းကျောင်း(ပြည်)၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်္ဂလန်နိုင်ငံ Cambridge University မှ ပါမောက္ခ Dr. Janice Stargedt၊ အီတလီနိုင်ငံ Larici Foundation မှ Dr. Mauro နှင့် Dr. Patrizia၊ ရှေးဟောင်းသုတေသန ပညာရှင်များ၊ ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ယူနက်စကို(ရန်ကုန်ရုံးခွဲ) မှ တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာ့ယဉ်ကျေးမှုသမိုင်းသည် ဧရာဝတီမြစ်ကမ်းဆင့်တစ်လျှောက် ရှမ်းကုန်းမြင့်ဒေသ၊ အညာဒေသများမှာ ထွန်းကားခဲ့သည့် ကျောက်ခေတ်ယဉ်ကျေးမှုမှ အစပြုခဲ့ပါကြောင်း၊ ထို့နောက် ကြေးခေတ်၊ သံခေတ်၊ မြို့ပြများစတင်ထူထောင်သည့်ခေတ်မှ လက်ရှိကာလအထိ သမိုင်းကြောင်း ရှည်ကြာပါကြောင်း၊ ကြွင်းကျန်တည်ရှိသည့် အဆောက်အအုံများသည် အကောင်းဆုံးသော သက်သေအထောက်အထားများဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်ပါကြောင်း အဆိုပါ ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများကို ရှာဖွေဖော်ထုတ်ခြင်း၊ သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းစသည့် ရှေးဟောင်းသုတေသနဘာသာရပ်ကို တိုးတက်လာသည့် နည်းပညာနှင့်အညီ လက်တွေ့သင်ကြားလေ့ကျင့်ရန် ရည်ရွယ်၍ ရှေးဟောင်းသုတေသနနည်းပညာ သင်တန်းကျောင်းကို ၂၀၀၅ နှစ်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ သင်တန်းကျောင်းတည်ရှိသည့် သရေခေတ္တရာမြို့ဟောင်းသည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဒေသဖြစ်သည့်အတွက် ရည်ရွယ်ချက်များ ပိုမိုပြည့်စုံပါကြောင်း၊ ပြည်တွင်း ပြည်ပ ပညာရှင်များ ဆွေးနွေးသင်ကြားပို့ချပေးသည့် နေရာတစ်ခု ဖြစ်လာပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးအောင်ကြိုင် (မင်းဘူးအောင်ကြိုင်) က ထူးခြားရှားပါးသော နံရံဆေးရေးပန်းချီများနှင့် ပန်းတမော့လက်ရာများ စာတမ်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးဝေလွင်က ပုဂံဒေသရှိ အုတ်ကျောင်းကြီးများ တည်ဆောက်မှုစာတမ်းကိုလည်းကောင်း၊ ဦးစိန်ဝင်း (Terrace Tan) က The Gold Culture of The Ancient Pyu (Myanmar) စာတမ်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က မဟာပိန္နဲနတ်နှင့် မြန်မာ့ယဉ်ကျေးမှုစာတမ်းကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဆွေက ဝိနည်းမိုရ်ဂူဘုရားစုကို လေ့လာခြင်းစာတမ်းကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးစောနိုင်ဦးက ရခိုင်ပြည်နယ်မှ ရှေးဟောင်း အုတ်ခွက်ရုပ်ပွား ဆင်းတုတော်များ စာတမ်းကို လည်းကောင်း ဖတ်ကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဖတ်ကြားခဲ့သော စာတမ်းများအပေါ် သုံးသပ်၍ နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**စာတမ်းဖတ်ပွဲတက်ရောက်သည့် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် သဘာပတိများ၊ စာတမ်းရှင်များနှင့် ပြည်တွင်း ပြည်ပ ရှေးဟောင်းသုတေသနပညာရှင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

▲ *ရှေ့ဖုံးမှ*

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ (NCA)စာချုပ်အား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့သည် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2)တွင် လက်မှတ်ရေးထိုးခဲ့သည်။ NCA စာချုပ်ပါအချက်များအရ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကော်မတီ (JMC) နှင့် ဖွဲ့စည်းရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဖွဲ့စည်းရန်၊ ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေး ဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် အခြေခံရမည့် မူဘောင်ရေးဆွဲအတည်ပြုရန်၊ ရက်ပေါင်း ၉၀ အတွင်း ပဋိပက္ခများကို နိုင်ငံရေးအရ ဖြေရှင်းရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရန်တို့ပါဝင်သည်။

NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် အခြေခံရမည့် မူဘောင်ရေးဆွဲအတည်ပြုရန် လိုအပ်သည်။ ထို့ကြောင့် အစုအဖွဲ့သုံးစုဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် ဒီဇင်ဘာလ ၁၄ ရက်မတိုင်မီ ဆွေးနွေးမှုဆိုင်ရာ မူဘောင်အား NCA စာချုပ်ပါ အချိန်သတ်မှတ်ချက်အတိုင်း ရေးဆွဲအတည်ပြုရမည်ဖြစ်သည်။

လက်ရှိတွင် UPDJC မှ ဖွဲ့စည်းထားသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲရေးကော်မတီမှ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း)ကို NCA သတ်မှတ်ချက်တွင်ပါရှိသည့် ရက်ပေါင်း ၆၀ အတွင်း အချိန်မီပြီးစီးနိုင်ရန် လိုအပ်သည်။

"နိုင်ငံရေးဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၂ ရက်နေ့လောက် စဖြစ်ဖို့ မှန်းထားတယ်။ ဇန်နဝါရီလ တတိယပတ်ခန့်မှာ လွှတ်တော်အသစ်စမယ်။ လွှတ်တော်အသစ်ပြန်စရင် အနိုင်ရပါတီကနေ အစိုးရသစ်ဖွဲ့ဖို့၊ လွှတ်တော်ဥက္ကဋ္ဌသစ်၊ ဒုတိယဥက္ကဋ္ဌသစ်တွေဖွဲ့ဖို့ကိစ္စတွေ ဆက်လုပ်သွားပါမယ်။ အဲ့ဒါပြီးရင် ဒီတာဝန်တွေအားလုံးကို အစိုးရသစ်ကို လွှဲခဲ့ပေးမှာပါ" ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း) ရေးဆွဲရေးကော်မတီ၏ ဒုတိယနေ့အစည်းအဝေး၏ အဖွင့်အမှာတွင် ထည့်သွင်းပြောကြားခဲ့သည်။

# ငွေချည်(၉)နှင့် ရွှေတောင်(၈)ချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**ရမည်းသင်း နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)က ကြီးကြပ်၍ ၂၀၁၅-၂၀၁၆ မိုးနှောင်း ငွေချည်(၉)နှင့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်က သိမ်ကုန်းကျေးရွာ ရှေ့တန်းစခန်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ခရိုင်ဦးစီးမှူး ဦးလင်းမြတ်က ချည်မျှင်ရှည်ဝါစံပြကွက် ကွင်းသရုပ်ပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် တောင်သူများ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်စေရန် ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က တောင်သူများဝင်ငွေတိုးစေရန် ဒေသနှင့်ကိုက်ညီသော ဝါမျိုးကောင်း မျိုးသန့်များ အသုံးပြုစေရန်နှင့် မြေအောက်ရေဖြင့် စိုက်ပျိုးနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်ပြီး (စက်မှုသီးနှံ) မြို့နယ် ဦးစီးမှူးဦးဝင်းညွန့်က ငွေချည်(၉) နှင့်ရွှေတောင်(၈) ချည်မျှင်ရှည်ဝါမျိုးများကို ရှင်းလင်းပြီး တက်ရောက်လာသော တောင်သူများအား ဝါသီးနှံဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့နောက် သိမ်ကုန်းရှေ့တန်းစခန်းတွင် ငွေချည်(၉)နှင့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ တောင်သူပညာပေး စိုက်ခင်းကွင်းအမှတ် ၁၁၃၈၊ ဦးပိုင်(၆၅/၁) တောင်သူ ဒေါ်မော်၏ စိုက်ခင်းကို ဌာနဆိုင်ရာများနှင့် တောင်သူ ၁၂၄ ဦးတို့ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

❖ *ကျောဖုံးမှ*

ဒုတိယ၊ Kelvin Adams ဩစတြေးလျက တတိယ၊ မာရသွန်ပြိုင်ပွဲ အမျိုးသမီးတွင် Sarah Rachel Easton ဗြိတိန်က ပထမ၊ Frauke John အမေရိကန်က ဒုတိယ၊ Elizabeth Anne Hall အမေရိကန်က တတိယ တို့ရရှိခဲ့ကြပြီး မီနီမာရသွန်ပြိုင်ပွဲ အမျိုးသားတွင် Ale×ander Basits အမေရိကန်က ပထမ၊ Jonas Mc Donald jonsson အမေရိကန်က ဒုတိယ၊ Dario La Micela အီတလီက တတိယ၊ မီနီမာရသွန်ပြိုင်ပွဲ အမျိုးသမီးတွင် Jocelyn Bradley ဩစတြေးလျက ပထမ၊ Valerie Ann lohse အမေရိကန်က ဒုတိယ၊ Anabda အမေရိကန်က တတိယတို့ ရရှိခဲ့ကြကြောင်း သိရသည်။ ၁၀ ကီလိုမီတာအပြေးပြိုင်ပွဲတွင် အမျိုးသားပထမဆုကို နယ်သာလန်နိုင်ငံ၊ အမျိုးသမီးပထမဆုကို မိုနာကိုနိုင်ငံတို့မှ ရရှိခဲ့ကြောင်း၊ အဆိုပါ ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲ၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မြေးတော် Ms.HRH Bajrakitiyabha Mahidol ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အဆင့် ၅ နေရာမှ ပန်းဝင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ၂၀၁၃ ခုနှစ်မှ စတင်၍ ပုဂံဒေသတွင် ကျင်းပခဲ့ရာ ယခုဆိုလျှင် တတိယအကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ပြိုင်ပွဲသို့ ဒိန်းမတ်၊ အမေရိကန်နှင့် မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ အားကစားသမား ၂၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။



# ဒက္ခိဏသီရိမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်က ကျင်းပရာ အခမ်းအနားတွင် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က မြို့နယ်အတွင်း ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးဖွဲ့စည်းပုံနှင့် ဌာနအလိုက် ဖွင့်လှစ်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ရှင်ဥပဂုတ္တမထေရ်မြတ် ဒုဋ္ဌဝတီမြစ်အတွင်း ရေမျှောပူဇော်ပွဲ သီပေါ၌ကျင်းပ

**သီပေါ နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် တိန်းချေတိန်းစံကျေးရွာအုပ်စု ကွန်ကျောင်းကျေးရွာ ဒုဋ္ဌဝတီမြစ်ကမ်းနဖူး၌ ဗုဒ္ဓဘာသာဒေသခံတိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာအရ ရိုးရာယဉ်ကျေးမှုမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)နှစ်မြောက် ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်ရေမျှောပူဇော်ပွဲကို (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၂၆ ရက်ကကျင်းပရာ နောင်အိန်၊ နောက်ကတ်၊ စံဖိတ်၊ မန်ဟဲနှင့် လွယ်ကျိုင်းကျေးရွာများမှ ဗုဒ္ဓနွယ်ဝင်တိုင်းရင်းသားပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ရှင်ဥပဂုတ္တမထေရ်မြတ်၏ ကွန်ကျောင်းကျေးရွာယာယီစံကျောင်းမဏ္ဍပ်၌ မဟာဒေဝီရွှေကျောင်းတိုက်ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားတော်နှင့် ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ရှင်ဥပဂုတ္တ မထေရ်မြတ်ရုပ်ပွားတော်ကို ဝေါယာဉ်ဖြင့် ပင့်ဆောင်ကြပြီး ဒုဋ္ဌဝတီမြစ်အတွင်း ရေမျှောပူဇော်ပွဲကျင်းပကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# နိုင်ငံအတွင်းရှိ မြို့နယ်တိုင်း၌ ကိုယ့်အားကိုယ်ကိုး ဘိုးဘွားရိပ်သာများ တည်ဆောက်ရန်လိုအပ်လာပြီ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံအတွင်း တဖြည်းဖြည်း လူဦးရေ ပိုမိုထူထပ်များပြားလာသည်နှင့်အမျှ သက်ကြီးရွယ်အိုဘိုးဘွားများသည်လည်း တရေးရေးပေါ်ထွက်လာပြီဖြစ်ရာ မြို့နယ်များရှိ ရပ်ကွက်များအတွင်း ကိုယ့်အားကိုယ်ကိုး သက်ကြီးရွယ်အို ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်ရန် လိုအပ်လာပြီဖြစ်ကြောင်း ရန်ကုန်မြို့ ချော်တွင်းကုန်းမှတ်တိုင်အနီးရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော သက်ကြီးဘိုးဘွား နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ရန်ကုန်မြို့ပေါ်မှာ အရင်ကထက်စာရင် အခုနောက်ပိုင်းကာလတွေမှာ လူဦးရေတွေကများပြားလာပါပြီ။ အဲ့ဒီတော့ နေ့စဉ်မိသားစုစားဝတ်နေရေးကိစ္စတွေအတွက် လူကြီး၊ လူငယ်အားလုံးဟာ နိစ္စဓူဝ ရုန်းကန်သွားလာနေကြရတဲ့အချိန်မှာ အိမ်မှာကျန်ခဲ့တဲ့ဘိုးဘွားတွေဟာ အထီးကျန်ဖြစ်ကြလို့ စကားပြောဖော်မရှိတော့ဘဲ ဟိုနားနေ ဒီနားနေနဲ့ တစ်နေကုန်အိမ်ထဲမှာတင် အချိန်ကုန်တာတွေရှိပါတယ်။ ဒီထက်ဆိုးတာက ကားမှတ်တိုင်တွေ ကားကြိုကားကြားတွေမှာ နေ့စဉ်ဘဝရပ်တည်မှုအတွက် တွေ့ရာလူဆီက လိုက်လံအလှူခံနေတဲ့ လေလွင့်ဘိုးဘွားတွေ ဘယ်ကရောက်လာမှန်းမသိ တွေ့နေရပါတယ်။ ဒီလိုအကြောင်းအမျိုးမျိုးနဲ့ ကြုံတွေ့နေကြရတဲ့ ဘိုးဘွားတွေရဲ့ အခက်အခဲတွေကို လူကြီး၊ လူငယ်နဲ့ လူမှုရေးပရဟိတအဖွဲ့တွေက လျစ်လျူရှုမထားသင့်ဘဲ မြို့နယ်တွေ၊ ရပ်ကွက်တွေမှာ ကိုယ့်အားကိုယ်ကိုးဘိုးဘွားရိပ်သာတွေကို ကူညီဖွင့်လှစ်ပေးကြမယ်ဆိုရင် မမြင်တွေ့စေချင်တဲ့ မြင်ကွင်းတွေ မရှိနိုင်တော့ဘူးလို့ယုံကြည်မိပါတယ်" ဟု သက်ကြီးနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ ဒေါက်တာ ကေသီကျော်က ပြောသည်။

လက်ရှိအနေအထားအရ ရန်ကုန်မြို့ပေါ်တွင် အစိုးရအသိအမှတ်ပြု အသက် ၇၀ နှစ်အထက် သက်ကြီးဘိုးဘွားရိပ်သာ ၁၂ ခု ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဘိုးဘွားရိပ်သာ ၇၇ ခု ရှိကာ ဘိုးဘွားဦးရေစုစုပေါင်း ၃၀၀၀ ကျော်အား လူမှုဝန်ထမ်းဦးစီးဌာနမှ ပြုစုစောင့်ရှောက်ပေးနေကြောင်း သိရသည်။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘိုးဘွားများ၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ၊ ခေတ်နှင့်အညီ အတွေးခေါ်ဗဟုသုတနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို ဆောင်ရွက်နိုင်စေရန် ရိပ်သာနှင့်ဂေဟာများ၌ နည်းပညာသင်တန်းနှင့် အလှူငွေများအား ထောက်ပံ့ပေးလျက်ရှိသည်။

မလေးရှားနိုင်ငံမှ အလုပ်လုပ်ကိုင်ပြီး ပြန်လည်ရောက်ရှိသည့် အမျိုးသားတစ်ဦးက "မလေးရှားနိုင်ငံမှာလည်း ဒီလိုမျိုး လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားတဲ့ ဘိုးဘွားစောင့်ရှောက်ရေးဂေဟာတွေကို ဘိုးဘွားတွေ နေထိုင်စားသောက်အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးထားပါတယ်။ ဒါပေမယ့် ဘိုးဘွားစောင့်ရှောက်ရေးဂေဟာတွေမှာနေထိုင်ကြတဲ့ ဘိုးဘွားတွေတင် အစားအသောက် အဆင်ပြေရုံသာမဟုတ်ဘဲ အပြင်မှာ လေလွင့်လျှောက်သွားနေကြတဲ့ ဘိုးဘွားတွေအတွက်လည်း အစားအသောက်အဆင်ပြေကြပါတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံရပ်ခြားအသီးသီးက အန်ဂျီအိုအဖွဲ့အစည်းတွေနဲ့ စေတနာရှင်ပြည်သူတွေက နေ့စဉ် နံနက်၊ နေ့လယ်၊ ညနေစာကို အစားအသောက်တွေထည့်ထားတဲ့ စားသောက်ယာဉ်နဲ့ လာရောက်ပြီး ကျွေးမွေးကြပါတယ်။ တစ်ခါတလေ ဘိုးဘွားတွေသုံးဖို့ မုန့်ဖိုးငွေတွေလည်း ပေးပါသေးတယ်။ လိုချင်တဲ့ကလေးတွေနဲ့ ဘိုးဘွားတွေကတော့ စနစ်တကျတန်းစီပြီး စားသောက်ဖို့အတွက် ရပ်ရပါတယ်။ ကျွန်တော်ကလည်း KL မြို့လယ်ကောင်မှာ အလုပ်လုပ်ခဲ့ဖူးတော့ နေ့စဉ်မြင်တွေ့နေရတဲ့ မြင်ကွင်းပါ။ ကျွန်တော်တို့ ရန်ကုန်မြို့မှာလည်း အဲ့လို လေလွင့်ကလေးသူငယ်တွေနဲ့ လေလွင့်ဘိုးဘွားတွေ စားသောက်ရေးကိုတာဝန်ယူပေးကြမယ့် စားသောက်ယာဉ်အဖွဲ့အစည်းတွေပေါ်ပေါက်လာရင် သိပ်ကောင်းမှာပါ" ဟု ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။



မြန်မာနိုင်ငံ၏ ရှိရင်းလူဦးရေ၏ ကိုးရာခိုင်နှုန်းကျော်သည် သက်ကြီးဘိုးဘွားများဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်ရှိနေကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။ အစိုးရအသိအမှတ်ပြုဘိုးဘွားရိပ်သာများနှင့် ဘိုးဘွားစောင့်ရှောက်ရေးဂေဟာများသည် အုပ်စုလိုက်ဖွဲ့စည်းထားသော လူမှုအဖွဲ့အစည်းများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများဖြစ်ကြောင်း သိရသည်။ ထိုအပေါ်တွင်မှ မြို့နယ်တိုင်း၌ ထပ်မံ၍ လူမျိုးမရွေး၊ ဘာသာမရွေး လူတန်းစားမရွေး လာရောက်နားခိုနိုင်ကြသော ဘိုးဘွားရိပ်သာများအား နေရာအသီးသီး၌ ဖွင့်လှစ်သွားမည်ဆိုလျှင် မြို့နယ်၊ ရပ်ကွက်နေပြည်သူများမှ လှူဒါန်းလိုစိတ်ပေါ်လာတိုင်း လှူဒါန်းနိုင်ကြမည်ဖြစ်သောကြောင့် သက်ကြီးဘိုးဘွားများ၏အခက်အခဲများအားလုံး ပြေလည်ကြတော့မည်ဖြစ်၍ ပရဟိတစိတ်၊ လူမှုရေးစိတ်ဓာတ်နှင့် ဦးဆောင်လိုစိတ်များ အပြည့်ဝထားကာ ဆောင်ရွက်စေလိုပါကြောင်း ဖော်ပြလိုက်ရပါသည်။

**တင်လှမောင်**

# ဘားအံမြို့နယ်၌ မြေတူးစက်တစ်စီး မီးလောင်

**ဘားအံ နိုဝင်ဘာ ၂၈**

ဘားအံမြို့ အမှတ်(၈) ရပ်ကွက် ထောင်ဝိဘုန်းကြီး ကျောင်းရှေ့ရှိ ဦးမောင်ဦး၏ ခြံဝင်းအတွင်း ယာဉ်မှာ နိုဝင်ဘာ ၂၆ ရက်က ဦးအောင်သိန်းဌေး မောင်းနှင်သည့် CAT -320 အမျိုးအစား မြေတူး မြေညှိနေရာမှ ရုတ်တရက် ဝိုင်ယာရှော့ခ်ဖြစ်ကာ ဆီတိုင်ကီသို့ ကူးစက်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



မီးလောင်နေသည့် မြေတူးယာဉ်ကို မြို့နယ်မီးသတ် ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် မီးငြိမ်းသတ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် တိုင်ကီအတွင်းမှ ဒီဇယ် ၁၀ ဂါလန်နှင့် အင်ဂျင်၏ဝိုင်ယာများ လောင်ကျွမ်းပျက်စီးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ယာဉ်မောင်း ဦးအောင်သိန်းဌေးကို မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## ယာဉ်တစ်စီး ကန့်လန့်ဖြတ် တိမ်းမှောက်မှုဖြစ်ပွား

**ကသာ နိုဝင်ဘာ ၂၈**

နိုဝင်ဘာ ၂၈ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ကသာမြို့ အမှတ်(၉) ရပ်ကွက်၌ ယာဉ်တစ်စီးတိမ်းမှောက်ခဲ့သည်။ ကသာမြို့နယ် ဆင်ဂုံတိုင်ကျေးရွာနေ လွင်လွင်စိုး(၂၅ နှစ်)မောင်းနှင်လာသည့် ဒိုင်နာအဖြူရောင်ယာဉ်သည် စက်ဘီးနှင့်ဆိုင်ကယ်တို့အား တိမ်းရှောင် တိုက်မိရာမှလမ်းမပေါ် ကန့်လန့်ဖြတ်ညာဘက်သို့တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း နယ်မြေရဲစခန်းမှ သိရှိရသည်။ အဆိုပါဖြစ်စဉ်ကြောင့် ဆိုင်ကယ်စီနင်းလာသူနှစ်ဦး၊ ယာဉ်ပေါ်လိုက်ပါလာသူငါးဦးတို့ဒဏ်ရာရရှိသွားသဖြင့် ယာဉ်မောင်းလွင်လွင်စိုးအား ကသာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**ဦးရဲ(ကသာ)**

## မီးသွေးသယ်ဆောင်လာသည့်ကား ဥပဒေအရအရေးယူ

**မင်းဘူး နိုဝင်ဘာ ၂၈**

မင်းဘူးမြို့နယ် ပုသိမ်-မုံရွာကားလမ်း၊ မိုင်တိုင်အမှတ်(၂၆၇/၂)အနီးတွင် နိုဝင်ဘာ၂၇ ရက်က မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်လေးလှိုင်နှင့်အဖွဲ့သည် မုံရွာဘက်မှ ပုသိမ်ဘက်သို့ ယာဉ်မောင်းကျော်ဆန်း၊ အသက် (၄၁)နှစ်မောင်းနှင်ပြီး ယာဉ်နောက်လိုက်တေဇာဝင်း၊ အသက်(၂၉)နှစ် လိုက်ပါလာသော ၁၂ ဘီးယာဉ်အားရပ်တန့်စစ်ဆေးရာအဆိုပါ ယာဉ်ပေါ်မှ တရားမဝင်မီးသွေးအိတ် တစ်တင်းခွဲဝင်အိတ် ၄၀၀ လုံးတန်ကို စစ်ဆေးတွေ့ရှိရ၍ သစ်တောဦးစီးဌာနနှင့် ပူးပေါင်းစစ်ဆေးခဲ့ရာ တရားမဝင် မီးသွေးအိတ် ၅၀၀ လုံးအား ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ကို သစ်တောဦးစီးဌာနမှ အရေးယူထားကြောင်းသိရသည်။

**ကျော်ဇေယျ**

# တရုတ်နိုင်ငံသွား မြန်မာသတင်းစာဆရာကိုယ်စားလှယ်များ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် သတင်းစာဆရာများအသင်း၏ ဖိတ်ကြားချက်ဖြင့် ၂၀၁၅ ခုနှစ် မြန်မာနှင့်တရုတ် သတင်းစာဆရာများ အလုပ်ရုံဆွေးနွေးပွဲ (2015 Myanmar and China Journalists Workshop) တက်ရောက်ရန် နိုဝင်ဘာ ၁၆ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော မြန်မာသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်က လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီဖြစ်သည်။

အဆိုပါ မြန်မာသတင်းစာဆရာအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်(လျှပ်တစ်ပြက်ဂျာနယ်)၊ အပါအဝင်သတင်းစာ၊ ဂျာနယ်အသီးသီးတို့မှ အဖွဲ့ဝင် ၂၀ ပါဝင်သည်။

မြန်မာသတင်းစာ ဆရာအဖွဲ့သည် အလုပ်ရုံဆွေးနွေးပွဲ ၁၀ ရက်တာကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းစာဆရာများအသင်း၊ ယူနန်ပြည်နယ် သတင်းစာဆရာများအသင်းမှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ရေဒီယိုနှင့် ရုပ်သံလွှင့်လုပ်ငန်းများ၊ အင်တာနက်သတင်းဝန်ဆောင်မှုလုပ်ငန်းများ၊ ကူမင်းမြို့တော် မြို့ပြဖွံ့ဖြိုးရေးတည်ဆောက်မှုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၊ မြို့တွင်းယာဉ်ကြောမကျပ်ရေးအတွက် မိုးပျံတံတား တည်ဆောက်ရေးလုပ်ငန်းများ၊ အဝေးပြေးလမ်းမကြီးများ တည်ဆောက်ရေးလုပ်ငန်းများ၊ တစ်ခုတည်းသောရပ်ဝန်း-တစ်ခုတည်းသော လမ်းမကြီး (One Belt-One Road) အရှေ့တောင်အာရှဆက်သွယ်ရေးအတွက် ဆက်သွယ်ဖောက်လုပ်ထားသော အာရှပိုးလမ်းမကြီး (AH14) နှင့် ပေါင်းစန်းဒေသစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စာတွေ့၊ လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

**စိုင်းသာအောင်**



# လစဉ်နယ်လှည့်ကုသစဉ် စိတ်ကျန်းမာရေးဆေးဝါးများ ဖြန့်ဝေပေးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံမှ ဆရာဝန်ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက လှိုင်သာယာပြည်သူ့ဆေးရုံ၌ လစဉ်နယ်လှည့်ကုသမှုလုပ်ငန်းစဉ်ဖြစ်သော ဆေးရုံမှ ဆင်းခဲ့သည့် လူနာများအတွက် တစ်လစာ သောက်ဆေးများကို ပေးဝေလျက်ရှိရာ လူနာ ၂၀၀ ခန့် လာရောက်ကြောင်း သိရသည်။ **(အောက်ပုံ)**

"သမီးအတွက် ဆေးလာယူတာပါ။အသက် ၁၉ နှစ်မှာ စိတ်ဝေဒနာကြောင့် ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကိုပို့ရတယ်။ နှစ်လတက်ပြီးသက်သာလို့ ဒီမှာတစ်လတစ်ကြိမ်ဆေးလာယူတာ။ ရွာသာကြီးထိ သွားရတာမလွယ်ဘူး။ တစ်ခါတစ်ရံဆေးပြတ်ရင် အပြင်မှာ ဝယ်ရတယ်။ အခုလို လှည့်လည်ပြီး လူနာတွေအတွက် အခမဲ့ဆေးဖြန့်ပေးတာ လူနာရှင်တွေအတွက်လည်း အဆင်ပြေသလို အကောင်းဆုံးထိရောက်တဲ့ ကုသမှုလို့လည်း မြင်မိပါတယ်" ဟု ထန်းတပင်မြို့နယ် ကျန်းမာရေးဌာနမှ အငြိမ်းစားဖြစ်သူ ဒေါ်နန်းသိမ့်တူက ပြောသည်။



စိတ်ကျန်းမာရေး ဆေးရုံမှ လှိုင်သာယာ၊ ကော့မှူးနှင့် ကျောက်တန်းဆေးရုံတို့တွင် တစ်လတစ်ကြိမ် စိတ်ကျန်းမာရေးအတွက် ဆေးများဖြန့်ဝေပေးလျက်ရှိပြီး မြို့နယ်များသို့ဆင်း၍ တိုက်ရိုက်ထိတွေ့ ဖြန့်ဝေပေးနိုင်မှုကြောင့် ဆေးဆက်သောက်ရမည့်ဝေဒနာရှင်များအတွက် များစွာအဆင်ပြေလျက်ရှိကြောင်း၊ ယနေ့အချိန်အခါ၌ စိတ်ဝေဒနာခံစားရမှုအများဆုံးတွင် လူငယ်များ အရက်ကြောင့် စိတ်ဝေဒနာခံစားမှုများလာလျက်ရှိကြောင်းနှင့် လှိုင်သာယာပြည်သူ့ဆေးရုံတွင် ဧပြီလမှစ၍ လူနာများအား အခမဲ့တစ်လတစ်ကြိမ် ပုံမှန်သောက်ဆေးများကို ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံမှ ဝန်ထမ်းများက ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**(၁၆၄)**

# မူဆယ်ခရိုင် ပြည်သူ့ဆေးရုံ၌ မိခင်တစ်ဦးက သုံးမြွှာပူးကလေးငယ်များ အောင်မြင်စွာမွေးဖွား

**မူဆယ် နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပြည်သူ့ဆေးရုံ၌ သုံးမြွှာပူးကလေးငယ်များကို နမ့်ခမ်းမြို့နယ် မန့်ဝိန်းကြီးကျေးရွာ၌ နေထိုင်သော စိုင်းအိုက်လှိုင်း-နန်းနွမ်းခမ်းတို့က အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

မိခင်နှင့် ကလေးငယ်များမှာ ကျန်းမာလျက်ရှိပြီး အဆိုပါသုံးမြွှာပူးကလေးငယ်များကို နိုဝင်ဘာ ၂၅ ရက် ညနေ ၅ နာရီက ခွဲစိတ်မွေးဖွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့်အဖွဲ့ဝင်တို့က မိခင်နှင့်ကလေးများအတွက် အာဟာရဖြစ်နို့မှုန့်ဘူးများ၊ အစားအစာများ၊ သစ်သီးများနှင့်အလှူငွေကျပ်တစ်သိန်းကို လည်းကောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးဦးစီးဌာနမှ မိခင်နှင့်ကလေးများအတွက် အလှူငွေထောက်ပံ့ကြေးငွေကျပ်ငါးသိန်းကိုလည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ အဆိုပါသုံးမြွှာပူးကလေးများမှာ မိန်းကလေးများဖြစ်သည်။ ပထမကလေးငယ်ကို ညနေ ၄ နာရီ ၅၈ မိနစ်တွင် လည်းကောင်း၊ ဒုတိယကလေးငယ်ကို ညနေ ၄ နာရီ ၅၉ မိနစ်တွင် လည်းကောင်း၊ တတိယကလေးငယ်ကို ညနေ ၅ နာရီတွင် လည်းကောင်း ခရိုင်ပြည်သူ့ဆေးရုံမှ အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# နေရာကွက်ကျား မိုးထစ်ချုန်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရန်ကုန် မင်းဓမ္မလမ်းပေါ်တွင် ဇနီးမောင်နှံနှစ်ဦးထံမှ လက်ဝတ်တန်ဆာများ ဓားထောက်လုယက်မှုဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း ရွှေကမ္ဘာအိမ်ရာ ၉ လမ်းထိပ် ဂိတ်ပေါက်ဝအနီး ဆိုင်ကယ်စီးလူငယ်ခြောက်ဦးက ဇနီးမောင်နှံနှစ်ဦးထံမှ ရွှေလက်ဝတ်ရတနာများ ဓားထောက်လုယက်ထွက်ပြေးသွားကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွေးထံမှ သိရသည်။

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်ဘက်ခြမ်း မင်းဓမ္မလမ်းတစ်လျှောက် လူသွားစင်္ကြံ ပလက်ဖောင်းနှင့်မြက်ခင်းစိမ်းပေါ်တွင် အရိပ်ရဆီအုန်းပင်များ စီတန်းကာ မြို့ကျက်သရေဆောင် လှပစွာစိုက်ပျိုးထားရာ မိသားစုများနှင့် စုံတွဲများပင် ညနေဆည်းဆာ မိုးချုပ်ထိတိုင် လေညင်းခံ အပန်းဖြေကြသည်။

နိုဝင်ဘာ ၂၇ ရက် ည ၇ နာရီကျော်က မရမ်းကုန်းမြို့နယ်(၃)ရပ်ကွက် ရွှေမဥ္ဇူ ၂ လမ်း အမှတ်-၂၂၂ နေ ဦးသိန်းမြင့် (၅၇နှစ်)၊ ဇနီးဖြစ်သူ ဒေါ်စိန်အေး (၅၅နှစ်)တို့ မင်းဓမ္မလမ်း ရွှေကမ္ဘာအိမ်ရာ ၉ လမ်း ထိပ်ဂိတ်ပေါက်ဝအနီး ဆီအုန်းပင်အောက် မြက်ခင်းပေါ် ထိုင်စကားပြောစဉ် လူငယ်ခြောက်ဦး အနားရောက်လာပြီး တစ်ဦးက အမျိုးသား၏မျက်နှာကို လက်ဝါးဖြင့်နှစ်ချက်ရိုက် ဦးခေါင်းကို ဖိညှပ်ငုံ့ခိုင်းထားကာ 'မအော်နဲ့ အော်ရင် ထိုးထည့်လိုက်မယ်' ဟု လည်ပင်းကို ချွန်ထက်သော အရာနှင့်ထိုးထားပြီး ဟွာဝေးဟန်းဆက်ဖုန်းတစ်လုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ အမျိုးသမီးကိုလည်း ချွန်ထက်သော အရာနှင့်ပင် ခါး၊ ဗိုက်၊ လည်ပင်း၊ ဦးခေါင်းတို့တွင် ထောက်ထားလျက် ရွှေလက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး၊ နားကပ်များ ဖြုတ်တောက်ဖြုတ်ယူကြသည်။ နားကပ်ကို ဆွဲဖြုတ်နေစဉ် ကားမီးအလင်းရောင်ကြောင့် ဆောင့်ဆွဲကာ မင်းဓမ္မလမ်းအတိုင်း မြောက်ဘက်သို့ လူခြောက်ဦး ဆိုင်ကယ်သုံးစီးဖြင့် မောင်းနှင်ထွက်ပြေးသွားကြောင်း ရဲကင်းမှူးထံ တိုင်တန်းခဲ့သည်။

အဆိုပါလုယက်မှုတွင် နားကပ်တစ်ဖက် ကျိုးကျကျန်ခဲ့ပြီး အမျိုးသားထံမှ ဟွာဝေးဟန်းဆက်တစ်လုံး၊ ငါးမူးသား ရွှေလက်စွပ်တစ်ကွင်း၊ အမျိုးသမီးထံမှ ငါးမူးသား ရွှေလက်စွပ်နှစ်ကွင်း၊ ရွှေလက်ကောက်လေးကွင်း (တစ်ကျပ်သားကျော်)၊ တစ်ကျပ်သား သံကွင်းရွှေဆွဲကြိုးတစ်ကုံး စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၂၁ သိန်းခန့်ရှိကြောင်း၊ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ မသင်္ကာသံသယ ရှိသူကို ဘုရင့်နောင်နယ်မြေရဲတပ်ဖွဲ့စခန်းက ဖော်ထုတ်စစ်ဆေး ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



လုယက်မှုဖြစ်ပွားသည့်နေရာ။

# ငဝန်ရေကာတာ ပြုပြင်မှု သုံးပုံနှစ်ပုံခန့် ပြီးစီးနေ

**ရေကြည် နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်၌ ဩဂုတ်လအတွင်းက ငဝန်မြစ်ရေကြီးမှုကြောင့် ရေယိုစိမ့်မှုများဖြစ်ပေါ်ခဲ့သော ငဝန်ရေကာတာကို မြို့နယ်ဆည်မြောင်းဦးစီးဌာနက လိုက်လံပြုပြင်လျက်ရှိရာ သုံးပုံနှစ်ပုံခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဩဂုတ်လအတွင်း ရေကြီးမှုကြောင့် ဘုတ်ချောင်းကျေးရွာ တာမိုင် (၃၉/၀)မှ မြေရဲကွင်းကျေးရွာ တာမိုင်(၆၁/၀) သာပေါင်းမြို့နယ်အစပ်အထိ ငဝန်ရေကာတာ တစ်လျှောက်တွင် ရေယိုစိမ့်ပေါက်ပေါင်း ၁၂၂ ပေါက် ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေယိုစိမ့်ပေါက်များကို မြို့နယ် ဆည်မြောင်းဦးစီးဌာနက လိုက်လံ၍ မြေသားခွဲစိတ် စစ်ဆေးပြုပြင်လျက်ရှိရာ နိုဝင်ဘာလ ၂၈ ရက်အထိ ငါးသိုင်းချောင်းမြို့တွင်း ငဝန်ရေကာတာ တာမိုင် (၄၆/၃+၃၀၀)မှ ရေယိုစိမ့်ပေါက်ပေါင်း ၈၀ ကျော်ကို ပြုပြင်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



ရေယိုစိမ့်ပေါက်များကို မြေသားခွဲစိတ် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းတွင် ကျန်ရှိနေသောအပိုင်းများကို နိုဝင်ဘာလကုန်တွင် အပြီးသတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ငဝန်ရေကာတာ ကြံ့ခိုင်မှု အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ဆည်မြောင်းဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများ၌ လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

**မူဆယ် နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ်အတွင်းမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာရှစ်ရွာ၌ စီမံကိန်းရန်ပုံငွေများဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းမှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများကို မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မူဆယ်မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ၂၂ ရွာ ရှိသည့်အနက် နောင်လောင်းကျေးရွာ၊ မန်ကန်ကျေးရွာ၊ နမ့်ကတ်ကျေးရွာ၊ မန်တုံကျေးရွာ၊ ကောင်းနားကျေးရွာ၊ မိုင်းယုကျေးရွာ၊ နမ့်ဟွယ်တိုက်ကျေးရွာနှင့် အထက်တုန်ခန်ကျေးရွာများတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းဇော်၊ မြို့နယ်စာရင်းစစ်ရုံးမှ မြို့နယ်စာရင်းစစ်အရာရှိ ဒေါ်မာမာဝင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ခြင်းဖြစ်သည်။

မူဆယ်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း(၁)ယူနစ် ကျေးရွာနှစ်ရွာနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း(၁၉) ယူနစ် ၂၀ ရွာ၊ စုစုပေါင်း ၂၀ ယူနစ် ၂၂ ရွာ၌ ဆောင်ရွက်လျက်ရှိပြီး တစ်ယူနစ်လျှင် ကျပ်သိန်း ၃၀၀ စီဖြင့် ၂၀ ယူနစ်အတွက် ကျပ်သိန်း ၆၀၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းမှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန် အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် မတည်ထောက်ပံ့ပေးထားကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**

# လွတ်လပ်ရေးနေ့အခမ်းအနားအတွက် ဇာတ်ပွဲနှင့် ဆိုင်ခန်းများ လေလံတင်

**ဖျာပုံ နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဇာတ်ပွဲများ ဝင်ရောက်ပြသရန်နှင့် ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချရန်အတွက် လေလံစနစ်ဖြင့် ရောင်းချခဲ့ရာ ဇာတ်ပွဲလေလံတွင် ကျပ်သိန်း ၃၀ ကျော်နှင့် ဆိုင်ခန်းလေလံတွင် ကျပ်သိန်း ၂၃၀ ရရှိခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့နယ်တွင် (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဝင်ရောက်ကပြမည့် ဇာတ်ပွဲနှင့် ရောင်းချမည့် ဆိုင်ခန်းများကို ပွင့်လင်းမြင်သာစွာ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။ ဇာတ်ပွဲလေလံတွင် လေလံဆွဲသူ သုံးဦးရှိခဲ့ပြီး ဦးစိန်သန်းက ငွေကျပ် ၃၀၅၅၀၀၀ ဖြင့် လေလံအောင်ခဲ့ကာ ဆိုင်ခန်းလေလံတွင် လေလံဆွဲသူ ကိုးဦးရှိခဲ့ပြီး ဦးကျော်ကြီးက ကျပ်သိန်း ၂၃၀ ဖြင့် လေလံအောင်ခဲ့သည်။

ဆိုင်ခန်းနေရာ လေလံရောင်းချရာတွင် ဆိုင်ခန်းများကို ငါးပေအကျယ်စီ သတ်မှတ်ထားပြီး ဆင်းရဲနွမ်းပါးသောဈေးသည်များ ဝယ်ယူရောင်းချနိုင်ရန်အတွက် ကျပ်တစ်သောင်းခွဲ၊ ကျပ် နှစ်သောင်းခွဲနှင့် ကျပ်သုံးသောင်းနှုန်းများဖြင့် ရောင်းချရန် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရေးကော်မတီက လေလံစည်းကမ်း သတ်မှတ်ပေးထားကြောင်း၊ လေလံအောင်သူအနေဖြင့် သတ်မှတ်နှုန်းထက်ပို၍ ရောင်းချပါက လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရေးကော်မတီ ဖုန်း-၀၉-၈၅၉၁၀၈၇ သို့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ တိုင်ကြားနိုင်ပြီး စားပွဲတင်ငွေ ကျပ်သိန်း ၈၀ နှင့် အာမခံငွေများကို ပြန်ပေးမည်မဟုတ်ဘဲ လေလံကို ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း၊ မြို့ခံဈေးသည်များနှင့် အနယ်နယ်အရပ်ရပ်မှ ဆင်းရဲနွမ်းပါးသော ဈေးသည်များ ဆိုင်ခန်းဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိကြောင်း လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရေးကော်မတီမှ သိရသည်။

လေလံတင် ရောင်းချပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခိုင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ လေလံဆွဲဝယ်ယူမည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။ လေလံရောင်းချရာမှ ရရှိငွေများကို လွတ်လပ်ရေးနေ့အခမ်းအနား၊ အားကစားပွဲတော်များနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုးမိုး(ဖျာပုံ)**

# တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအဆောက်အအုံ ဒီဇင်ဘာလအတွင်း ရာနှုန်းပြည့် တည်ဆောက်ပြီးစီးမည်

**ရေး နိုဝင်ဘာ ၂၈**

မွန်ပြည်နယ် ရေးမြို့နယ် တူးမြောင်းကျေးရွာအုပ်စု ကွမ်တိုးကွင်း ပန်းလောင်လမ်း၌ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တည်ဆောက်လျက်ရှိသော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၏ တည်ဆောက်မှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကာ တည်ဆောက်မှုအားလုံး ဒီဇင်ဘာလအတွင်း ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။



နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၆၆၃ ဒသမ ၄ သန်း အကုန်အကျခံ၍ ဇွန်လအတွင်း စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကျောင်းတွင် ရေမီးအစုံ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ ကျောင်းတွင်းကျောက်ချောလမ်းများပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး မြေဧက ၅ ဒသမ ၀၉ ဧက အကျယ်အဝန်းကို အသုံးပြုထားကြောင်း သိရသည်။

အဆောက်အအုံ အမျိုးအစားများမှာ အာရ်စီကွန်ကရစ် အဆောက်အအုံများဖြစ်ကြပြီး အုပ်ချုပ်ရေးမှူးရုံးခန်းတစ်ခန်း၊ ကျောင်းသား ၁၀၀ ဆံ့ တစ်ထပ်စာသင်ဆောင် တစ်ဆောင်၊ ကျောင်းသား ၈၀ ဆံ့ နှစ်ထပ်အိပ်ဆောင် နှစ်ဆောင်၊ ကျောင်းသား ၂၀၀ ဆံ့ နှစ်ထပ်စားရိပ်သာ တစ်ဆောင်ပါဝင်ကာ ဂန္ဓာဦး၊ မြစ်ကြီးငါးသွယ်နှင့် တီတီအိုကုမ္ပဏီ သုံးခုက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများမှာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

လူငယ် သင်တန်းကျောင်းတွင် လာမည့်ပညာသင်နှစ်မှစ၍ စတုတ္ထတန်းမှ အဋ္ဌမတန်းအထိ တိုင်းရင်းသားလူမျိုးများမှ မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများကို ကျောင်းအိပ် ကျောင်းစားလက်ခံပေးသွားမည် ဖြစ်ကြောင်း ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**နေမျိုးထွဋ်(ရေး)**

## သတင်းတို

### ဟိုမိန်းမြို့လုံးကျွတ် ကထိန်ပွဲ စည်ကားစွာကျင်းပ

ရှမ်းပြည်နယ် လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ခွဲ၌ မြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၂၆ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ ဘုံကထိန်ပွဲတွင် နယ်မြေခံစစ်ဗျူဟာအဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများမှ လှူဒါန်းသည့် ပဒေသာပင်များကို ရှမ်းရိုးရာ အတီးအမှုတ် အကအခုန်များဖြင့် မြို့တွင်း၌ လှည့်လည်ခဲ့ပြီး ဝိသုဒ္ဓိဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်ခဲ့သည်။ ဝိသုဒ္ဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညဝံသက လှူဒါန်းမှုများအတွက် ရေစက်ချအမျှပေးဝေခဲ့သည်။ ဟိုမိန်းမြို့နယ်ခွဲတွင် ကထိန်အလှူပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**ရဲနောင်(ဟိုမိန်း)**

# သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းနှင့် ရောဂါအကြောင်း ပညာပေးဟောပြောပွဲ၊ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ စတီးခုံတန်းရှည်များ ပေးအပ်လှူဒါန်းပွဲကို လမ်းမတော်မြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါ်မြင့်မြင့်သင်းက သားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များက တန်ဖိုးကျပ် ၃၂ သိန်းခွဲတန်ဖိုးရှိ စတီးခုံတန်းရှည်များကို ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ပပထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များက ဆေးရုံ၌ တက်ရောက်ကုသနေကြသည့် ကင်ဆာဝေဒနာရှင်များကို တစ်နေ့တာအာဟာရကျွေးမွေးလှူဒါန်းခဲ့ပြီး ကာကွယ်ဆေးထိုးနှံပေးမှုကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# အကောက်ခွန်မဲ့ကုန်ပစ္စည်းများနှင့် ကန့်သတ်ကုန်ပစ္စည်းများ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း

**တာချီလိတ် နိုဝင်ဘာ ၂၈**

နိုင်ငံတော်အစိုးရသည် နိုင်ငံအတွက် ထိုက်သင့်သောအခွန်အခများ ရရှိရေး၊ စားသုံးသူအကာအကွယ်ပေးရေး၊ တရားမဝင်ကုန်ပစ္စည်းများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရေးအတွက် တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို စနစ်တကျဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်က တာချီလိတ်ကုန်သွယ်ရေးစခန်း ထုတ်နုတ်အင်အား ရွှေ့လျားလှုပ်ရှားအဖွဲ့မှ တာဝန်ခံညွှန်ကြားရေးမှူး ဦးအောင်သူရ၏ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိ ဦးရည်ချွန်ဦးစီးအဖွဲ့သည် တာချီလိတ်-ကျိုင်းတုံလမ်းကြောင်းပေါ်ရှိ ဝမ်ကောင်းမွန်ကျေးရွာအနီး ရှောင်တခင်သွားရောက်စစ်ဆေးရာ ယာဉ်အမှတ် ၄၀/--- Double Club ပေါ်မှ တစ်ဖက်နိုင်ငံထုတ် သွားတိုက်ဆေး သုံးဖာ၊ ဆံပင်ဆိုးဆေး နှစ်ဖာ၊ ခေါင်းလျှော်ရည် ၁၄ ဖာ၊ မျက်နှာသစ်ဆေး သုံးဖာ စုစုပေါင်း ၂၂ ဖာကို အကောက်ခွန်မဲ့ သယ်ဆောင်လာကြောင်း စစ်ဆေးရှာဖွေတွေ့ရှိခဲ့သည်။



သိမ်းဆည်းရမိ အကောက်ခွန်မဲ့ကုန်ပစ္စည်းများနှင့် ကန့်သတ်ကုန်ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့အပ်နှံပြီး အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **(လ/၀၁၅)**

# ကျေးရွာဆည်အတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံး

**မိတ္ထီလာ နိုဝင်ဘာ ၂၈**

မိတ္ထီလာမြို့နယ် ရှမ်းမငယ်နယ်မြေ ငွေးချိုကျေးရွာမြောက်ဘက် ရှမ်းမငယ်ဆည်တွင် နိုဝင်ဘာ ၂၆ ရက်က ဝါးသုံးတောကျေးရွာမှ ရဲမွန်နှင့်မင်းမင်းပိုင်တို့သည် ဆည်အတွင်းသို့ ရေဆင်းချိုးရာမှ ရဲမွန် (၁၅ နှစ်) သည် ဆည်အတွင်းသေဆုံးသွား၍ ကျေးရွာသားများက အလောင်းကို ဆည်အတွင်းမှ ဆယ်ယူခဲ့ကြသည်။ ရေနစ်သေဆုံးမှုကို ရှမ်းမငယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ပခုက္ကူမြို့နယ်၌ ဆရာတော်တစ်ပါး ကျောင်းအတွင်း ဒဏ်ရာများနှင့် ပျံလွန်တော်မူ

**ပခုက္ကူ နိုဝင်ဘာ ၂၈**

ပခုက္ကူမြို့နယ် ချိုင်ကျေးရွာရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ဆရာတော်တစ်ပါး ကျောင်းအတွင်းအသတ်ခံရမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က ပခုက္ကူမြို့နယ် မြေနီတွင်းကျေးရွာနေ ဦးဝင်းနိုင်နှင့် ဒေါ်ဝင်းရီတို့နေအိမ်၌ သံဃာတော်များအားဆွမ်းကပ်ရာ ချိုင်ကျေးရွာ ရွှေဘုံသာကျောင်း၌ သီတင်းသုံးလျက်ရှိသော ဆရာတော် ဦးနိယမ၊ လူအမည် ဦးသာချို၊ သက်တော် (၅၈) နှစ်၊ ဝါတော် (၃) ဝါမှာ ဆွမ်းစားကြွမလာသဖြင့် ဦးဝင်းနိုင်နှင့် ဒေါ်ဝင်းရီတို့က အဆိုပါဘုန်းကြီးကျောင်းသို့သွားရောက်၍ ဆွမ်းချိုင့်ပို့ရာ ဆရာတော် ဦးနိယမမှာ ဒဏ်ရာများဖြင့် ပျံလွန်တော်မူနေသည်ကို တွေ့ခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆရာတော်အား သတ်သွားသူကို စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ဦးသန်းငွေက တရားလိုပြုတိုင်ကြားခဲ့သောကြောင့် ပခုက္ကူမြို့နယ် ကမ္မနယ်မြေရဲစခန်းက အမှုဖွင့်ထားသည်။ **ကျော်ဇေယျ**

# လမိုင်းမြို့၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

**လမိုင်း နိုဝင်ဘာ ၂၈**

မော်လမြိုင်ခရိုင် ရေးမြို့နယ် လမိုင်းမြို့ မြို့မ(၂) ရပ်ကွက်၌ နိုဝင်ဘာ ၂၇ ရက်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လူနေထိုင်ခြင်းမရှိသော ကနင်ကမော့ကျေးရွာနေ မဒေဝီစန်းလင်း၏နေအိမ်တန်းလျား မီးဖိုချောင်ခေါင်မိုးမှ စတင်မီးလောင်မှုဖြစ်ပွား၍ မီးသတ်ယာဉ်တစ်စီးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နေပြည်သူများ ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခွဲတွင် မီးလုံးဝငြိမ်းခဲ့ပြီး အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ဓနိမိုး၊ ဓနိကာ၊ ပျဉ်ခင်း၊ တစ်ထပ်အိမ်တစ်လုံးနှင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်အိမ်တစ်လုံးဆုံးရှုံးခဲ့ကြောင်း သိရ သည်။ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ နယ်မြေရဲစခန်းက မဒေဝီစန်းလင်းအား အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# အရပ်ပြဇာတ် ဇာတ်ဝင်ခန်းတွင် ယမ်းဖောက်ခွဲရာမှ ဓာတ်လိုက်သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သရက်ချဉ်ကျေးရွာ "အာရုံခံပြည်တော်ပြန်" ဘုရားပွဲ၌ အရပ်ပြဇာတ်ကပြနေသည့် ကိုမျိုးကျော်ကျော် (၃၅ နှစ်)မှာ ပြဇာတ်ကပြနေရင်း သတိလစ်သွားသဖြင့် ဆင်ဖြူကျွန်း တိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားကြောင်း သိရသည်။

မေးမြန်းချက်အရ ပြဇာတ်၏ သေနတ်မှန်သည့် ဇာတ်ဝင်ခန်းတွင် ဆေးနီအရည်ထည့်ထားသော ပူဖောင်းနှင့် ယမ်းထုပ်ကို ကိုမျိုးကျော်ကျော်၏ ဝမ်းဗိုက်တွင်ချည်၍ ဗိုင်ဒေါင်းကုန်းကျေးရွာနေ သိန်းထွေး (၄၈ နှစ်)က နှစ်ပင်လိမ်ဝိုင်ယာကြိုးဖြင့် လျှပ်စစ်ရှော့ခ်တိုက် ဖောက်ခွဲရာက ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် အရေးယူပေးရန်တိုင်တန်းခဲ့၍ သိန်းထွေးအား ဆင်ဖြူကျွန်းနယ်မြေရဲစခန်းက အမှုဖွင့်ထားသည်။

**(ကိုရဲ)**

# ပိုးသတ်ဆေး ပါးစပ်ဖြင့်စုပ်ယူရာက ပါးစပ်ထဲဝင်၍သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အိုင်မကျီးကျေးရွာသို့ နိုဝင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲခန့်က ပိုးသတ်ဆေးသောက်မိ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး သေဆုံးသူမှာ အိုင်မကျီးကျေးရွာနေ ငွေးမြင့်အောင်(ခ) ကိုငွေး (၂၆နှစ်) ဖြစ်ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ငွေးမြင့်အောင်(ခ)ကိုငွေးနှင့် ဇနီးဖြစ်သူ မသင်း(ခ)သင်းသင်းဆွေတို့သည် နိုဝင်ဘာ ၂၆ ရက် ညနေ ၅ နာရီခွဲက အိုင်မကျီးကျေးရွာအနောက်မြောက်ဘက် (၂)မိုင်ခန့်အကွာရှိ ခရမ်းချဉ်စိုက်ခင်း၌ ပိုးသတ်ဆေးဖျန်းစဉ် ဆေးဖျန်းပုံး ဝါရှာမကောင်းသဖြင့် ငွေးမြင့်အောင်(ခ)ကိုငွေးက ပါးစပ်ဖြင့်စုပ်ယူရာက ပိုးသတ်ဆေးများ ပါးစပ်ထဲဝင်သွား၍ မိတ္ထီလာပြည်သူ့ဆေးရုံသို့ တင်ပို့ကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကိုရဲ)**

# မီးဘေးရှောင် မလောင်ခင်တား


## ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၆ လမ်း၊ အပိုင်း(၁)၊ ဒုတိယထပ် (၁)ခန်း (၁၂½×၄၇)ပေ၊ သိန်း ၂၇၀၊ ထောင့်ကွက်၊ ငမိုးရိပ် ၆ လမ်း၊ အပိုင်း(၂)၊ မြေညီ ၁၄ ပေ၊ အမြင့် (၁၂½×၄၇)ပေ သိန်း ၇၅၀၊ ပထမထပ် သိန်း ၂၇၀၊ ဒုတိယထပ် သိန်း ၂၆၀၊ တတိယထပ် သိန်း ၂၅၀၊ (တိုက်သစ် လူမနေရသေး)၊ တရားဝင်ဆောက်လုပ်ခွင့်နှင့် BCC ပါပြီး၊ ဈေးနီး၊ ကျောင်းနီး၊ မှတ်တိုင်နီး၊ နေရာကောင်း၊ (လမ်းကျယ်၊ လမ်းသန့်)၊ ဈေးနှုန်းများအားညှိနှိုင်းဆောင်ရွက်ပေးပါမည်။ (အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်)

ဖုန်း-၄၂၀၂၅၀၅၁၆

## ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၇ လမ်း၊ အပိုင်း ၄၊ ဒုတိယထပ် သိန်း ၂၆၀၊ တတိယထပ်(ဝဲ+ယာ) သိန်း ၂၅၀စီ (၁၂½×၄၇)ပေ၊ တိုက်သစ်၊ လူမနေရသေး၊ တရားဝင်ဆောက်လုပ်ခွင့်နှင့် BCC ပါပြီး၊ ဈေးနီး၊ ကျောင်းနီး၊ မှတ်တိုင်နီး၊ နေရာကောင်း၊ လမ်းကျယ်၊ လမ်းသန့်၊ ဈေးနှုန်းများအားညှိနှိုင်းဆောင်ရွက်ပေးပါမည်။

(အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်)

ဖုန်း-၄၂၀၂၅၀၅၁၆

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၁၄၅၇၀ Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်း ၁၂/မဘန(နိုင်)၀၆၄၅၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀၇ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၂**

ဦးကျော်မင်း နှင့် ဦးရာဇာဝင်း
**တရားနိုင်** **တရားရှုံး**

အထက်အမည်ပါသူ ဦးရာဇာဝင်း အမှတ် ၆/၃၊ စည်ပင်လမ်း၊ ရန်အောင် (၂)ရပ်ကွက်၊ တပ်ကုန်း ပျဉ်းမနားမြို့နယ်၊ နေပြည်တော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၄၀၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးကျော်မင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် (၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်လေးမြင့်)**
**ဒု-ခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## လက်ရှိလည်ပတ်နေသော အလုပ်ရုံ/အထည်ချုပ်စက် ရောင်း/ငှားမည်

ပေ(၄၀×၆၀) ပါဝါမီတာ ၄၁ ကောင်၊ မြောက်ဥက္ကလာပ၊

ဖုန်း-၀၉-၃၁၂၇၅၆၄၇

## ပျောက်ဆုံးကြောင်း

ကျွန်မ မဇီယုခိုင်(၁၂/လမန (နိုင်) ၁၃၆၁၃၅)၏ PP No.(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၇၃၀၂၆၁၂၉

## He Shan (Myanmar) အထည်ချုပ်စက်ရုံတွင် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

He Shan Co.,Ltd သည် အပြည်ပြည်ဆိုင်ရာကုမ္ပဏီတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ထိပ်ဆုံးမှပါဝင်နေသော အထည်ချုပ်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ပထမဆုံးလာရောက်ဖွင့်လှစ်ခြင်းဖြစ်ပါ၍ အောက်ပါဝန်ထမ်းများအား ခန့်ထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ လက်ထောက်စီမံရေးရာမန်နေဂျာ | (HR Deputy Manager) | (၁)ဦး |
| ၂။ ထုတ်ကုန်အရည်အသွေးစစ်မန်နေဂျာ | (Production Manager) | (၂)ဦး |
| ၃။ စကားပြန်(တရုတ်၊English၊မြန်မာ)ကျွမ်းကျင် | (Translater) | (၃)ဦး |
| ၄။ အထည်စစ်ကျွမ်းကျင်ဝန်ထမ်း | (QC Super) | (၃)ဦး |
| ၅။ ထုပ်ပိုးကျွမ်းကျင်ဝန်ထမ်း | (Finishing Super) | (၃)ဦး |
| ၆။ ထုပ်ပိုးကျွမ်းကျင်ခေါင်းဆောင် | (Finishing Leader) | (၂)ဦး |
| ၇။ ဖြတ်ညှပ်ကျွမ်းကျင်ဝန်ထမ်း | (Cutting Super) | (၃)ဦး |
| ၈။ ဖြတ်ညှပ်ခေါင်းဆောင် | (Cutting Leader) | (၃)ဦး |
| ၉။ စက်ချုပ် ကျွမ်းကျင်ဝန်ထမ်း | (Sewing Super) | (၁၀)ဦး |
| ၁၀။ စက်ချုပ် ခေါင်းဆောင် | (Sewing Leader) | (၂၀)ဦး |
| ၁၁။ စက်ပြင်ကျွမ်းကျင် | (Mechanic/Sewing machines) | (၃)ဦး |
| ၁၂။ လျှပ်စစ်ကျွမ်းကျင် | (EP) | (၂)ဦး |
| ၁၃။ ကွန်ပျူတာကျွမ်းကျင် (English/Chinese/Myanmar)ရေး/ဖတ်/ပြော | (Computer) | (၂)ဦး |
| ၁၄။ သိုလှောင်ရုံမှူး (လုပ်ငန်းအတွေ့အကြုံရှိရမည်) | (Store Keeper) | (၃)ဦး |

မှတ်ချက်။ ။(၁) အမှတ်စဉ်(၁)နေရာတွင် အတွေ့အကြုံလုပ်သက်(၁၅)နှစ်အထက်ရှိရမည်။
(၂) အမှတ်စဉ်(၂)နေရာတွင် အတွေ့အကြုံလုပ်သက်(၁၀)နှစ်အထက်ရှိရမည်။
(၃) ကျွမ်းကျင်ဝန်ထမ်းများသည် လုပ်သက်(၃)နှစ်အထက်ရှိရမည်။
(၄) QC/Super/Leader ပုသိမ်မြို့တွင်နေထိုင်သူကို ဦးစားပေးခန့်ထားမည်။

**ဆက်သွယ်ရန်။ ။He Shan(Myanmar) အထည်ချုပ်စက်ရုံ၊ စက်မှုဇုန်၊ ကင်မလင်းကျွန်း၊ ပုသိမ်မြို့။ Ph. 09-253280383,09-788163114,09-49749263**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဖြိုးဝေအောင် ၃/ဘအန(နိုင်)၁၂၈၁၂၉ ၏ PP No.737398 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၆၀၈၀၃၀

# အား/ကာ သိပ္ပံ(ရန်ကုန်) ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၈**

အား/ကာသိပ္ပံပေါင်းစုံအားကစားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ရည်ရွယ်ကျင်းပသည့် အား/ကာ သိပ္ပံ (ရန်ကုန်) ချစ်ကြည်ရေးပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

နံနက်ပိုင်းတွင် ဗိုလ်လုပွဲ ပွဲစဉ်များကျင်းပပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အား/ကာ သိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ ပြေးခုန်ပစ်အားကစားနည်း နည်းစနစ်အကြံပေး ဦးကျော်ဇင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၂၇ နှင့် ၂၈ ရက်တို့တွင် နှစ်ရက်ကြာကျင်းပခဲ့ပြီး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲအမျိုးအစား ၄၀ ထည့်သွင်းကျင်းပခဲ့သည်။ အား/ကာ သိပ္ပံ (ရန်ကုန်) အပါအဝင် အား/ကာ သိပ္ပံ (တောင်ကြီး)၊ တပ်မတော်လေ၊ တပ်မတော်ရေတို့မှ အားကစားသမား ၁၃၃ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အား/ကာ သိပ္ပံ (ရန်ကုန်) အနေဖြင့် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိစေရန် ယင်းပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

# မြန်မာအင်တာနေရှင်နယ် အိုးပင်းစစ်တုရင်ပြိုင်ပွဲ ဝင်းကျော်ထွန်း ပထမဆုဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာအင်တာနေရှင်နယ် အိုးပင်းစစ်တုရင်ပြိုင်ပွဲ (၂၀၁၅) ကို နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ကျင်းပရာ မြန်မာပြည်ချန်ပီယံအင်တာနေရှင်နယ် မာစတာဝင်းဇော်ထွန်းက ပထမဆုရရှိသွားကြောင်း သိရသည်။

ပြိုင်ပွဲတွင် ရမှတ် ၇ ဒသမ ၅ မှတ်ဖြင့် ပထမဆုရရှိခဲ့သည့် အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းက ဆုကြေးအမေရိကန် ဒေါ်လာ ၃၀၀၀ ရရှိခဲ့သည်။ ထို့နောက် ဗီယက်နမ်ဂရင်းမာစတာ GM Nguyen Duc Hok က ရမှတ် ခုနစ်မှတ်ဖြင့် ဒုတိယ၊ အိန္ဒိယ အင်တာနေရှင်နယ်မာစတာ IM Sunilduth Lyua Narayanan ကရမှတ် ခုနစ်မှတ်ဖြင့် တတိယ၊ ဂျာမန် ဂရင်းမာစတာ GM Schebler Gerhard က ရမှတ်ခြောက်မှတ်ခွဲဖြင့် စတုတ္ထရရှိခဲ့သည်။

အသက် ၁၈ နှစ် အောက်အကောင်းဆုံးဆုကို မောင်မောင်ကျော်ဇောဟိန်းနှင့် မျိုးသီဟလွင်တို့ကလည်းကောင်း၊ အသက် ၁၀ နှစ်အောက် အကောင်းဆုံးဆုကို ဖိလစ်ပိုင်မှ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် မာစတာ FM Nouri Alekhine ကလည်းကောင်း၊ အတိုးတက်ဆုံး အမျိုးသားလူငယ်ကစားသမားဆုကို မင်းသော်ကိုနှင့် ကောင်းမွန်သာတို့ကလည်းကောင်း၊ အတိုးတက်ဆုံး အမျိုးသမီးလူငယ်ကစားသမားဆုကို ဝင်းလဲ့လဲ့ဝါတို့ကလည်းကောင်း ရရှိကြသည်။

ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ နိုဝင်ဘာ ၂၇ ရက် ညနေ ၄ နာရီခွဲက ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်တာဝန်ရှိသူများက ဆုရရှိသည့်အားကစားသမားများကို ဆုများချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ယင်းပြိုင်ပွဲတွင် ဂရင်းမာစတာသုံးဦး၊ အင်တာနေရှင်နယ် မာစတာငါးဦး၊ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် မာစတာကိုးဦးအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အဆင့်မြင့်စစ်တုရင်သမား ၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**




# မန္တလေးမြို့၌ ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၈**

(၁၁)ကြိမ်မြောက် Horizon Street Ball ဘတ်စကက်ဘော ပြိုင်ပွဲကို နိုဝင်ဘာ ၂၈ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် ၅၈ လမ်းရှိ Horizon ကျောင်းအားကစားခန်းမ၌ကျင်းပရာ မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ရှိ ကျောင်းပေါင်းစုံမှ ဘတ်စကက်ဘော အသင်း ၄၇ သင်းတို့မှ အားကစားမောင်မယ် ၁၈၈ ဦး ပါဝင်ကြပြီး (အမျိုးသား၊ အမျိုးသမီး) အသက် ၁၅ နှစ်အောက်ပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက်ပြိုင်ပွဲနှင့် အလွတ်တန်း အမျိုးသားပြိုင်ပွဲ ပွဲစဉ်များတွင် ယှဉ်ပြိုင်ကြသည်။ အလွတ်တန်းအမျိုးသား ပြိုင်ပွဲတွင် ပထမ Sky အသင်း၊ ဒုတိယ ကောင်းဆုအောင်အသင်း၊ တတိယ USA အသင်းတို့ကို အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆုငွေ၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။




**တင်မောင် (မန်းကိုယ်ပွား)**


ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဒီဇင်ဘာ (၂/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441


## ပြင်ဆင် ဖတ်ရှုပါရန်

၂၈-၁၁-၂၀၁၅ ရက်ထုတ် စာမျက်နှာ ၂၈ ပါ ပုံစံ(ဃ)ပျောက်လျှောက်ထားခြင်း ကြော်ငြာတွင် ၈က/၉၆၇၄အစား ၈က/၉၆၃၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။


## တိုက်ခန်းငှားမည်

ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင် လမ်းသွယ်(၂)လမ်း၊ သုံးလွှာ၊ ပေ(၂၀×၅၀) ထောင့်ခန်း

ဖုန်း-၀၉-၅၁၁၄၂၂၃၊ ၀၉-၅၀၂၁၂၃၅


## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/ 2178 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ၁၉၆၈-၆၉-၇၀ ခုနှစ် ဘူမိဗေဒဘွဲ့ရ ကျောင်းသား/သူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

**ကျင်းပမည့်နေ့ရက်** - ၄-၁-၂၀၁၆ (လွှတ်လပ်ရေးနေ့)
**ကျင်းပမည့်အချိန်** - နံနက် (၁၀း၀၀)နာရီ
**ကျင်းပမည့်နေရာ** - NOVOTEL YANGON MAX HOTEL (Pathein Ballroom)
No. 459, Pyay Road, Kamayut Tsp, Yangon.
Tel: 2305858, 2305906

အပေါင်းအသင်းရောင်းရင်းများအားလုံး ဖိတ်ကြားအပ်ပါသည်။
ဆရာ၊ ဆရာမများကို ဂါရဝပြုရန်နှင့် မိတ်ဟောင်းဆွေဟောင်းများ၏ ခင်မင်မှုကို ပြန်လည်ဆန်းသစ်ရန် ဖြစ်ပါသည်။
မိမိတို့တက်အားသ၍ ကုသိုလ်ပါဝင်ရန် ဆန္ဒရှိသူများအောက်ဖော်ပြပါ သူငယ်ချင်းများထံ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

(၁) ဦးမြင့်ဝေ ဖုန်း-၆၄၁၁၉၂၊ ၆၄၁၉၅၀၊ ၀၉-၅၁၉၇၆၁၃
(၂) ဦးသိန်းဝင်း ဖုန်း-၅၈၃၅၃၆၊ ၀၉-၅၁၆၉၅၂၁
(၃) ဦးတင်ကျော်သန်း ဖုန်း-၅၇၁၀၂၈၊ ၀၉-၅၀၀၂၅၈၁
(၄) ဦးတင့်နောင် ဖုန်း-၂၂၅၅၆၉၊ ၀၉-၅၀၀၃၉၀၂
(သီးခြားဖိတ်စာမပို့ပါ)


PUN HLAING SILOAM HOSPITALS

"သင့်မျက်နှာနှင့် ခန္ဓာကိုယ်ကိုစိတ်တိုင်းမကျဖြစ်နေပါသလား"

Department of Plastic (Reconstructive & Aesthetic Surgery)

မိမိကိုယ်ကို ယုံကြည်မှုပိုမိုပြည့်ဝစေရန် နှင့် ပိုမိုလှပလာစေရန်အတွက်အလှအပနှင့်အပြောင်းအလဲဆိုင်ရာခွဲစိတ်ကုသမှု ဆရာဝန်နှင့်တိုင်ပင်ဆွေးနွေးရမယ့်အချိန် ရောက်ပါပြီ... "ပန်းလှိုင်စီလုံဆေးရုံ" ကြီးတွင် အီတလီနိုင်ငံမှ ဆရာဝန်ကြီးကိုယ်တိုင် ၂၄/၇ ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။



ဆရာဝန်ကြီးနှင့် အခမဲ့ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် မိမိ၏လှပမှုကိုစိတ်ကျေနပ်စွာရယူလိုက်ပါ။ (အပတ်စဉ် တနင်္ဂနွေနေ့ နှင့် တနင်္လာနေ့တိုင်း နံနက် ၉း၀၀ နာရီမှ နေ့လယ် ၁း၀၀ နာရီအထိ)

LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် - ရန်ကုန် (၀၁) [illegible] / မန္တလေး (၀၂) [illegible] Email : marketing.phsh@spa-mm.com

ရန်ကုန်မြို့ပြ အမွေအနှစ်များရဲ့ ရာဇဝင်

# မိုမိုကြီးရဲ့ နှုတ်ဆက်သံနဲ့အတူ နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်တဲ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်




သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ- နေသန်

ရန်ကုန် နိုဝင်ဘာ ၂၈

***ရန်ကုန်မြို့ရဲ့ အိုအေစစ်လို့ တင်စားခေါ်ဝေါ်နိုင်တဲ့ နေရာလေးတစ်ခု မြို့လယ်ကောင်မှာရှိပါတယ်။ ကျီးမြည်သံ တအာအာ၊ အဆက်မပြတ် ကြိုးခွေကြိုးခွေလို့ အော်မြည်နေတဲ့ ကိုရွှေမျောက်တို့အသံ၊ အိုးဝေအိုးဝေဆိုသော ဥဒေါင်းငှက်၏ တွန်သံတို့ကနေ အစပြုတဲ့ အမိုးနီနီ အုတ်တံတိုင်းကြီးကို ရောက်တယ်ဆိုရင်ပဲ လူကြီး၊ ကလေး အားလုံး အေးချမ်းတဲ့ စိတ်ဘဝင်တွေကို ပိုင်ဆိုင်သွားစေပါတယ်။***

မြန်မာနိုင်ငံရဲ့ ပထမဆုံးသော တိရစ္ဆာန်ရုံကို ဖယ်ရာပြတိုက်အနီးမှာ ၁၈၈၂ခုနှစ်က စတင်ထားရှိခဲ့ဖူးပါတယ်။ နေရာကတော့ အခု ရန်ကုန်ပြည်သူ့ဆေးရုံကြီး နေရာဖြစ်ပြီး နောက်ပိုင်းမှာ အများပြည်သူတွေ အပန်းဖြေလေ့လာလည်ပတ်စရာ အတွက်ရော၊ တောရိုင်းတိရစ္ဆာန်တွေလည်း အေးချမ်းကျယ်ဝန်းစွာ နေထိုင်နိုင်မယ့်ကန်တော်ကြီးအနီးက ယခုနေရာမှာ စတင်တည်ထောင်ဖို့အတွက် ၁၉၀၀ပြည့်နှစ်မှာ ဆုံးဖြတ်ခဲ့ကြတယ်လို့ သမိုင်းမှတ်တမ်းများအရ သိရပါတယ်။

ပြည်သူလူထုရဲ့ စုပေါင်းလှူဒါန်းခဲ့ကြမှုနဲ့ ငွေကျပ် နှစ်သိန်းခွဲ နီးပါး အကုန်အကျခံပြီး ဆောက်ခဲ့တဲ့ အခုမြင်တွေ့ရတဲ့ အဆောက်အအုံကြီးကို ၁၉၀၁ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အကျယ်အဝန်း စုစုပေါင်း ၁၄ ဧက ပေါ်မှာ တောရိုင်းတိရစ္ဆာန်တွေအတွက် စနစ်တကျနဲ့ ကျယ်ဝန်းတဲ့ အဆောက်အအုံတွေ၊ အနားယူစရာနေရာတွေနဲ့ သဘာဝနဲ့ လိုက်လျောညီထွေဖြစ်မယ့် အခြေခံအဆောက်အအုံတည်ဆောက်တာတွေ အားလုံးကို ငါးနှစ်နီးပါး အချိန်ယူ တည်ဆောက်ခဲ့ရပါတယ်။

နိုင်ငံတကာကရော၊ ပြည်တွင်းကပါ တောရိုင်းတိရစ္ဆာန်တွေနဲ့ အမျိုးမျိုးသော သတ္တဝါမျိုးစိတ်တွေ၊ မျိုးရင်းတွေကိုနှစ်နဲ့ချီ စုဆောင်းရင်း ၁၉၀၆ခုနှစ်မှာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးကို စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်လို့ အခုဆိုရင် နှစ်ပေါင်း ၁၀၉ နှစ် ရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီတုန်းက သူ့ရဲ့မူလနာမည်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တော့ မဟုတ်သေးပါဘူး။ ဝိတိုရိယအထိမ်းအမှတ်ပန်းခြံနှင့် တိရစ္ဆာန်ရုံလို့ အမည်တွင် ခဲ့ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ကိုလိုနီခေတ်မှာ တည်ဆောက်ခဲ့တာဖြစ်လို့ ဝိတိုရိယကို အထူးပြုခဲ့ကြတာပဲဖြစ်ပါတယ်။ သို့သော် အဲဒီတိရစ္ဆာန်ရုံကြီးထဲကို ထည့်သွင်းပြသခဲ့တဲ့ တိရစ္ဆာန်တွေထဲမှာ မြန်မာသက်ဦးဆံပိုင်ဘုရင်ခေတ်ရဲ့ အရှင်သခင်၊ ကုန်းဘောင်မင်းဆက်ရဲ့ နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ သီပေါဘုရင် ပိုင်ဆိုင်ခဲ့တဲ့ ဆင်ဖြူတော်လည်း ပါဝင်ခဲ့ပါတယ်။

အာဖရိကက ဝင်ရောက်လာခဲ့တဲ့ ခြသေ့ဖြူမကြီးဟာ ရန်ကုန်မြို့ရဲ့ တိရစ္ဆာန်ရုံထဲမှာ ပျော်ရွှင်နေခဲ့တဲ့ အချိန်ဖြစ်ပြီး မွန်ပြည်နယ်ဘက်ကနေ ရောက်ရှိလာခဲ့တဲ့ သမင်သားအမိဟာလည်း သဘာဝနဲ့ လိုက်လျောညီထွေခဲ့တဲ့ အဆင်အပြင်တွေကြောင့် ပျော်ရွှင်နေကြတယ်လို့ ၁၉၄၆ခုနှစ်က ထုတ်ဝေခဲ့တဲ့ အာရှတစ်ခွင် ခရီးသွားခြင်းစာအုပ်မှာ ခရီးသွားသတင်းထောက် W.D James က ရေးသားထားခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားတဲ့ ၁၉၄၂ ခုနှစ်မှာ ရန်ကုန်တစ်မြို့လုံး စစ်ဒဏ်သင့်ခဲ့ရချိန်မှာ တိရစ္ဆာန်ရုံကြီးလည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခံစားခဲ့ရသေးပါတယ်။ ရှေးလူကြီးအချို့ရဲ့ ပြောစကားအရဆိုရင် ကျားလှောင်အိမ်တွေ ဗုံးဒဏ်ကြောင့် ပွင့်ထွက်ကုန်တာမို့ ကျားတွေ အပြင်ထွက်လာတာတောင်



ရှိခဲ့တယ်လို့ တစ်ဆင့်စကား မှတ်သားဖူးပါတယ်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၁ ခုနှစ်အရောက်မှာ နိုင်ငံတော်ကနေပြီး ပန်းခြံကြီးကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်လို့ ပြောင်းလဲစတင်ခေါ်ဝေါ်ခဲ့ပြီး ၁၉၆၂ မှာ ၆၉ ဒသမ ၂၅ ဧကအထိ အလွန်ကျယ်ဝန်းပြီး ပြီးပြည့်စုံတဲ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးဟာ ပိုမိုသာယာလှပလာပါတော့တယ်။

သားရဲတိရစ္ဆာန်တွေကိုသာ ဖြည့်တင်းခဲ့တာမဟုတ်ဘဲ များပြားလှတဲ့ အရိပ်ရသစ်ပင်ကြီးများနဲ့ ရှားပါးသစ်ခွများအပါအဝင် ပန်းမန်မျိုးပေါင်းများစွာကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့တာဖြစ်လို့ မျိုးရင်းပေါင်း ၃၀၀ ကျော်နဲ့ ပန်းပင်ပေါင်းတစ်သောင်းခွဲကျော်တို့ လက်ရှိမှာရှင်သန်ဖူးပွင့်နေကြတာဖြစ်ပါတယ်။ သစ်ပင်ကြီးတွေဟာ နာဂစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်တဲ့အခါ ပျက်စီးမှုတွေရှိခဲ့ပြီး ပျက်စီးသွားတဲ့ သစ်ပင်ကြီးတွေရဲ့ ပင်စည်တွေကို ဖြတ်တောက်လို့ ပန်းပုထုဆစ်ထားတဲ့ လက်ရာတွေကိုလည်း ယနေ့မြင်တွေ့ရပါတယ်။

၂၀၀၃ခုနှစ်မှာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးကို ဝိတိုရိယခေတ် လက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံခဲ့ပြီးနောက်ပိုင်းမှာ လာရောက်သူဟာ တစ်နှစ်မှာ ယခင်က ၁ ဒသမ ၁ သန်းသာ လည်ပတ်ရာကနေ ၂ သန်းအထိ တိုးတက်လာခဲ့တယ်လို့ လက်ရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို တာဝန်ယူထားတဲ့ ထူးကုမ္ပဏီ အုပ်စုမှ သိရှိရပါတယ်။

လက်ရှိမှာ နို့တိုက်သတ္တဝါ ၆၀ကျော်မှ အကောင်ရေ ၆၀၀ကျော်၊ ငှက်အမျိုးအစားပေါင်း ၆၇မျိုးမှ အကောင်ရေ ၅၀၀ကျော်နှင့် တွားသွားသတ္တဝါ ၁၈ မျိုးမှ အကောင်ရေ ၂၀၀ ဝန်းကျင်တို့အတွက် လုံခြုံစိတ်ချရတဲ့ နေထိုင်စရာ အဆောက်အအုံတွေက ကိုလိုနီခေတ် ဝိတိုရိယလက်ရာအဆောက်အအုံများဖြစ်တဲ့အားလျော်စွာ အလွန်ကြီးမားခိုင်ခံ့ခြင်းနဲ့ လုံခြုံစိတ်ချရခြင်းရှိပေမယ့် ကြာမြင့်လာတဲ့အတွက် ပြန်လည်ပြုပြင်နေရတယ်လို့ သိရပါတယ်။

"အဆောက်အအုံတွေက အလွန်စနစ်တကျနဲ့ တည်ဆောက်ထားတာကို တွေ့ရပါတယ်။ ပျက်စီးတယ်ဆိုတာကလည်း နှစ်ကာလကြာရှည်လာခဲ့လို့ပါ။ အုတ်ကြွပ်မိုးတွေ ကွာကျတာမျိုးဖြစ်သလို သံတိုင်တွေက သံချေးတွေကြောင့် ပြန်လည်အစားထိုး လဲလှယ်ရတာမျိုး ရှိပါတယ်"လို့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ပုဂ္ဂလိက ကုမ္ပဏီကို လုပ်ပိုင်ခွင့်ချထားပေးခဲ့တဲ့ နောက်ပိုင်းမှာ ဝင်ကြေးကို လူကြီး ၁၀၀၀ကျပ်နှင့် ကလေး ၅၀၀ကျပ် နှုန်းနဲ့ ကောက်ခံပြီး တိရစ္ဆာန်များရဲ့ နေထိုင်စားသောက်မှုတို့ကိုလည်း ပိုမိုဂရုပြု ကျွေးမွေးလာတာကို တွေ့ရတဲ့အပြင် အပတ်စဉ် စနေ၊ တနင်္ဂနွေနဲ့ အစိုးရရုံးပိတ်ရက်တွေမှာ ယဉ်ပါးတိရစ္ဆာန်များရဲ့ ဖျော်ဖြေပွဲတွေဖြစ်တဲ့ ဆင်လိမ္မာပြပွဲ၊ မြွေအလမ္ပာယ် ပြပွဲများနှင့် မျောက်ကပွဲတွေကိုလည်း ဆင်ရုံအနီးမှာရှိတဲ့ နှစ်တစ်ရာကျော် ကြာမြင့်နေတဲ့ တိရစ္ဆာန်တွေ စင်မြင့်ထက်မှာ ပြသနေတာကို တွေ့ရပါတယ်။

"အားလုံးက အရင်ကမြင်ကွင်းတွေအတိုင်းပါပဲ။ အပြောင်းအလဲဆိုတာတွေက တကယ့်အဆောက်အအုံတွေမှာ မရှိပါဘူး။ ရေကန်တွေကအစ အရင်ကအတိုင်းကို ပြန်ပြင်ထားတာပါ။ ကျွန်တော်ဒီမှာ အလုပ်လုပ်တာ နှစ်ပေါင်း ၄၀ ကျော်ပြီ။ စနစ်တကျ ဆောက်ခဲ့လို့လားမသိဘူး အားလုံးက အကောင်းတိုင်းရှိနေခဲ့တယ်"လို့ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။

ပြီးခဲ့တဲ့လက မိုမိုကြီးရဲ့ မွေးနေ့မင်္ဂလာကို သူချစ်တဲ့ သူ့မိသားစုဝင်တွေနဲ့ ပျော်ပျော်ကြီးကျင်းပခဲ့ပါတယ်။ မိုမိုလိုပဲ သဘာဝသစ်တောကြီးတွေထဲမှာ နေထိုင်ကျက်စားကြတဲ့ တိရစ္ဆာန်လေးတွေဟာ လူတွေအပန်းဖြေဖို့နဲ့ ဗဟုသုတရဖို့အတွက် ရန်ကုန်မြို့လယ်ကောင်ထဲက သံတိုင်တွေအနောက်ကို ရောက်လာကြရပါတယ်။ သံတိုင်ကြီးတွေဟာ နှစ်ပေါင်း တစ်ရာကျော် ကြာမြင့်ခဲ့ပေမယ့် သူတို့ကို လုံခြုံမှုတွေ ပေးစွမ်းနေဆဲပါ။ တိရစ္ဆာန်ရုံထဲမှာ "တနင်္ဂနွေ အပန်းဖြေ" သီချင်းသံဟာ လွင့်ပျံ့နေပါတယ်။ နှစ်ပေါင်းများစွာ ကြာလာသော်လည်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးဟာ ရန်ကုန်မြို့လယ်ကောင်ကြီးမှာ အိုအေစစ် သစ်တောကြီးသဖွယ် ဆက်လက်တည်ရှိနေဆဲပါပဲ။



**တိရစ္ဆာန်ရုံကြီးထဲကို ထည့်သွင်း ပြသခဲ့တဲ့ တိရစ္ဆာန်တွေ ထဲမှာ မြန်မာ သက်ဦးဆံပိုင် ဘုရင်ခေတ်ရဲ့ အရှင် သခင်၊ ကုန်းဘောင် မင်းဆက်ရဲ့ နောက်ဆုံး မျိုးဆက်ဖြစ်တဲ့ သီပေါ ဘုရင် ပိုင်ဆိုင်ခဲ့တဲ့ ဆင်ဖြူတော်လည်း ပါဝင်ခဲ့**

ခ ရီး သွ ား ဆေ ာ င် း ပါ း

# ကလောမြို့ကို ရောက်ခဲ့တယ် . . .

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်



ကလောမြို့ ရှုခင်းအား စိမ်းစိုလှပသည့်တောင်တန်းများနောက်ခံနှင့်အတူ တွေ့မြင်ရစဉ်။

**ကားပေါ်မှဆင်းလိုက်သည်နှင့် တဖွဲဖွဲကျဆင်းနေသော နှင်းများကဆီးကြိုနေသည်။ ပတ်ဝန်းကျင်မြင်ကွင်းတစ်ခုလုံးက ဇာပဝါပါးဖြင့် ဖုံးလွှမ်းထားသလို မပီဝိုးတဝါး၊ ညှင်းသွဲ့သွဲ့တိုက်ခတ်နေသည့် လေအေးကြောင့် ချမ်းစိမ့်မှုက ရင်ထဲအထိလှိုက်တက်လာသည်။ မြေပြန့်မြင်ကွင်းနှင့် ကွဲပြားစွာမြင်တွေ့ရသည့် တောင်တန်းများ၊ ဒေသခံတိုင်းရင်းသားများ၏ အသွင်အပြင်၊ စကားသံများနှင့် လှုပ်ရှားမှုများကြောင့် ကလောမြို့သို့ရောက်ရှိခဲ့ပြီဟု သိလိုက်သည်။ တစ်နှစ်ပတ်လုံးနီးပါး အအေးဓာတ်လွှမ်းခြုံနေတတ်သော ကလောမြို့ကို ကျွန်တော်လေ့လာခွင့်ရပြီဖြစ်သည်။**

တောင်ကြီးမြို့သို့ ကားဖြင့် အကြိမ်ကြိမ်သွားရောက်ခဲ့တိုင်း ကလောမြို့ကို ဖြတ်သွား၊ ဖြတ်ပြန်သာရှိခဲ့သည်။ မရောက်ဖြစ်ခဲ့။ ယခုအကြိမ်တွင် ကလောမြို့သို့ တောင်ကြီးမှအပြန် သီးသန့်ဝင်ရောက်ခဲ့ခြင်းဖြစ်ရာ သဘာဝအအေးဓာတ်နှင့် နှင်းမြူဖွေးဖွေးတို့က ဆီးကြိုလိုက်ခြင်းပင်ဖြစ်သည်။ ကလောမြို့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တောင်ကြီးခရိုင်အတွင်း တည်ရှိပြီး ပင်လယ်ရေ မျက်နှာပြင်အထက် မီတာ ၁၃၂၀ အမြင့်တွင် တည်ရှိသည့်မြို့ဖြစ်သည်။ ပတ်ဝန်းကျင်တွင် မြင်မြင်သမျှ ရှမ်းတောင်တန်း၊ တောင်စွယ်များက မြူနှင်းတို့အုံ့ဆိုင်းလွှမ်းခြုံလျက်ရှိနေသည်။

ကလောမြို့အတွင်း ပြည်ထောင်စုလမ်းမကြီးအတိုင်း ဝင်ရောက်ခဲ့ရာ အနွေးထည်များ၊ ခေါင်းဆောင်းများ ကိုယ်စီ ဝတ်ဆင်လျက် သွားလာနေသော ဒေသခံများ၊ မြို့သူမြို့သားများကို မြင်တွေ့ရသည်။ ကလောမြို့က သာစည်-တောင်ကြီးကားလမ်းပေါ်တွင် တည်ရှိပြီး အအေးဓာတ်လျော့သည့်နေ့တွင်ပင် ၂၄ ဒီဂရီစင်တီဂရိတ်ရှိသလို တစ်နေကုန် တစ်နာရီသုံးမိုင်နှုန်းခန့် လေအေးများတိုက်ခတ်လျက်ရှိရာ သဘာဝအအေးဓာတ်ကို နှစ်သက်သူကျွန်တော့်အတွက် အကြိုက်ပင်ဖြစ်သည်။

ကလောမြို့က မြို့နယ်ရုံးစိုက်သည့် မြို့ဖြစ်ရာ ကလောမြို့နယ်အတွင်း အောင်ပန်း၊ ဟဲဟိုးမြို့များက နာမည်ကြီးသည်။ ဟဲဟိုးမြို့တွင် လေယာဉ်ကွင်းရှိသဖြင့် ဟဲဟိုးမှတစ်ဆင့် ၁၆ မိုင်ခန့်ဝေးသော ကလောမြို့သို့ ကားဖြင့် လာရောက်နိုင်သည်။ အောင်ပန်းမြို့က လိမ္မော်ခြံများရှိပြီး အောင်ပန်းလိမ္မော်က နာမည်ကြီးသည်။ အောင်ပန်းမြို့အနီး လိမ္မော်ခြံတစ်ခြံမှ လိမ္မော်သီးများ ဆွတ်ခူးစားခဲ့သော လွန်ခဲ့သည့် လေးနှစ်ခန့်က အဖြစ်အပျက်ကို ပြန်သတိရမိသည်။ အမွှာကြီးပြီး အရသာအချိုလေးသော အောင်ပန်းလိမ္မော်သီးများကို မမေ့။

ကလောမြို့တွင် အထပ်မြင့်တိုက်တာများမရှိသော်လည်း အိုးအိမ်တိုက်တာများမှာ သပ်သပ်ရပ်ရပ်ရှိသည်။ ကလောမြို့ဈေးသို့ ရောက်ရှိခဲ့ရာ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေသည်။ ခေါင်းပေါင်းကာ ဈေးရောင်းနေသော ရှမ်းအမျိုးသမီးကြီးများ၊ ရှမ်းတိုင်းရင်းသားများကို တွေ့ရသည်။ သီတင်းတစ်ပတ်လျှင် ငါးရက်ဖွင့်လှစ်ရောင်းချသော ဈေးဖြစ်ပြီး ကလောမြို့အနီးဝန်းကျင်ရွာများမှ ဒေသထွက်ကုန်များဖြစ်သည့် ဟင်းသီးဟင်းရွက်၊ ဖျော်ရည်၊ သစ်သီးဝလံနှင့် ပန်းများကို ဒေသခံရွာသူရွာသားများ ကိုယ်တိုင်လာရောက် ရောင်းချကြသည်ကို တွေ့ရသည်။

ဈေးအတွင်း အနွေးထည်များ၊ စောင်များ၊ အထည်များအပြင် ကုန်ပစ္စည်းမျိုးစုံ၊ ဆန်အမျိုးမျိုးရောင်းချရာတွင် ရှမ်းဆန်များကို ရောင်းချနေသည်ကိုလည်း တွေ့ရသည်။ ကျွန်တော်က ရှမ်းဆန်ဖြင့် ချက်သောထမင်းကို ကြိုက်သည်။ ရှမ်းရိုးရာအစားအစာဖြစ်သော ရှမ်းခေါက်ဆွဲ၊ ရှမ်းထမင်းချဉ်၊ ရှမ်းခေါပုတ် စသည်တို့ကို နှစ်သက်ရာ ရှမ်းပြည်နယ်သို့တာဝန်ဖြင့် ခရီးသွားတိုင်း ရှမ်းစာတစ်မျိုးမျိုးကို နေ့စဉ်စားဖြစ်သည်။ ရန်ကုန်တွင် ရှမ်းအစားအစာများကို နေရာတိုင်း၌ ရောင်းချနေရာ ဝယ်ယူစားသုံးဖူးသော်လည်းခံတွင်းမတွေ့၊ စိတ်တိုင်းမကျ၊ ရှမ်းအစားအစာများကို ရှမ်းပြည်နယ်တွင်စားရသည်နှင့်အရသာချင်းမတူ၊ စိတ်ခံစားမှုနှင့် အရသာက တစ်ထပ်တည်းမဖြစ်။ ကလောဈေးအတွင်းရောင်းချသည့် ရှမ်းခေါက်ဆွဲဆိုင်ဝင်၍ ဝယ်ယူစားလိုက်သည်။ ရာသီဥတုက အေးအေး၊ နှင်းတွေဝေနေအောင် ကျဆင်းနေသည့် နံနက်ခင်းတွင် ရှမ်းခေါက်ဆွဲပူပူနွေးနွေးကို စားရသည်မှာ ရှမ်းအစားအစာအရသာနှင့် စိတ်ခံစားမှုကတစ်ထပ်တည်းကျကာ စိတ်ကျေနပ်မှုအတိဖြစ်စေသည်က အမှန်ပင်။

ကလောဈေးအတွင်း လိုက်လံကြည့်ရှုပြီးနောက် သိန်းသောင်းဘုရားဘက်သို့ ထွက်ခဲ့သည်။ ပြည်ထောင်စုလမ်းမကြီးမြောက်ဘက်တွင်တည်ရှိပြီး ကလောဈေးနှင့် မနီးမဝေးတွင်တည်ရှိသဖြင့် သွားလာရသည်မှာအဆင်ပြေသည်။ သိန်းသောင်း ဘုရားအား လာရောက်ဖူးမြော်လေ့လာကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ဝင်ကြေးမပေးရ၊ အခမဲ့ဝင်ရောက်လေ့လာခွင့်ရကြသည်။ ဘုရားဖူးအချို့တွေ့ရပြီး နိုင်ငံခြားသား လေးငါးဦးတို့ဓာတ်ပုံရိုက်မှတ်တမ်းတင်နေကြသည်ကို တွေ့ရသည်။ သိန်းသောင်းဘုရားပေါ်မှ ကလောဈေးမြင်ကွင်းကို လှမ်းမျှော် ကြည့်ရှုနိုင်လေသည်။

သိန်းသောင်းဘုရားမှနေ၍ ဆုတောင်းပြည့်ဘုရားသို့ထွက်ခဲ့သည်။ အောင်သပြေလမ်းတွင်ရှိသော ဆုတောင်းပြည့်ဘုရားက နေ့ပိုင်းဖွင့်ပြီး ညပိုင်းတွင် ပိတ်ကြောင်းသိရသည်။ ကလောဈေး၏ တောင်ဘက်တွင်ရှိပြီး ဘုရားဖူးအချို့ လာရောက်ဖူးမြော်နေကြသည်။ ဒေသခံရှမ်းတိုင်းရင်းသားမိသားစုတစ်စုက ရိုးရာ ဝတ်စုံများဝတ်ဆင်ကာ ဘုရားဖူးလာကြသည်ကိုလည်းတွေ့မြင်ရသည်။ သူတို့သည် ကလောမြို့အနီး ကျေးရွာတစ်ရွာမှဖြစ်မည်ဟု တွေးမိသည်။

ဆုတောင်းပြည့်စေတီမှနေ၍ ကလောမြို့လယ်ရှိ အောင်ချမ်းသာစေတီသို့ရောက်ရှိခဲ့သည်။ ရွှေ၊ ငွေနှင့် ရောင်စုံမှန်များကြောင့် အောင်ချမ်းသာစေတီကိုဖူးမြော်ရသည်မှာသဒ္ဓါတရား၊ ကုသိုလ်ကောင်းမှု အကျိုးတရားများကို စိတ်သဏ္ဍာန်တွင်ဖြစ်ပေါ်စေသည်။ ဆုတောင်းပြည့်စေတီရှေ့တွင် နိုင်ငံခြားသားခရီးသွား ဧည့်သည် နှစ်ဦးထိုင်ကာ ကလောမြို့မြေပုံကို ခေါင်းချင်းဆိုင် ကြည့်ရှုနေကြသည်ကိုတွေ့ရသည်။ ပွင့်လင်းရာသီရောက်လာပြီဖြစ်ရာ ခရီးသွားဧည့်သည်များကို မြန်မာနိုင်ငံတစ်ဝန်းနေရာအများအပြားတွင် မြင်တွေ့နေရပြီ ဖြစ်သည်။

ဆက်လက်ပြီး နှီးဘုရားသို့ ဆက်လက်ထွက်ခွာခဲ့သည်။ နှီးဘုရားသည်ဝါးများကိုနှီးဖြာပြီးပူဇော်ပြုလုပ်ထားခြင်းဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ ခန့်ကတည်းက ပြုလုပ်ပူဇော်ထားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ နှီးဘုရားတွင် ဒေသခံတိုင်းရင်းသား အချို့ ဘုရားလာရောက်ဖူးမြော်ပြီး နားနားနေနေထိုင်နေကြ သည်ကို တွေ့ရသည်။ နှီးဘုရားအားဖူးမြော်ကြည်ညိုပြီး ရွှေဥမင်ဘုရားသို့ထွက်ခွာခဲ့သည်။ ကလောမြို့မှ နှစ်ကီလိုမီတာအကွာတွင်တည်ရှိသော လိုဏ်ဂူဘုရား ဖြစ်သည်။ လိုဏ်ဂူအတွင်း တည်ထားသော ဘုရားဖြစ်ရာ ပင်းတယဂူထက်အရွယ်အစားအဆ ၃၀ ခန့်သေးငယ်သော လိုဏ်ဂူတစ်ခုဖြစ်ကြောင်း သတိပြုမိသည်။

*စာမျက်နှာ ၁၇ သို့*



ကလောမြို့နှင့် အနီးဝန်းကျင်ဒေသမှထွက်ရှိသည့် ပန်းမျိုးစုံနှင့် သီးနှံများကို အနယ်နယ်အရပ်ရပ်သို့ပို့ဆောင်ရန် ကလောဘူတာ၌ ပြင်ဆင်နေသည်ကိုတွေ့ရစဉ်။

*စာမျက်နှာ ၁၆ မှ*

ရွှေဥမင်ဘုရားမှပြန်ထွက်ခဲ့သည့်အချိန်မှာ နံနက် ၁၀ နာရီခန့်ရှိပြီဖြစ်သည်။ ကလောဘူတာဘက်သို့ထွက်ခဲ့ရာ လမ်းတစ်လျှောက် ဆိုင်ကယ်နှင့် ကားများကိုကျဲပါးစွာမြင်တွေ့ရသဖြင့် ကလောမြို့သည်လူဦးရေထူထပ်သိပ်သည်းမှုမရှိသေးကြောင်း သတိပြုမိသည်။ ကလောဘူတာသည် ကလောမြို့အရှေ့တောင်ဘက်တွင် တည်ရှိပြီး မကြာမီအချိန်တွင်ရောက်ရှိခဲ့သည်။ ဘူတာဝန်းကျင်၌ ခရီးသည်များတွေ့၍ မေးမြန်းကြည့်ရာ ကလောမှ ရွှေညောင်သို့ ဆက်လက်ထွက်ခွာမည့် ရထားမှာ နံနက် ၁၁ နာရီတွင် ထွက်မည်ဟုသိရသည်။ ကလောမှနံနက် ၁၁ နာရီထွက်သောရထားသည် ရွှေညောင်သို့ မွန်းလွဲ ၂နာရီခန့်တွင် ဆိုက်ရောက်ကြောင်း၊ ကလောမှ မွန်းတည့် ၁၂ နာရီခန့်ထွက်သောရထားသည် သာစည်ဘူတာသို့ ညနေ ၅ နာရီခန့်တွင်ရောက်ရှိကြောင်း ဒေသခံရှမ်းတိုင်းရင်းသားတစ်ဦးက ပြောပြသည်။

ဘူတာအတွင်းခရီးသည်များမှာ ဒေသခံများ၊ ကမ္ဘာလှည့်ခရီးသွားအချို့နှင့် လိုက်ပါပို့ဆောင်သူများအပြင် ဒေသထွက်ကုန်များတင်ဆောင်ရန်ပြင်ဆင်နေသူများကိုလည်း တွေ့မြင်ရသည်။ ကလောမြို့သို့ ကားဖြင့် ရန်ကုန်မှ လာလျှင် ၁၆ နာရီကြာမြင့်ပြီး ပဲခူးမြို့မှ သွားလျှင်ကလောမြို့သို့ ၁၄ နာရီကြာမြင့်သည်။ တစ်ဖန်ကလောမှ မန္တလေးမြို့သို့ မော်တော်ကားဖြင့် ၈ နာရီခန့်မောင်းနှင်ရပြီး ကလောမြို့မှသာစည်မြို့သို့ ၈ နာရီခန့်မောင်းနှင်ရကြောင်း သိရသည်။


ကလောမြို့မ ဈေးအတွင်း၌ ဈေးသည်များ ခင်းကျင်းရောင်းချနေမှုကိုတွေ့ရစဉ်။

ကျွန်တော်တို့ဘူတာမှ ပြန်ထွက်ခဲ့ပြီး ကလောမြို့ပြင်သို့ထွက်ကာ ပတ်ဝန်းကျင်မြင်ကွင်းကို လေ့လာကြည့်ရာ တောင်များ၊ တောင်တန်းနှင့်တောင်စွယ်များပေါ်တွင် စနစ်တကျစိုက်ပျိုးထားသောပန်းစိုက်ခင်းများ၊ တောင်ယာစိုက်ခင်းများကို မြင်ကွင်းကျယ်အဖြစ်လှပစွာ တစ်မျှော်တစ်ခေါ်မြင်တွေ့ရသည်။ တောင်ကုန်းဆင်ခြေလျှော၊ မြေပြန့်နေရာများတွင် စီးပွားဖြစ်စိုက်ပျိုးထားသော သီးနှံပင်များမြင်ကွင်းက ပန်းချီကျော်တစ်ဦး၏ ဆေးရောင်စုံပန်းချီကားတစ်ချပ်ကို မြေပြင်တွင်ခင်းကျင်းပြသထားသကဲ့သို့ တည်ရှိနေသည်။

ကလောမြို့ အနီးဝန်းကျင်ကျေးရွာများတွင် ရှမ်း ၊ ဓနု၊ ပအိုဝ်း၊ ပလောင်စသည့် ဒေသခံတိုင်းရင်းသားများ နေထိုင်ကြရာ အချို့ရွာများမှာ တစ်နေ့ခရီး၊ အချို့ရွာများမှာ တစ်ညအိပ်ခရီးသွားလျှင်ရောက်ရှိနိုင်ကြောင်း သိရသည်။ ကလောမြို့သို့လာရောက်သောကမ္ဘာလှည့်ခရီးသွားအများစုက ဒေသခံဧည့်လမ်းညွှန်များ၏ အကူအညီဖြင့် တိုင်းရင်းသားများ၏ ကျေးရွာများအထိသွားရောက်လေ့လာကြသည်ဟု ဆိုသည်။ တချို့က လမ်းလျှောက်ပြီးသွားကြသလို အချို့က ဆိုင်ကယ်ငှားပြီးသွားရောက်ကာ စိုက်ခင်းများ၊ ရွာများသို့လေ့လာကြကြောင်းသိရသည်။

ရာသီဥတုအေးမြပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသဖြင့် ခရီးသွားများလွတ်လပ်စွာ သွားရောက်လေ့လာကြခြင်းလည်းဖြစ်မည်။ ကလောတွင်ဟိုတယ်၊ မိုတယ်နှင့် ဧည့်ရိပ်သာပေါင်း ၁၀ ခုခန့်ရှိသည်ဖြစ်ရာ နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားများအတွက်နေထိုင်တည်းခိုရန် ပူပင်စရာမလိုချေ။ ကလောမြို့အနီးဝန်းကျင်တွင် ငှက်ကြည့်ဝါသနာပါသူများအတွက် ဒေသငှက်မျိုးစိတ်များကို ကြည့်ရှုလေ့လာနိုင်သလို ကလောမြို့မှ မော်တော်ကားဖြင့်မိနစ် ၄၀ခန့်မောင်းလျှင် ရောက်ရှိနိုင်သည့် ဆင်စခန်းကိုလည်းသွားရောက် လေ့လာနိုင်ကြောင်းသိရသည်။ ၂၀၁၁ ခုနှစ်က စတင် တည်ထောင်ထားသော ဆင်စခန်းတွင် ခွင့်ပြုချက်ဖြင့်ဆင်စီးကာလေ့လာမှုများလည်းပြုလုပ်နိုင်သည်ဖြစ်ရာ ကလောမြို့ဝန်းကျင်သည် အပန်းဖြေစရာကောင်းသည့်အပြင် လေ့လာသွားရောက်စရာများလည်းပေါသည်။

ကလောမြို့တွင်းသို့ ကျွန်တော်တို့ပြန်လာခဲ့သည်။ မိတ်ဆွေအိမ်တွင်တစ်ညတာတည်းခိုပြီး နံနက်စောစော ရန်ကုန်သို့ ကားဖြင့်ပြန်ရန်စီစဉ်ထားသည်။ ကလောမြို့တွင် နှစ်ရက်ခန့်နေချင်၊ လေ့လာချင်စိတ်ရှိနေသော်လည်း အလုပ်တာဝန်များကရှိနေသေးသည်။ အပန်းဖြေ ခရီးသက်သက်လာဦးမည်ဟု တွေးကာတစ်ချိန်ချိန်တွင် တစ်ခေါက်ပြန်လာဦးမည်ဟု စိတ်ထဲစွဲမှတ်ထားမိသည်က အမှန်ပင်။ ။


ကလောမြို့ တောင်ပေါ်ဒေသ ကျေးရွာများနှင့် စိုက်ခင်းများကို တွေ့ရစဉ်။



# မြန်မာစကား-မြန်မာစာ အပြန်အလှန်ဆက်သွယ်မှု(၈)

မောင်ခင်မင်(ဓနုဖြူ)

"ကဲ. . . စကားဆက်ရအောင်။ စာရေးကောင်းတဲ့ပုဂ္ဂိုလ်တွေက စကားလုံးတွေကို လှလှပပတွဲစပ်ပြီး ရေးဖွဲ့ထားတဲ့ အတွဲအဖွဲ့ကလေးတွေဟာ ဆရာကြီးမင်းသုဝဏ်ပြောသလို လှပတဲ့စကားလုံးအရုပ်ကလေးတွေအဖြစ် စာပေတွေထဲမှာ အသက်ဝင်နေတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုအသက်ဝင်နေလို့ နောက်ပေါ်တဲ့ စာရေးသူတွေက အဲဒီအတွဲအဖွဲ့ကလေးတွေကို နှစ်နှစ်သက်သက် အမွေခံပြီး သူတို့စာထဲမှာ ပြန်သုံးကြတာလည်း အလေ့တစ်ခုပဲပေါ့ကွယ်"

"ဘယ်လိုပြန်သုံးတာပါလဲ ဆရာကြီး"

"ရှင်မဟာရဋ္ဌသာရကပဲစကြပါဦး။ ကိုးခန်းပျို့မှာ သားတွေတောထွက်သွားလို့ အမေပုဏ္ဏားမကြီး လွမ်းနေရပုံကို စာဆိုက အလင်္ကာကလေးနဲ့ဖွဲ့ထားတာရှိတယ်၊ သားတို့ သမီးတို့ သိတယ်မဟုတ်လား"

"မသိပါဘူးဆရာကြီး။ အဲဒီအပိုင်းကို မသင်ရပါဘူး"

"ဩော်. . . သားတွေက အမေ့ကိုစွန့်သွားတာမို့ ရင်ထဲမှာနာကျင်နေရတာကို'ချစ်ငြောင့်ချစ်ဆူး၊ ဝမ်းထဲစူးသော်၊ လွမ်းရူးလွမ်းခါးသည်းများရိုးခြင်၊ ဖိမ့်ဖိမ့်ကျင်ရှင့်'လို့ ဖွဲ့တာပါ။ အသည်းကိုချစ်ငြောင့်ချစ်ဆူးတွေစူးနေပါပြီလို့ ကြေကြေကွဲကွဲငိုတာလေ"

"ဟုတ်ကဲ့ပါ။ ထိမိတဲ့ အသုံးအနှုန်းကလေးပဲနော် ဆရာကြီး"

"အေး အဲဒီအသုံးကို ဆရာမြို့မငြိမ်းက သဘောကျလို့မေရှင်ဆိုတဲ့'ချစ်ဘက်သက်လျာ' သီချင်းမှာဖွဲ့ထားတာရှိတယ်လေ။'အသည်းထောင့်မှာအချစ်ငြောင့်ကလေးတွေစူးနေ'တဲ့"

"ဟာ. . . ဟုတ်ပါရဲ့နော်။ အဲဒီသီချင်းကို သမီးခဏခဏကြားဖူးပါတယ်။ သိပ်ကောင်းတဲ့အလင်္ကာကလေးပဲနော်"

"နတ်ရှင်နောင်ရဲ့ရတုထဲက'တင့်လှပေဟန်ဘက်မရန်တည့်'ဆိုတဲ့ အလှဘွဲ့မှာ'တင့်လှပေဟန်'ဆိုတဲ့ အတွဲအစပ်ကလေးကို ဝတ္ထုတွေ၊ ကဗျာတွေထဲမှာပြန်သုံးတာ မကြာမကြာတွေ့ရတာ သတိထားမိကြမှာပေါ့"

"သတိထားမိပါတယ် ဆရာကြီး"

"တွင်းသင်းမင်းကြီးရဲ့ ပျို့တွေထဲက'လွမ်းချင့်ကြွေ့ကြွေ့တဖွေ့ဖွေ့'တို့' လွမ်းမျိုးတစ်ထောင်ပြည့်ခဲ့ပြီ'တို့ဟာလည်း ဆရာမောင်သာရရဲ့ဝတ္ထုခေါင်းစဉ်တွေအဖြစ် ပြန်ပြီးအသက်ဝင်လာသေးတယ်"

"ကျွန်တော်ဖတ်ဖူးပါတယ် ဆရာကြီး။ စကားအနုအလှကလေးတွေနဲ့ သိပ်ဖတ်လို့ကောင်းပါတယ်"

"ဆရာတို့ငယ်ငယ်ကလည်း ဝတ္ထုနာမည်ကလေးတွေလှလို့ သဘောကျတာပေါ့။ ဆရာမောင်သာရက မြန်မာစာပေတွေထဲက စကားအတွဲအစပ်အလှကလေးတွေကို သူ့ဝတ္ထုတွေထဲမှာ အများကြီးပြန်သုံးခဲ့တာပေါ့ ကွယ်"

"ဟုတ်ကဲ့ပါ"

"သာဓကပြရရင်တော့ အများကြီးပါပဲ။ ဦးပုညရဲ့ 'ရှုမဝနိုင်ဘူးနုသမျှကြော့တဲ့သူ' ဆိုတဲ့အဖွဲ့ထဲက'ရှုမဝ' ဆိုတဲ့အတွဲအစပ်ကလေးဟာ နာမည်ကျော်မဂ္ဂဇင်းကြီးရဲ့ နာမည်အဖြစ် နှစ်ပေါင်းများစွာတည်တံ့ခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဂီတနတ်သန်ကိုစောငြိမ်းဆိုတဲ့ ဂီတစာဆိုကို သားတို့သမီးတို့သိမှာပါ။ သီချင်းဝါသနာပါရင် သူ့သီချင်းတွေလည်း နားထောင်ဖူးမှာပါ။ ကိုစောငြိမ်းကအင်မတန်စကားနိုင်နင်းပြီး လှလှပပထိထိမိမိ သုံးနိုင်တာမို့ သူ့စကားအတွဲအစပ်ကလေးတွေကိုလည်း နောက်လူတွေကအမွေခံပြီး ပြန်သုံးကြတာအများကြီးပဲလေ။ 'အရိုင်းစံပယ်လို့ ပစ်ပယ်ပန်တော်မဆင်တယ်'ဆိုတဲ့ 'ဝင်းဦး သီချင်းထဲက'အရိုင်းစံပယ်'က အောင်လင်းရဲ့ ဝတ္ထုနာမည်ဖြစ်သွားတယ်။ 'မိုးသက်လေနှင်' သီချင်းထဲက 'ချစ်တဲ့သူရဲ့ရင်ခွင်'က ရှုမဝ ဦးကျော်ရိုက်တဲ့ ရုပ်ရှင်နာမည်ဖြစ်သွားတယ်။ 'ပြုံမှာလေလားမိုးရဲ့'က အောင်ပြည့်ရဲ့ ဝတ္ထုနာမည်ဖြစ်သွားတယ်"

" ဟုတ်ကဲ့ပါ။ သမီးတို့မှတ်သားထားပါတယ် ဆရာကြီး"

"ဒါတွေကိုကြည့်ရင် ဘာသာစကားအသုံးကောင်းတွေကို စာပေအဖွဲ့ကောင်းတွေအဖြစ် အစဉ်အဆက် အမွေခံတဲ့အထိ အထောက်အကူပြုတယ်ဆိုတာတွေ့နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ. . . အပြန်အလှန်အနေနဲ့စာပေအဖြစ်ဖွဲ့လိုက်တဲ့အသုံးတွေကို လိုက်သုံးရာက ဘာသာစကားထဲမှာ အသုံးတွင်ကျယ်လာပြီး အသားကျသွားတဲ့အသုံးတွေ ဖြစ်လာတာမျိုးလဲရှိတယ်။ စာပေကဘာသာစကားကို အထောက်အကူပြုတာပေါ့ကွယ်"

"ပြောပြပါ ဆရာကြီး"

"ဒီနေရာမှာစာပေပညာရှင်ဆရာကြီး ဒေါက်တာလှဘေရဲ့ စူးစမ်းဖော်ထုတ်ချက်တစ်ခုကိုပြောပြချင်တယ်။ ဆရာကြီးက မြန်မာစာဆိုတွေဟာလေးလုံးစပ်ကဗျာထဲမှာ ကာရန်စနစ်အတွင်း ကာရန်ညီတဲ့စကားလုံးတွေ ဖန်တီးရာမှာ 'မျိုးပြ' စကားလုံးသစ်တွေ ဖန်တီးကြတဲ့အတွက် မြန်မာဘာသာစကားမှာ မျိုးပြစကားလုံးတွေကြွယ်ဝလာတာကို သာဓကပြတယ်။'မြစ်'ကိုဖွဲ့ရာမှာ 'မြစ်တစ်မြစ်၊ မြစ်တစ်တန်း၊ မြစ်တစ်မြွာ၊ မြစ်တစ်ခန်း၊ မြစ်တစ်သွယ်၊ မြစ်တစ်ပါး၊ မြစ်တစ်ခု'စသဖြင့်မျိုးပြအမျိုးမျိုးနှင့် ကာရန်ယူပြီးဖွဲ့တဲ့အတွက် မြန်မာစကားထဲမှာ မျိုးပြလို့ခေါ်တဲ့ အဲ့ဒီစကားလုံးတွေ တိုးပွားလာတာကိုဖော်ထုတ်ပြထားတာပါ"

"ဟုတ်ကဲ့ပါ"

"နောက်သာဓကတစ်ခုက စာပေတွေထဲကအရေးအဖွဲ့တချို့ကို သဘောကျလို့မကြာခဏကိုးကားပြီး ပြောဆိုရေးသားရာက ဘာသာစကားနယ်ပယ်ထဲမှာ စကားပုံတွေ၊ ဆိုရိုးစကားတွေအဖြစ် အသားကျသွားတာတွေလည်း ရှိတယ်။ စာပေက ဘာသာစကားကြွယ်ဝအောင် အထောက်အကူပြုတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ. . . . သားတို့သမီးတို့ကို မေးမယ်။ ရှင်မဟာရဋ္ဌသာရက အမေနဲ့အဖေဟာ လက်ဦးဆရာဖြစ်တဲ့အကြောင်း ဘယ်လိုဖွဲ့ထားသလဲကွယ်"

"သမီးဖြေပါ့မယ်။ 'လက်ဦးဆရာ၊ မည်ထိုက်စွာသား ပုဗ္ဗာစရိယ မိနှင့်ဖ'ပါ ဆရာကြီး"

"ဟုတ်တယ်။ အဲဒီစကားဟာ ခုဆိုရင် ဆိုရိုးစကားအဖြစ်အသုံးတွင်ကျယ်နေပြီမဟုတ်လား

ကဲ. . . ဒီတစ်ခါသားကဖြေပါ။ သားသမီးကိုမြင်တာနဲ့ မိဘတွေရဲ့ ရင်ထဲအေးသွားပုံကိုဖွဲ့ထားတာလေ. . . "

" သားတို့ရုပ်ရည် သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း ငြိမ်းစတမ်း. . . "

"ဟုတ်တယ်။ ဒါလဲဆိုရိုးစကားတစ်ခုအဖြစ်အသုံးတွင်နေပြီလေ။ ရှင်မဟာသီလဝံသက အဟောင်းပေါ်မှာ အသစ်ထွင်ရမယ်ဆိုတာကို ဘယ်လိုဖွဲ့တယ်ဆိုတာရော သိမယ်ထင်တယ်"

*စာမျက်နှာ ၁၈ သို့*

# ကေသာအလှ ဝေဖြာရစေမယ့် ဗီတာမင်ဓာတ်များ

ကျန်းမာရေးဖတ်စရာ

ဘာသာပြန် - ကလျာမိုးမြင့်

ဒီတစ်ပတ်မှာတော့ ဆံကေသာကျန်းမာရေးအတွက် မရှိမဖြစ်တဲ့ ဗီတာမင်များအကြောင်းကို ဖော်ပြမှာဖြစ်ပါတယ်။ ဆံပင်ကျွတ်ခြင်းဟာ အမျိုးသမီးများကို စိတ် ပျက်စေတဲ့အကြောင်းတွေအနက် တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အမျိုးသမီးများသာမကဘဲ အမျိုးသားများလည်း ဆံပင်ကျွတ်ပါတယ်။

လူတစ်ဦးဟာပုံမှန်အားဖြင့် တစ်ရက်မှာ အပင် ၅၀ ကနေ ၁၀၀ အထိ ဆံပင်ကျွတ်နိုင်ပါတယ်။ ဒါပေမယ့် ခေါင်းဖြီးတိုင်းခေါင်းလျှော်တိုင်း လွန်လွန်ကဲကဲကျွတ်မြဲကျွတ်နေပြီဆိုရင်တော့ သင့်ဆံပင်ဟာ ကျန်းမာမှုမရှိတော့တဲ့အပြင် ဆံပင်ကျွတ်ခြင်းကြောင့် စိတ်ဖိစီးမှုနဲ့ စိတ်ကျဝေဒနာကိုပါ ခံစားလာရတတ်ပါတယ်။

ဆံပင်ကျွတ်ရခြင်း အကြောင်းရင်းတွေများစွာ ရှိပါတယ်။ လည်ပင်းကျိတ်ရောဂါ၊ (thyroid gland)အာဟာရချို့တဲ့မှုကြောင့်ဖြစ်တဲ့ သွေးအားနည်းရောဂါ(anemia)၊ အရေပြားရောဂါစတာတွေရှိရင် ဆံပင်ကျွတ်ပါတယ်။ ဦးထုပ်၊ ဆံပင်တုများကြာရှည်တပ်ဆင်ထားရခြင်း၊ ဦးရေပြားသန့်ရှင်းမှုကို ဂရုမစိုက်ခြင်း၊ နေရောင်ထိတွေ့မှုများခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ စိတ်ပူပန်သောကများခြင်း၊ အာဟာရချို့တဲ့ခြင်းတို့ဟာ ဆံပင်ကျွတ်စေတဲ့ အကြောင်းတွေချည်းပါပဲ။ ဆံပင်အတွက်လိုအပ်တဲ့ ဗီတာမင်တွေ ချို့တဲ့မှုမရှိအောင် ဖြည့်စွက်အာဟာရတွေ စားသုံးဖို့ အရေးကြီးပါတယ်။

## ဘိုင်အိုတင် (Biotin)

ဆံပင်သန်စွမ်းစေမယ့် ဗီတာမင်ဓာတ်တစ်မျိုးကတော့ ဗီတာမင်ဘီအုပ်စုဝင်ဖြစ်တဲ့ ဘိုင်အိုတင်ပဲဖြစ်ပါတယ်။ ဗီတာမင် $B_7$လို့လည်း သိကြပါတယ်။ ဘိုင်အိုတင်ဟာ ဆံသားရဲ့ရှည်ထွက်လာနိုင်စွမ်းကို အားပေးတဲ့အပြင် ဆံသားခြောက်သွေ့မှုကနေ ကာကွယ်ပေးတဲ့အတွက် ဆံပင်အဖျားကွဲအက်ပျက်စီးတာတွေကို တားဆီးနိုင်ပါတယ်။ ဒ့ါအပြင် ဆံပင်သန်စွမ်းမှုရဲ့ မူလရင်းမြစ် ပရိုတိန်းဓာတ်ဖြစ်တဲ့ ကီရာတင်(Keratin)ကိုထုတ်လုပ်ရာမှာ အကူအညီပေးပါတယ်။ ဘိုင်အိုတင်က အသက်အရွယ်ကြောင့်ဖြစ်တဲ့ ဆံပင်ဖြူခြင်းကို နှေးကွေးစေတယ်လို့ဆိုပါတယ်။ ဘိုင်အိုတင်ချို့တဲ့လာပြီဆိုရင် ဆံပင်သာမကဘဲ မျက်ခုံးမွေး၊ မျက်တောင်မွေးတွေပါ ကျွတ်လာပါတယ်။ ဘိုင်အိုတင်ဓာတ်ကို ဖြည့်တင်းပေးမယ့် အစားအသောက်တွေကတော့ ဆန်လုံးညို၊ ပဲတီစိမ်း၊ ထောပတ်သီး၊ ပန်းဂေါ်ဖီ၊ ဒိန်ချဉ်၊ အာလူး၊ ဟင်းနုနွယ်၊ မှို၊ အခွံမာသီးတွေနဲ့ကြက်သား၊ ဝက်သား၊ ငါး၊ ကြက်ဥအနှစ်၊ နွားနို့စတာတွေပဲဖြစ်ပါတယ်။ ဘီယာထုတ်တဲ့ တဆေးကနေလည်းရရှိနိုင်ပါတယ်။

## ဗီတာမင်(A)

ဗီတာမင်(A)ဟာ ဓာတ်တိုးဆန့်ကျင်ပစ္စည်း (antioxidant)ဖြစ်ပြီး ရက်တီနော(retinol)လို့ သိကြပါတယ်။ မျက်စိကျန်းမာရေးအတွက် အဓိကကျတဲ့ အာဟာရဖြစ်ပြီး ဆံပင်သန်စွမ်းဖို့အတွက် အသုံးပြုကြတယ်။ ဗီတာမင်အေဟာ ဦးရေပြားမှာရှိတဲ့ အဆီအိတ်လေးတွေကနေ ကောင်းမွန်တဲ့ အဆီဆဲလ်ထုတ်လုပ်မှုကို ကူညီပေးတာကြောင့် ဆံပင်ခြောက်သွေ့ကွဲအက်မှုမဖြစ်အောင် ထိန်းသိမ်းပေးပါတယ်။ ပင်လယ်ငါး အသည်း၊ ဒိန်ခဲ၊ ဥ၊ အဆီများတဲ့ငါး၊ နို့နဲ့ဒိန်ချဉ်တွေဟာ ဗီတာမင်ကြွယ်ဝတဲ့ အစားအစာတွေဖြစ်ပါတယ်။ သရက်သီး၊ သင်္ဘောသီးစတဲ့ အဝါရောင်ရှိတဲ့ အသီးတွေနဲ့ မုန်လာဥနီ၊ ကန်စွန်းဥစတာတွေကို စားသုံးပေးရပါမယ်။ ဗီတာမင်အေလွန်ကဲလာရင်လည်း ဆံပင်ကျွတ်စေနိုင်တာကြောင့် သတိပြုဖို့လိုအပ်ပါတယ်။

## ဗီတာမင်(C)

ဆံပင်သန်စွမ်းကျန်းမာဖို့ နောက်ထပ်လိုအပ်တဲ့ အာဟာရကတော့ ဗီတာမင်စီပါ။ ဆံပင်နဲ့ခြေသည်း လက်သည်းတွေကို ကျန်းမာဖို့မရှိမဖြစ်တဲ့ အကျိုးပြုဓာတ်ဖြစ်ပါတယ်။ ဗီတာမင်စီရနိုင်တဲ့ အသီးအနှံတွေကတော့ သံပရာသီး၊ လိမ္မော်သီး၊ စပျစ်သီး၊ သရက်သီး၊ စတော်ဘယ်ရီသီးနဲ့ ခရမ်းချဉ်သီးတို့ဖြစ်ပါတယ်။



## ဗီတာမင်(E)

ဗီတာမင်အီးဟာဦးရေပြားအတွက် လိုအပ်တဲ့ ရေဓာတ်ကိုဖြည့်တင်းပေးနိုင်ပြီး ဆဲလ်အသစ်ဖြစ်ပေါ်မှုကိုလည်း အားပေးတဲ့အတွက် ဆံပင်လိမ်းဆေးနဲ့ hair coat တော်တော်များများမှာ ထည့်သွင်းအသုံးပြုကြတာပါ။ သစ်ကြားသီး၊ ဗာဒံစေ့နဲ့အခွံမာသီးအမျိုးမျိုး၊ ဟင်းရွက်ဆီ၊ သံလွင်ဆီ၊ ကောက်နှံနဲ့ အစိမ်းရောင်ဟင်းသီးဟင်းရွက်တွေကနေ ဗီတာမင်အီးလုံလောက်စွာ ရရှိနိုင်ပါတယ်။



## ဗီတာမင် $B_5$(Pantothenic Acid)

ဗီတာမင် $B_5$ဖြစ်တဲ့ ပင်တိုတဲနစ်အက်ဆစ်ဟာ အသက်အရွယ်ကြောင့် ဆံပင်ဖြူခြင်းကို ကာကွယ်တားဆီးရာမှာ ထိထိရောက်ရောက်လုပ်ဆောင်ပါတယ်။ ဆံပင်ကျွတ်တာကိုလည်း လျော့နည်းစေပါတယ်။ ဆံပင်အမြစ်အိတ်နဲ့ ဆံပင်ဆဲလ်တွေကို ကောင်းမွန်စွာ အလုပ်လုပ်စေဖို့ အားဖြည့်ပေးပါတယ်။ ဒ့ါအပြင် ဦးရေပြားပေါ်က ဆဲလ်သေတွေကိုဖယ်ရှားရှင်းလင်းပေးပြီး ဆံပင်သစ်တွေ ထွက်ပေါ်လာစေဖို့ ကူညီပေးပါတယ်။ အသားငါး၊ ကောက်ပဲသီးနှံတွေနဲ့ ပဲအမျိုးမျိုးကို ဗီတာမင် $B_5$အတွက် စားသုံးပါ။

ကြက်သွန်နီဟာ ဆာလဖာဓာတ်ကြွယ်ဝပြီး ဆံပင်ကျွတ်ခြင်းမှ ကာကွယ်နိုင်ပါတယ်။ ဒါကြောင့် ဆံပင်ပေါက်ဆေးတော်တော်များများမှာထည့်သွင်း အသုံးပြုတာကို တွေ့ရမှာပါ။ အမျိုးသားများအသက် ၅၀ ကျော်လာတဲ့အခါ ဆံပင်ကျွတ်ပြီး ထိပ်ပြောင်လာတတ်ပါတယ်။ ကြက်သွန်နီကို ဆံပင်ကျွတ်ခြင်းနဲ့ ထိပ်ပြောင်ခြင်းကို ကုသရာမှာ အဓိကဆေးအဖြစ်သုံးပါတယ်။ လေ့လာမှုတွေအရ ဆေးလိပ်သောက်ခြင်းဟာ ဆံပင်ကျွတ်စေနိုင်တဲ့အတွက် ရှောင်ကြဉ်သင့်ပါတယ်။ ကျန်းမာအောင်နေထိုင်ပြီး လိုအပ်တဲ့ဗီတာမင်တွေကို ဖြည့်စွက်စားသုံးမယ်ဆိုရင် ကျားမမရွေး ကျန်းမာသန်စွမ်းလှပတဲ့ ဆံကေသာကို ပိုင်ဆိုင်နိုင်ကြမှာပါ။

**အမျိုးသားများအသက် ၅၀ ကျော်လာတဲ့အခါ ဆံပင်ကျွတ်ပြီး ထိပ်ပြောင်လာတတ်ပါတယ်။ ကြက်သွန်နီကို ဆံပင်ကျွတ်ခြင်းနဲ့ ထိပ်ပြောင်ခြင်းကိုကုသရာမှာ အဓိကဆေးအဖြစ် သုံးပါတယ်။ လေ့လာမှုတွေအရ ဆေးလိပ်သောက်ခြင်းဟာ ဆံပင်ကျွတ်စေနိုင်တဲ့အတွက် ရှောင်ကြဉ်သင့်ပါတယ်။**

*စာမျက်နှာ ၁၇ မှ*

“ဟုတ်ကဲ့၊ ပါရမီတော်ခန်းပျို့မှာဖွဲ့ထားတာပါ။ ‘လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်သို့၊ သုတ်သင်ကာမျှ၊ လွယ်ကာရလျက်’ပါ ဆရာကြီး”

“အဲဒီ ‘လမ်းရိုးဟောင်းတွင်ဆင့်ကာထွင်’ ဆိုတာလည်း ဆိုရိုးစကားကို ဆောင်ပုဒ်လို တွင်တွင်ကျယ်ကျယ်သုံးနေကြပါပြီ”

“ဆရာကြီး၊ ကျွန်တော်တို့ ဥမ္မာဒန္တီပျို့သင်ရတုန်းက သိဝိမင်းကြီးက ဥမ္မာဒန္တီကို တမ်းတတဲ့စကားကလေးကို မှတ်မိနေပါတယ်။ အဲဒီစကားကလေးလည်း အသုံးတွင်ကျယ်နေတယ်မဟုတ်လား ဆရာကြီး”

“ဘယ်စကားပါလိမ့်”

“ ‘ပြည်ထဲရေးထက်ဝမ်းရေးခက်၊ ဝမ်းရေးထက်လွမ်းရေးခက်’ ဆိုတဲ့စကားပါ”

“ဟုတ်တာပေါ့။ အဲဒီစကားလည်း စကားပုံဆိုရိုးဖြစ်နေပြီလေ။ နောက်ဆုံး ပြောချင်တာက စိတ်ကူးနဲ့တင်စားသုံးတဲ့စကားတွေအကြောင်းပေါ့။ များသောအားဖြင့်တော့ စာပေတွေထဲမှာ တင်စားသုံးတာပဲ။ အဲဒီစကားကို သဘောကျလို့လိုက်သုံးကြရင်း ဘာသာစကားထဲမှာ အသုံးတွင်လာတဲ့စကားတွေပါ”

“ဘယ်လိုစကားတွေပါလဲ ဆရာကြီး”

“တစ်ယောက်ယောက်က ‘ငါတော့ ခေါင်းမီးတောက်နေပြီ’ လို့ပြောရင် ဘယ်လိုနားလည်သလဲ”

“ပြဿနာကြီးကြီးမားမားကြုံရပြီး မဖြေရှင်းနိုင်ဘဲ ကြံရာမရဖြစ်နေတဲ့အခါမျိုးမှာ သုံးတဲ့စကားလို့ထင်ပါတယ် ဆရာကြီး”

“ပြဿနာပေါ်နေလို့ သိပ်စိတ်ပူနေတဲ့အဓိပ္ပာယ်ပေါ့။ ခေါင်းကိုတော့ တကယ်မီးမလောင်ဘူးပေါ့။ ဒါပေမယ့် ပူပူလောင်လောင်ခံစားနေရတာကို ထင်ရှားအောင် လွန်လွန်ကဲကဲတင်စားသုံးတာပေါ့။ တင်စားပုံထိမိတော့ အများလိုက်သုံးရာက အသုံးတွင်ကျယ်လာတာပေါ့ကွယ်”

“ဘတ်စ်စကားထဲမှာ ခရီးသည်တွေ ပြည့်ကျပ်နေတာကို ‘ငါးပိသိပ် ငါးချဉ်သိပ်’လို့ တင်စားတာမျိုးလည်း ပါမှာပေါ့ ဆရာကြီး”

“ပါတာပေါ့။ ပြည့်သိပ်ကျပ်တည်းနေတာကို ပေါ်လွင်အောင်တင်စားတဲ့စကားပဲ။ အဲဒီစကားလည်း အသုံးတွင်နေပါပြီလေ။ အဲဒီလို တင်စားသုံးတဲ့ ဥပစာစကားတွေအကြောင်း ဆရာပြောဖူးပါတယ်။ သားတို့သမီးတို့ လေ့လာကြည့်ကြပေါ့”

“ဟုတ်ကဲ့ပါ”

“ဒီတော့ ဆရာတို့ စခဲ့တဲ့အကြောင်းကို ပြန်ချုပ်ရရင် ဘာသာစကားနဲ့စာပေ၊ တစ်နည်းအားဖြင့် မြန်မာစကားနဲ့ မြန်မာစာဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်သွယ်ပြီး အထောက်အကူပြုနေတာမို့ ဘာသာစကားကို အထူးပြုလေ့လာသူတွေအနေနဲ့ စာပေက ဘာသာစကားကို ဘယ်လိုအထောက်အကူပြုတယ်ဆိုတာ သတိပြုမိဖို့လိုသလို စာပေကို အထူးပြုလေ့လာသူတွေအနေနဲ့လည်း ဘာသာစကားက စာပေကို ဘယ်လိုအထောက်အကူပြုတယ်ဆိုတာ သတိပြုမိဖို့လိုတယ်လို့ ပြောချင်တာပါပဲကွယ်။ သားတို့သမီးတို့လည်း အဲဒီ လိုသဘောထားပြီး ဆက်လေ့လာကြပေါ့”

“ကျေးဇူးတင်ပါတယ်ဆရာကြီး”

# အထက်မြန်မာပြည် မန္တလေးမြို့မှ မြန်မာပြည်ပထမတန်း ရိုးရာလက်ဝှေ့ကျော်

## ကျားသစ်ရဲအောင်နှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း-မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

***မြန်မာ့ရိုးရာလက်ဝှေ့သည် အချိန်တိုအတွင်း ပြည်တွင်းသာမက၊ပြည်ပနိုင်ငံအချို့ကပင် စိတ်ဝင်စားမှုနှင့်အတူ အောင်မြင်မှုအထိုက်အလျောက်ရှိလာသော ရိုးရာအားကစားတစ်မျိုးအဖြစ် ရပ်တည်လျက်ရှိသည်။ မြန်မာ့ရိုးရာလက်ဝှေ့ကို မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနယ်မြေဖြစ်သောပုဂံကပင် စခဲ့သည်ဟု ပညာရှင်အချို့က ဆိုကြသည်။ ထို့အတူ နိုင်ငံတစ်ဝန်း အထက်မြန်မာပြည် မန်းနယ်မြေ၏ မြန်မာပြည် ပထမတန်းလက်ဝှေ့ကျော် ကျားသစ်ရဲအောင်နှင့် ခဏတာတွေ့ဆုံမှုကို ဝါသနာရှင်ပြည်သူများသိရှိစေနိုင်ရန် မျှဝေရေးသားလိုက်ရပါသည်။***

မေး။ ။ ရိုးရာလက်ဝှေ့လောကကိုဘယ်နှခုနှစ်၊ အသက်ဘယ်လောက်ကတည်းကစတင် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့တာလည်းခင်ဗျ။

ဖြေ။ ။ အသက် ၁၆ နှစ်အရွယ် ၁၉၆၆ ခုနှစ်လောက်မှာ အနောက်တိုင်းလက်ဝှေ့ ဘောက်စင်ကို စပြီး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ဖြစ်ခဲ့တယ်။ အဲဒီနောက် ၁၉၆၇ ခုနှစ်လောက်မှာ ရိုးရာလက်ဝှေ့လောကထဲကိုစတင်ဝင်ရောက်ထိုးဖြစ်ခဲ့တာ။ အဲဒီတုန်းက လူငယ်လည်းဖြစ်တော့ သတ်ပုတ်တဲ့ ဒီကိုယ်ခံပညာကိုပဲ စိတ်ရောက်ခဲ့တယ်။ ပြောရမယ်ဆိုရင် မန္တလေးကျုံးအနောက်ဘက် လက်ဝှေ့ကျော် ကိုမိုးကြိုးထိုးခဲ့တဲ့ပွဲမှာ ပိုပြီးသဘောကျနှစ်ခြိုက်ခဲ့ပြီး၊ အားကျခဲ့တာ။

မေး။ ။ အဘရဲ့ရိုးရာလက်ဝှေ့သမားဘဝ ဖြတ်သန်းခဲ့ရမှုလေးကို ပြောပြပေးပါဦး။

ဖြေ။ ။ ရိုးရာလက်ဝှေ့သမားဘဝဖြတ်သန်းမှုကတော့ ဆင်းလည်းဆင်းရဲတော့ အခက်အခဲပေါင်းများစွာပါပဲ။ ပီကင်းပြန် မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်နာယက ဆရာဦးဘိုစိန်နဲ့လိုက်၊ ကိုယ့်ဘာသာကိုလည်း ထွက်ပေါ့။ တစ်ခါတလေတော့လည်း ခရီးသွားရင်း ထိုးပေါ့။ ကြားပွဲလေးတွေထိုးလိုက်၊ အဲဒီတုန်းက အောင်လံပွဲလေးတွေထိုးလိုက်၊ စိန်ခေါ်ပွဲလေးတွေ ထိုးလိုက်နဲ့ မိသားစုကိုထောက်ပံ့ကျွေးခဲ့တာ ကလေးသုံးယောက်ရတဲ့အထိပါပဲ။ အခက်အခဲကအများကြီးပါ။ အဲဒီတုန်းက ကြက်ဥတစ်လုံးပြား ၂၀ တောင်မှ ကျွန်တော်ဝယ်မသောက်နိုင်ခဲ့ဘူး။

မေး။ ။ ရိုးရာလက်ဝှေ့သမားဘဝ ဖြတ်သန်းတဲ့အခါမှာ ကြိုးစားရုန်းကန်ခဲ့ရမှုနဲ့ ဆုတံဆိပ်ရရှိမှုကိုလည်း သိပါရစေ။

ဖြေ။ ။ ရိုးရာလက်ဝှေ့သမားဘဝမှာ ကရင်ပြည်နယ်စိန်ခေါ်ပွဲဆု၊ မွန်ပြည်နယ်စိန်ခေါ်ပွဲဆုရတယ်။ ကျွန်တော်တို့တုန်းက အခုခေတ်လို ရွှေခါးပတ်တွေမရှိသေးဘူး။ အောင်လံဆု၊ အောင်နိုင်ဆုတွေပဲရှိသေးတာ။ လက်ဝှေ့သမားကတော့ အဓိကဇွဲနပဲနဲ့ သတ္တိကိုအရင်းခံပြီး ကြိုးစားရုန်းကန်ခဲ့ရတာပါပဲ။

မေး။ ။ လက်ဝှေ့သမားဘဝအနားယူပြီး ကလပ်တွေထောင်၊ မျိုးဆက်သစ်တပည့်တွေကို ပျိုးထောင်ပေးခဲ့တယ်လို့သိရတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။

ဖြေ။ ။ ကျွန်တော်ကစားသမားဘဝ နားတာနဲ့ ကျွန်တော့်သား အောင်အောင်ထွန်းကို စသင်ခဲ့တယ်။ အဲဒီကနေ ကျွန်တော့်ဆရာဦးဘိုစိန်ကို ရှိသေသမှုနဲ့ စိန်ဘုရင်ဆိုတဲ့ကလပ်ကို တည်ထောင်ခဲ့တယ်။ တည်ထောင်ပြီး စံရွှေမြင့်၊ ဖိုးတရုတ်၊ မောင်ကိုကြီး၊ မြင့်အောင်၊ မောင်သင်းစတဲ့ အဲဒီလိုသင်တန်းသားလေးတွေ စုလိုက်ပြီး စံရွှေမြင့်ကို ပထမဆုံး မန္တလေးတောင်သူလယ်သမားနေ့ အောင်လံပွဲမှာ တက်ထိုးခိုင်းတဲ့အခါ ပထမဆုံးပွဲ အောင်လံဆုရသွားတယ်။ ၁၉၈၀ ပြည့်နှစ် စိန်ဘုရင် တည်ထောင်စပေါ့။ အဲဒီကနေ နာမည်ထွက်လာတော့ ကျွန်တော့်သား အောင်အောင်ထွန်းက မဟာဇေရာဇ်ဆိုပြီး ကလပ်နာမည်အသစ်ရွေးခဲ့တယ်။ မန်းဇော်ကြီးတို့၊ မန်းဆန်းနိုင်တို့၊ မောင်မောင်ကြီး၊ အေးဝင်းထွန်း၊ ရေချမ်း၊ စစ်ကိုင်းကျောင်းသားကြီးတို့၊ ကရင်မောင်မောင်တို့နဲ့အတူ ကျွန်တော်ဦးဆောင်ပြီးတော့ တမူးပွဲတွေကို ရှစ်နှစ်တိတိ သွားရောက်ထိုးခဲ့တယ်။

မေး။ ။ အဘတို့တုန်းက အခုရိုးရာလက်ဝှေ့လောကသားတွေထက် အချိုပိုများပြီး ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်မှုတွေ ရှိခဲ့တယ်လို့ သိရတယ်။ အခုပြိုင်ပွဲတွေမှာ အများဆုံးငါးချီပဲ ယှဉ်ပြိုင်ထိုးသတ်မှုရှိတဲ့အပေါ်မှာ အဘအမြင်လေးသိပါရစေ။

ဖြေ။ ။ အခုကလေးတွေက ဘယ်လိုဖြစ်နေကြလဲဆိုတော့ လက်ဝှေ့ထိုးတာနဲ့ အချီပွဲလိုချင်ကြတယ်။ အရင် ကျွန်တော်တို့တုန်းကအလံပေါ့။ အလံကို ရေကုန်ရေခန်းထိုးတယ်၊ ရှုံးတာ၊ နိုင်တာပဓာနမဟုတ်ဘူး။ အသည်းနဲ့ ဇွဲနဲ့ ရေကုန်ရေခန်းထိုးသတ်ပြီးတဲ့အခါမှ ၁၅ ချီဘက် စိန်ခေါ်ပွဲတွေကိုလွှတ်တယ်။ အလံပွဲတွေထိုးဖူးတဲ့သူ၊ နာရီကြာကြာထိုးဖူးတဲ့လူကိုမှ စိန်ခေါ်ပွဲကို ပေးထိုးတယ်။ အခုမြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ချမှတ်လိုက်တဲ့စိန်ခေါ်ပွဲဟာ အတော်ပင်ပန်းပါတယ်။ အလံနဲ့မတူဘူး။ အလံကတစ်မျိုး၊ အလံကချိန်တွယ်လို့ရတယ်၊ နားလို့ရတယ်။ ရေဆာရင် ရေတောင်းလို့ရတယ်။ စိန်ခေါ်ပွဲက အဲလိုမဟုတ်တော့ဘူး။ နိုင်ငံတကာလိုဖြစ်လာတော့ သုံးမိနစ်အပြည့်ထိုးရမယ်။ နှစ်မိနစ်အနားပေးရမယ်။ စတဲ့စည်းကမ်းတွေပါလာတယ်။ ဒါကြောင့် အတွေ့အကြုံရင့်ကျက်ရမယ်၊ အသည်းကောင်းရမယ်။ အဲဒီလိုကလေးမျိုးကို စိန်ခေါ်ပွဲပေးသင့်တယ်လို့မြင်တယ်။ တချို့ကလေးတွေဆိုထိုးတာမှမကြာသေးဘူး စိန်ခေါ်ပွဲတင်ပေးတာတွေရှိနေတယ်။ တချို့ဆရာတွေကျတော့ ကစားသမားအလားအလာကောင်း၊ အခွင့်အရေးလေးသူ့ဆီကရမယ်ဆိုရင် အတင်းတွန်းတင်နေကြတာပေါ့။ ကျွန်တော့်တုန်းကတော့ သူတို့စိတ်ကြိုက်ပြီဆိုမှ ၁၀ ချီကိုပေးထိုးတာ။



ကျားသစ်ရဲအောင်(ယာ)မှ သားတပည့် သူရရဲအောင်အား လက်ဝှေ့ရေးလေ့ကျင့်သင်ကြားပေးနေစဉ်။

မေး။ ။ အခုနောက်ပိုင်း မန္တလေးမှာ မျိုးဆက်သစ်ရော၊ အရင်လက်ဝှေ့သမားဟောင်းတွေပါ ပြန်လည်ဝင်ရောက်လာတယ်လို့သိရတယ်။ နောင်အနာဂတ်အခြေအနေလေးရော သုံးသပ်ပေးပါဦး။

ဖြေ။ ။ အခု လက်ဝှေ့သမားဘဝက တော်တော်လေးကောင်းလာပါတယ်။ လေ့ကျင့်စရာဆိုလည်း ခေတ်မီကိရိယာကအစ အစုံ။ နည်းပြဆိုလည်း အတွေ့အကြုံရှိတဲ့နည်းပြနဲ့ကစားလာရတယ်။ နည်းပြအတွေ့အကြုံ မရှိတဲ့ ကလေးတွေကျတော့လည်း တဖြည်းဖြည်းကျသွားတာပေါ့။ ကျွန်တော်တို့ဆီမှာက ခုတော့ မျိုးဆက်သစ်တွေနဲ့ မျိုးဆက်သစ်သာသာလောက်ပဲ ရှိပါသေးတယ်။ နောင်ဆိုရင်တော့ တက်လာစရာအကြောင်းတွေ အများကြီးရှိပါတယ်။ တကယ်ထိုး၊ တကယ်ခံခဲ့ရတဲ့သူတွေ နည်းပြ လုပ်ရင် ပိုပြီးတိုးတက်လာမှာပါ။ မျှော်လင့်ချက်ရောင်ခြည်ကတော့ သန်းလာပါပြီ။

မေး။ ။ အခုရိုးရာလက်ဝှေ့သမားတွေနဲ့ အဘတို့တုန်းက ရိုးရာလက်ဝှေ့သမားဘဝ ဖြတ်သန်းခဲ့ရတဲ့အခါ ကွာခြားမှုလေးတွေကိုပြောပြပေးပါဦး။

ဖြေ။ ။ အဘတို့တုန်းကနဲ့စာရင် ဒီခေတ်ကလေးတွေ ကံကောင်းပါတယ်။ အဘတို့ခေတ်တုန်းကလည်း ရွှေဈေးကတစ်ကျပ်သားကို ငွေကျပ် ၂၅၀၊ ၃၀၀ လောက်ရှိတာ။ အဘတို့တုန်းက နိုင်တဲ့သူ ငွေကျပ် ၁၀၊ ရှုံးတဲ့သူငါးကျပ် စာအိတ်ထဲထည့်ပေးတာ။ ဒီခေတ်ကလေးတွေကထိုးပျော်ပါတယ်။ ကစားပျော်ပါတယ်။ ပထမတန်းမှာ ၅၀၀၊ ၃၀၀၊ ၂၀၀ အောင်လံလုခဲ့ကြတာပါ။ ကျွန်တော်အများဆုံးရခဲ့တာ လက်ဝှေ့သမားဘဝ ငွေကျပ် ၅၀၀၀ ဟာ အများဆုံးရခဲ့တာပါ။

မေး။ ။ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကဦးစီးပြီးတော့ မျိုးဆက်သစ်ပွဲတွေ အခုနှစ်ပိုင်းမှာ ရန်ကုန်မှာရော အခြားနယ်မြို့လေးတွေမှာပါ ကျင်းပပေးနေပါတယ်။ အဲဒီအပေါ်မှာရော အဘဘယ်လို မြင်ပါသလဲ။

ဖြေ။ ။ ခုနောက်ပိုင်းမျိုးဆက်သစ်လေးတွေ များများထွက်အောင် ကျင်းပပေးတာဝမ်းသာတယ်။ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေနဲ့ ကျင်းပပေးတာကောင်းပါတယ်။ ခေါင်းဆောင်လုပ်နေတဲ့ ဦးဝဏ္ဏတို့ကလည်း ဝါသနာပါ၊ စေတနာပါတာတွေ့ရသလို ပေးသင့်ပေးထိုက်တာပေးတယ်။ ထောက်ပံ့သင့်တာ ထောက်ပံ့ပေးတာကို တွေ့ရပါတယ်။ ဒါပေမယ့် တချို့တချို့နောက်လိုက်တွေကအတ္တလေးတွေ ရှေ့တန်းတင်တဲ့အခါမှာ တချို့နည်းပြတွေနဲ့ လျာလေးတွေ သွားညှိနေကြတယ်။ အခဲမကျေတာလေးတွေရှိနေကြတယ်လို့သိရတယ်။ အဲဒီအားနည်းချက်လေးတွေ ဖျောက်ဖျက်နိုင်ရင်၊ ပြုပြင်လိုက်မယ်ဆိုရင်တော့ ရိုးရာလက်ဝှေ့ကတော်တော်လေးတိုးတက်လာမှာပါ။ အခုလည်း အရှိန်တော်တော်ရနေပါပြီ။

မေး။ ။ အရင်အဘတို့တုန်းက မြန်မာချန်ပီယံ ရွှေခါးပတ်ကို ဝိုင်းလုကြတယ်လို့ သိရတယ်။ အခုနောက်ပိုင်းချန်ပီယံရွှေခါးပတ်ကို နှစ်ရှည်သိမ်းပိုက်ထားမှုအပေါ် အဘဘယ်လိုမြင်ပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့ခေတ်ကချန်ပီယံတွေကထိုးချင်တယ်ဆိုရင်ထိုးလို့ရတယ်။ ပထမတန်းအပြိုင်အဆိုင်ရှိကြတယ်။ ဟိုကလပ်က အပြိုင်ဝင်ထိုး၊ ဒီကလပ်က အပြိုင်ဝင်ထိုးပေါ့။ ခုဆိုရင် ထွန်းထွန်းမင်းနဲ့အပြိုင်ကတူးတူးပဲဖြစ်နေတယ်။ တူးတူးနဲ့ကလည်း သူငယ်ချင်းတွေဆိုတော့ ချန်ပီယံအပြိုင်ရယ်လို့ ထိုးမယ့်လူကမရှိသေးဘူးဖြစ်နေတယ်။ ဟိုတုန်းကဆိုရင်ပထမတန်းရော ချန်ပီယံပါနေရာဒေသမှာအပြိုင်အဆိုင်တွေရှိကြတယ်။ အခုလည်း ပရိသတ်ကြိုက်မယ့်၊ အားပေးမယ့် အပြိုင်လုမယ့်လက်ဝှေ့သမားတွေ များများမွေးထုတ်ပေးဖို့ လိုတယ်လို့ မြင်တယ်။

မေး။ ။ လက်ရှိရိုးရာလက်ဝှေ့ လောကသားတွေနဲ့ မျိုးဆက်သစ်တွေကိုအဘအနေနဲ့ ဘာအသိပညာများ မျှဝေပေးချင်ပါသလဲ၊ ဘာများပြောချင်ပါသလဲခင်ဗျ။

ဖြေ။ ။ ထိုးလို့ရတဲ့အချိန်မှာ နိုင်ငံအတွက် စည်းကမ်းတကျလေးနဲ့ တကယ်တတ်တဲ့၊ တော်တဲ့၊ ဆရာကောင်းတွေနဲ့ သင်ကြားထိုးစေချင်ပါတယ်။ လက်ဝှေ့သမားကောင်း၊ တပည့်ကောင်းဖြစ်ဖို့ဆိုတာကလည်း ဆရာပေါ်မှာအများကြီးမူတည်နေပါတယ်။ တကယ်ထိုး၊ တကယ်ခံ၊ တကယ်ပဲ ပြိုင်ပွဲအတွေ့အကြုံရှိခဲ့တဲ့ ဆရာကောင်းနဲ့တွေ့မှ တပည့်ကောင်း၊ လက်ဝှေ့ကျော်တစ်ဦးဖြစ်မှာပါ။ အဲဒီအချက်တွေကတော့ မျိုးဆက်သစ်တွေအတွက် အလွန်ပဲအရေးကြီးတယ်လို့ ပြောချင်ပါတယ်။

အထက်မြန်မာပြည် မန္တလေးမြို့၏ တစ်ခေတ်တစ်ချိန်က နာမည်ကြီးပထမတန်းလက်ဝှေ့ကျော် ကျားသစ်ရဲအောင်သည် ယခုအခါ အသက် ၇၉ နှစ်ထဲရောက်ရှိနေပြီဖြစ်ပြီး များမကြာမီကပင် ရိုးရာလက်ဝှေ့သမားဟောင်းတစ်ဦးနှင့် ယှဉ်ပြိုင်ထိုးသတ်ထားသူဖြစ်သည်။ ကျားသစ်ရဲအောင်သည် လက်ဝှေ့သမားဘဝတွင် ပွဲပေါင်း ၁၅၀ ကျော်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ပြည်ပပွဲငါးပွဲကိုလည်း ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် ဒိုင်ပွဲရပ်တစ်ပွဲကိုယှဉ်ပြိုင်ထိုးသတ်ခဲ့သူဖြစ်သည်။ ကျားသစ်ရဲအောင်သည် မြန်မာပြည် ပထမတန်းလက်ဝှေ့ကျော် ရွှေခါးပတ်ချန်ပီယံဟောင်းများဖြစ်သည့် အောင်အောင်ထွန်းနှင့် သူရရဲအောင်တို့ကို မွေးထုတ်ပေးခဲ့သည့် ဖခင်တစ်ဦးလည်း ဖြစ်သည်။

**အလံပွဲတွေထိုးဖူးတဲ့သူ၊ နာရီကြာကြာထိုးဖူးတဲ့လူကိုမှ စိန်ခေါ်ပွဲကို ပေးထိုးတယ်။ အခု မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ချမှတ်လိုက်တဲ့ စိန်ခေါ်ပွဲဟာ အတော်ပင်ပန်းပါတယ်။ အလံနဲ့ မတူဘူး။ အလံကတစ်မျိုး၊ အလံက ချိန်တွယ်လို့ရတယ်၊ နားလို့ရတယ်။ ရေဆာရင် ရေတောင်းလို့ရတယ်...**

# နေပြည်တော်မှ ပင်လောင်း သို့

***မောင်သာ(ရွှေးဟောင်းသုတေသန)***

***ကယားပြည်နယ် လောပိတသို့ ယခုအခေါက် သွားခဲ့ရာတွင် ယခင်က မသွားခဲ့ဖူးသေးသည့် နေပြည်တော် ပင်လောင်းတောင်ပေါ်လမ်းမှ လွိုင်ကော်သို့ ကျွန်တော်သွားခဲ့ပါသည်။ လွိုင်ကော်သို့ ပျော်ဘွယ်၊ ကလော၊ ပင်လောင်း၊ ဖယ်ခုံလမ်းမှ သွားခဲ့သည့်အခါများတွင် ပင်လောင်းမြို့အထွက်၌ တွေ့ရသည့် အောင်ပန်း-လွိုင်ကော် မီးရထားလမ်းကို ကျွန်တော် သတိပြုမိခဲ့သည်။ ထိုရထားလမ်းသည် ပင်လောင်းမှလာလျှင် ပင်လောင်း-နေပြည်တော် တောင်ပေါ်လမ်း၏ အစဖြစ်သည်။ နေပြည်တော်ဘက်မှသွားလျှင် ကင်းသာသည် ပင်လောင်းတောင်ပေါ်လမ်း စတင်သည့်နေရာဖြစ်သည်။***

နေပြည်တော်တပ်ကုန်းမှ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း ကားမောင်းလာလျှင် မိုင်တိုင်အမှတ် (၂၇၁/၄) တွင် ကင်းသာလမ်းဆုံသို့ ရောက်ရှိသည်။ ထိုနေရာမှ စတင်သည့် နေပြည်တော်-ပင်လောင်း မော်တော်ကားလမ်းသည် ၆၉ မိုင်ရှည်လျား၍ တောင်စဉ်တောင်တန်းများကို ကွေ့ဝိုက်တက်ဆင်းကာ ဖောက်လုပ်ထားသည်။

ကျွန်တော်တို့ ကင်းသာမှ ထွက်လာပြီး တစ်နာရီနီးပါး အကြာတွင် နေပြည်တော် ရေပူစမ်းသို့ ရောက်ရှိခဲ့ကြသည်။ ရေပူစမ်းသည် နေပြည်တော်မှ ၂၅ မိုင် ကွာဝေးပြီး ရေပူစမ်းသို့ မရောက်မီ အတက်အဆင်းများသည့် ကိုးကွေ့ကို ဖြတ်သန်းရသည်။ ကိုးကွေ့ဟု အမည်ပေးထားသည့် အတိုင်း မတ်စောက်သည့် အကွေ့ ကိုးခု ရှိသည်။

နေပြည်တော် ရေပူစမ်းသည် တောင်ကျကျေးရွာအနီးတွင်တည်ရှိကာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ အခမဲ့နှင့်အခပေးရေပူစိမ်ကန်များ ပြုလုပ်ပေးထားကြောင်းသိရှိရသည်။ နေပြည်တော်-ပင်လောင်း ကားလမ်း၏ ဝဲဘက်တွင် စိုက်ထူထားသည့် နေပြည်တော် ရေပူစမ်းဆိုင်းဘုတ်ကိုတွေ့ကြရပြီးနောက် ရေပူစမ်းသို့ ကျွန်တော်တို့ မဝင်တော့ဘဲ ခရီးဆက်ခဲ့ကြသည်။

နေပြည်တော် ရေပူစမ်းကိုကျော်သည်နှင့် တောင်များက သိသိသာသာ မတ်စောက်လာကာ အကွေ့အကောက်များလာသည်။ သို့သော်လည်း ခင်းထားသော နိုင်လွန်ကတ္တရာလမ်းသားမှာ ကောင်းမွန်သည်။ အချို့ကျဉ်းမြောင်းသော တောင်စောင်းနေရာများတွင် ကားလမ်းကို တိုးချဲ့ဖောက်လုပ်နေသည်ကို တွေ့ရသည်။အတက်အဆင်း အကွေ့အကောက်များသဖြင့် ကားကို အရှိန်မြင့်မြင့် မောင်းနှင်၍မရဘဲ ဂီယာကို မကြာခဏ ချိန်းပေးရသည်။

တောင်ပေါ်ရောက်လာသည်နှင့် ရာသီဥတုက အေးစိမ့်စိမ့်ဖြစ်လာသည်။ ပတ်ဝန်းကျင် ရှုခင်းများက စိမ်းစိုလှပနေကာ ကျောက်တောင် ကျောက်စိုင်များကို မြင်ရသည်မှာ မျက်စိပသာဒဖြစ်ကြရသည်။ ကားလမ်းဘေးတွင် ကပ်နေသည့် ချောက်များကို မြင်ရသည်မှာ တောင်ပေါ်လမ်းမှ သွားဖူးသူများအတွက် ရင်တုန်စရာ ဖြစ်သည်။ နက်ရှိုင်းသော ချောက်များအတွင်းပေါက်နေသည့် သစ်ပင်များ၏ ထိပ်ဖျားများကိုသာ မြင်ကြရသည်မှာလည်း ရှုခင်းတစ်မျိုးပင် ဖြစ်သည်။

ကားလမ်းက အသွားအလာရှင်းသော်လည်း လမ်းတစ်လျှောက် လမ်းဘေးတွင် ရပ်ထားသည့် မော်တော်ဆိုင်ကယ်များကို မကြာမကြာမြင်ရသည်။ တောင်တန်းဒေသတစ်လျှောက် မျှစ်လာချိုးကြသူများ၏ ဆိုင်ကယ်များဖြစ်ကြသည်။နိုင်ငံကျော် ပျဉ်းမနား မျှစ်ချဉ် ထွက်ရှိရာနယ်မြေတစ်ခုဖြစ်ပေလိမ့်မည်ဟု တွေးမိပါသေးသည်။ အချို့နေရာများတွင် ချိုးထားသော မျှစ်များကို စုပုံထားသည်ကိုလည်းကောင်း၊ မျှစ်တောင်းများထမ်းလာကြသူများကိုလည်းကောင်း၊ မျှစ်များကို ခွာနေကြသည်ကိုလည်းကောင်း တွေ့ကြရသည်။

တောင်ပေါ်လမ်း၏ အချို့နေရာများတွင် တောင်ပြိုမှုများမကြာခဏဖြစ်သဖြင့် ချောက်ကမ်းပါးများကို မဒမတိုင်များ အခိုင်အမာ စည်းနှောင်ထားသည့် မြေထိန်းနံရံများဖြင့် ကာရံထားသည်။ သို့တိုင်အောင် မိုးအရွာများလျှင် မြေထိန်းနံရံ ပြုလုပ်ထားသည့် မဒမတိုင်များက အတွဲလိုက်အောက်သို့လျှောကျလေ့ရှိသည်။ ကျွန်တော်တို့ ပင်လောင်းသို့ သွားနေစဉ် မိုင်တိုင်အမှတ်(၃၅/၂) တွင် တောင်ပြိုကာ မြေထိန်းနံရံတစ်ခုလုံး အပေါ်လမ်းမှ အောက်လမ်းပေါ်သို့ ကျနေခဲ့သဖြင့် ကားလမ်းက သွား၍

**တောင်ပေါ်လမ်း၏ အချို့နေရာများတွင် တောင်ပြိုမှုများ မကြာခဏ ဖြစ်သဖြင့် ချောက်ကမ်းပါးများကို မဒမတိုင်များ အခိုင်အမာ စည်းနှောင်ထားသည့် မြေထိန်းနံရံများဖြင့် ကာရံထားသည်။ သို့တိုင်အောင် မိုးအရွာများလျှင် မြေထိန်းနံရံ ပြုလုပ်ထားသည့် မဒမတိုင်များက အတွဲ လိုက် အောက်သို့ လျှောချလေ့ရှိ . . .**



နေပြည်တော်-ပင်လောင်းလမ်းပိုင်းရှိ တောင်ပေါ်ဒေသရှုခင်းကို တွေ့ရစဉ်။

မရတော့ဘဲ အတန်ကြာပိတ်နေခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းအထူးအဖွဲ့ (၁၃) က လာရောက်ရှင်းလင်းပေးပြီးမှကားများ ဆက်လက် မောင်းနှင်နိုင်ခဲ့ကြသည်။ ကားလမ်းအတိုင်း မှန်မှန်မောင်းလာကြစဉ် ကွေ့တစ်ခုတွင် ကြီးမားသောတံတားကြီးတစ်ခုကို ဘွားကနဲမြင်လိုက်ကြရသည်။ တံတားအနီးသို့ ရောက်သောအခါတွင် တံတားတိုင်ကြီးနှစ်ခု၏ထိပ်တွင် လိန်းလီတံတားဟု ကြီးမားသော စာလုံးများရေးထားသည်ကို မြင်ကြရသည်။ လိန်းလီတံတားသည် နေပြည်တော်-ပင်လောင်းလမ်းမိုင်တိုင်အမှတ်(၄၂/၃) တွင်ရှိသည်။ လိန်းလီသို့ ရောက်ရှိရန် ကင်းသာမှ နှစ်နာရီကျော် ကားမောင်းခဲ့ပြီး ပင်လောင်းနှင့် လိန်းလီသည် ၂၃ မိုင်ကွာဝေးသည်။ တောတောင်ထဲတွင် လှပစွာ တည်ဆောက်ထားသော လိန်းလီကြိုးတံတားကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

ကျွန်တော်တို့သည် ကားကို လိန်းလီတံတားရှေ့တွင် ရပ်ပြီး တံတားပေါ်မှ လမ်းလျှောက် ဖြတ်သန်းခဲ့ကြသည်။ လိန်းလီကြိုးတံတားသည် အရှည် ပေ ၁၇၆၀ ရှိပြီး ပင်မတံတားအရှည် ပေ ၁၀၀၀ နှင့် တံတားတစ်ဖက်စီတွင် ချဉ်းကပ်တံတား ပေ ၃၈၀ စီရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီရှိသည့် သံမဏိသံပေါင် သံကူကွန်ကရစ်ကြမ်းခင်းတံတားဖြစ်သည်။ တံတား၏ ခံနိုင်ဝန်သည် ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။ တံတားအောက်ခြေ ရေလမ်းကင်းလွတ်နယ်ပေ ၈၈၀ ရှိသဖြင့် တံတားပေါ်မှ ရေပြင်ကို ကျယ်ဝန်းစွာမြင်ကြရသည်။ လိန်းလီ၏ ဘေးပတ်ဝန်းကျင် တစ်ခုလုံးသည် စိမ်းလန်းသော တောတောင်များဖြင့် ဝန်းရံနေသည်။

လိန်းလီတံတားကို ပေ ခြောက်ထောင်ကျော်မြင့်သည့် ဆင်တောင်မှ စီးဆင်းလာသော ပေါင်းလောင်းချောင်းကို ဖြတ်သန်းကာ တောင်ကုန်းထိပ်နှစ်ခုကို သွယ်တန်းထားသည်။ တံတားမထိုးမီက ပေါင်းလောင်းချောင်းကို ခက်ခက်ခဲခဲဖြတ်သန်းကြရသည်ဟု ဒေသခံများက ပြောပြကြသည်။ တံတားထိုးပြီးသည့် နောက်ပိုင်းမှစ၍ လွိုင်ကော်၊ ဖယ်ခုံ၊ ပင်လောင်းမြို့များမှ ပြည်သူများသည် တပ်ကုန်း၊ ရမည်းသင်း၊ နေပြည်တော်နယ်မြေများသို့ လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်သည်။

ကယားပြည်နယ်မှ ပြည်သူများသည် ပြည်မသို့ သွားရောက်ရန် အောင်ပန်း၊ ကလောဘက်မှ မသွားကြတော့ဘဲ တပ်ကုန်းသို့တိုက်ရိုက်သွားသည့် ပင်လောင်း-နေပြည်တော် လမ်းကို အသုံးပြုကြခြင်းဖြင့် ခရီးမိုင်များစွာတိုတောင်းသွားသည်။ အချိန်လည်း များစွာသက်သာသွားသဖြင့် ထိုလမ်းသည် ဒေသလမ်းပန်းဆက်သွယ်ရေး ချောမွေ့မှုအတွက် များစွာအထောက်အပံ့ပြုနေသည့် လမ်းတစ်လမ်းဖြစ်ပေသည်။ လမ်းကွေ့များသဖြင့် ခရီးသည်တင်ကားကြီးများ မသွားကြသော်လည်း ကိုယ်ပိုင်ယာဉ်များ၊ မီနီဘတ်စ်များနှင့် ကုန်တင်ယာဉ်များ သွားလာနေကြသည်ကို မြင်ကြရသည်။

တောင်ထိပ်၊ တောင်အောက် တက်လိုက်ဆင်းလိုက်ဖြင့် တောင်များကို တစ်တောင်ပြီး တစ်တောင်ဖြတ်သန်းခဲ့ကြကာ ကျွန်တော်တို့သည် ပင်လောင်းမြို့သို့ ဦးတည်မောင်းနှင်လာခဲ့ကြသည်။ တောင်ထိပ်များသို့ရောက်သွားသည့် အချိန်တွင်အပူချိန်က သိသိသာသာ အေးလာသည်နှင့်အမျှ ပတ်ဝန်းကျင်တစ်ခုလုံး မြူများဆိုင်းနေသည်ကိုလည်း ကြုံကြရသည်။

လိန်းလီတံတား အနီးဝန်းကျင်တွင် စည်ကားနေသည့် ကျေးရွာများကို တွေ့ရသည်။ သွပ်မိုးများပြောင်လက်နေသည့် အိမ်အသစ်များကြောင့် ရွာသစ်တည်ထားကြောင်း အလွယ်သိနိုင်သည်။ ကျေးရွာအသစ်များဟု ဆိုသော်လည်း နှစ်ထပ်တိုက်များကို ပင်တွေ့ရသည်။ ထိုကျေးရွာများသည် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ ရေဝပ်ဧရိယာအတွင်းကျရောက်နေသည့် ထိန်ပင်နှင့် သပြေကုန်း ကျေးရွာအုပ်စုများအတွင်းမှ ထိန်ပင်၊ ရွာမ၊ လိန်းလီ၊ ကျောင်းရွာ၊ ဉသျှစ်ကုန်း၊ ဆီဆုံကုန်း၊ ဗွေးကုန်းရွာကြီး၊ကံလှ အစရှိသော ကျေးရွာ ၂၃ ရွာကို ပြောင်းရွှေ့နေရာချထားပေးသည့် ကျေးရွာအသစ်များ ဖြစ်သည်။ ရေဝပ်ဧရိယာအတွင်း ကျရောက်နေသည့် အိမ်ထောင်စု ၁၅၂၄ စု၊ လူဦးရေ တစ်သောင်းကျော်ခန့်ပြောင်းရွှေ့လာကြသဖြင့် ရွာတန်းများသည် အထူးစည်ကားနေသည်ကို တွေ့ကြရသည်။

ရွာများက တစ်ရွာနှင့် တစ်ရွာဆက်နေကြကာ စားသောက်ဆိုင်များ၊ စတိုးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များကို ရွာလမ်းမများ တစ်လျှောက်တွင် မြင်ကြရသဖြင့် ကျွန်တော်တို့ ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ခဲ့ကြသည်။

***စာမျက်နှာ ၂၁ သို့***



လိန်းလီတံတားကို တွေ့ရစဉ်။

# ဆိုခဲစေ၊ မြဲစေ

အောင်စည်အောင်မောင်း

ဗိုလ်(သို့) အကြီးအကဲဖြစ်ရန်မှာ ဟောတရား-နာတရားချည်း သက်သက်နှင့်ဖြစ်လာကြသည်မဟုတ်။ အလုပ်တရားလက်တွေ့ကျင့်စဉ် မပါလျှင် အရာရောက်မည်မဟုတ်ချေ။ ဗိုလ်(သို့မဟုတ်) အကြီးအကဲ ဖြစ်ရန်မှာလည်း သဒ္ဓါတရားမှာဗိုလ်၊ ဝီရိယမှာဗိုလ်၊ အသိတရား-သတိတရားမှာဗိုလ်၊ သမာဓိမှာဗိုလ်၊ ပညာအရာမှာဗိုလ်ဖြစ်ရန် ကြိုးစားပြရန် တော့အဓိကလိုအပ်၏။ ဤသို့စံပြမဟုတ်၊ မထူးချွန်ပါလျှင် ဗိုလ် (သို့မဟုတ်)အကြီးအကဲ မဖြစ်နိုင်ပါချေ။ ဤကားကျင့်သုံးရန်ဆောင်ရန် ဖြစ်ပေ၏။

ရှောင်ရန်မှာကား ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိတို့ဖြစ်သည်။

ဒေါသ-မနှစ်သက်ဖွယ် မိမိနှင့်ဆန့်ကျင်ဘက်တို့နှင့် ကြုံတွေ့သော် အမျက်ထွက်မည်။ ဒေါသကြောင့် ဆင်ခြင်တုံတရားမဲ့၏။ အကျိုးအကြောင်းအဆိုးအကောင်းမသိ မိမိသာမှန်သည်၊ ကောင်းသည်၊ အထင်ကြောင့်ဖြစ်တတ်၏။ ထို့ပြင် သူတစ်ပါးအား နစ်နာအောင်ပြုတတ်၏။

**မောဟ**-ပညာအမြင်ကို ကန်းအောင်ပြုတတ်၏။ လောကကိုလည်းကောင်း၊ မိမိကိုယ်တိုင်လည်းကောင်း တည်ငြိမ်အောင်မပြုနိုင် အသိဉာဏ်၊ ဝိဇ္ဇာမဲ့သောကြောင့် ကိုယ်ကျင့်သိက္ခာမပြည့်စုံနိုင်။ အကောင်းမမြင် အမှန်နှင့်ကင်းဝေးကာ သန္တာန်၌အကုသိုလ်တရားတို့သာ တိုးပွားတော့ပေ။ ထို့ကြောင့် အစ၊ အလယ်၊ အဆုံး သုံးပါးစလုံး ကောင်းရန် လိုအပ်ပေသည်။ ပြောခဲ့ ဆိုမိန့်ခဲ့သည့်စကားကတိတို့ကို တည်ကြည်ဖြောင့်မတ်၍ အောင်မြင်စေရန်လုံ့လစိုက်ရမည်။ ကတိစကားနှင့် ပတ်သက်၍လည်း "ကတိသစ္စာတည်သောခါဝယ် ဩဇာလေးနက်ပေါ်ဆီတက်၍ နွယ်မြစ်သစ်ပင် ဆေးဖက်ဝင်၏" "သစ္စာနှုတ်သီး မန္တန်ကြီးကား သေပြီးသော်မှ ပြန်ရှင်ရ၏" ဟူသတည်း။

နှုတ်ကြောင့်သေ ဆိုသည်မှာလည်း အသက်သော်လည်းကောင်း၊ ဘဝနှင့်ရင်း၍ နာမည်ပျက်ခြင်းကိုဆိုပေမည်။ လိမ်ညာလှည့်စားခြင်းသည် ခံရသူအတွက်မကောင်းပေ။ အမှန်မှာ လက်တွေ့ကျသည့်အများအကျိုးအတွက်၊ လောကအကျိုးအတွက် လက်ရုံးရည်လိုလျှင် လက်ရုံးရည်၊ နှလုံးရည်လိုလျှင်နှလုံးရည် အမှန်တကယ်ပေးဆပ်နိုင်သူသာ ဖြစ်သင့်ပေသည်။

မိမိကသာစေ၍ သူတစ်ပါးကိုနစ်နာစေ ရှုံးနိမ့်စေရန်အလွယ်တကူ အသုံးပြုနေကြသည့်လက်နက်မှာ ပြောဆိုကြခြင်းပင်ဖြစ်ပေသည်။ ဤသို့ ပြောဆိုငြင်းခုန်ကြရင်း ကာယကံမြောက်ကျူးလွန်ကြခြင်းကြောင့် အပြက်အပြက်နှင့် နှာခေါင်းသွေးထွက်တတ်သည့် သာဓကများကိုလည်း သတိထားသင့်ပေသည်။

**နှုတ်ကြောင့်သေဆိုသည်မှာလည်း အသက်သော်လည်းကောင်း၊ ဘဝနှင့်ရင်း၍ နာမည်ပျက်ခြင်းကိုဆိုပေမည်။ လိမ်ညာလှည့်စားခြင်းသည် ခံရသူအတွက်မကောင်းပေ။ အမှန်မှာ လက်တွေ့ကျသည့် အများအကျိုးအတွက်၊ လောကအကျိုးအတွက် လက်ရုံးရည်လိုလျှင် လက်ရုံးရည်၊ နှလုံးရည်လိုလျှင် နှလုံးရည် အမှန်တကယ်ပေးဆပ်နိုင်သူသာ ဖြစ်သင့်ပေသည်**

တတ်၏။

**မာန**-ငါနှင့်ငါသာတုယှဉ်စရာဟု ထင်တစ်လုံးဖြစ်တတ်၏။ နှိုင်းယှဉ်လျှင်မိမိဘက်သို့ သာသာထိုးထိုးပိုမိုတွေးထင်တတ်၏။ ထောင်လွှားတတ်၏။ ဤတရား ပူးကပ်လျှင်တစ်ကိုယ်ကောင်းဆန်၏။ အမှန်တရား ရှာဖွေရာ၌ အတားအဆီးဖြစ်တတ်၏။

**ဒိဋ္ဌိ**-မှားယွင်းစွာရှုမြင်တတ်၏။ နိယာမတို့တွင် ဆန့်ကျင်ဘက်တွေးကာ အမှားကို အမှန်ထင်၍ အသိအမြင်အကျင့်လွဲမှားမှုကြောင့် အမှန်နှင့် ပိုမိုဝေးကွာရတတ်သည်။ ဤတရားငါးပါးသည် ဆင်းရဲကိုဖြစ်စေတတ်သည်။

လူ့လောက၌ တစ်စုံတစ်ယောက်သောသူကို လေးစားကြသည်မှာလည်း အားကိုးထိုက်သူ၊ ယုံကြည်ထိုက်သူ၊ စွမ်းရည်ရှိသူဖြစ်၍သာ လေးစားကြခြင်းဖြစ်သည်။

အဆိုပါပုဂ္ဂိုလ်သည် အချိန်ကိုလေးစားခြင်း၊ တာဝန်ကိုကျေပွန်ခြင်း၊ ကတိတည်ခြင်း၊ သစ္စာရှိခြင်း၊ သည်းခံစိတ်ရှိခြင်း၊ အနစ်နာခံခြင်း၊ ဖွဲ့ကောင်းခြင်း၊ ထက္ကွလုံ့လရှိခြင်း၊ မှန်ကန်စွာဆုံးဖြတ်ခြင်းတို့သည် အဓိကဖြစ်ပေသည်။

တစ်ခါတစ်ရံ သူတစ်ထူးပြောသည်ကို ဂရုစိုက်နားထောင်၍ ကောင်းသည်၊ ဆိုးသည်၊ မှန်သည်၊ မှားသည်ကို ဆောင်ရန်၊ ရှောင်ရန်ပြု၍ အနစ်နာခံကာ ဆောင်ရွက်ပြလျက် အောင်မြင်မှုရရှိမှသာ ယုံကြည်မှုလည်း ပိုမိုရရှိနိုင်ပေမည်။

အမှန်တကယ် အလုပ်လုပ်နိုင်သူတို့သည် စကားအပြောအဆိုနည်း၍ ပြောပြန်လျှင်လည်း နားထောင်ရသူ နာခံရသူတို့အတွက် အဆင်မပြေဖြစ်တတ်သေး၏။ "လူပြောမသန်၊ လူသန်မပြော" စကားမျိုး ဥပမာလည်းရှိတတ်၏။ ခြိမ်းလည်းခြိမ်း ရွာလည်းရွာသောမိုးပမာလည်း ရှိပြန်၏။သို့သော် ဆိုလိုက်သည့်စကားမှာ အလွန်အကျွံမဖြစ်သင့်ပေ။ ချစ်စေလိုခံတွင်းလက်လေးတစ်၊ မုန်းစေလိုလည်း ခံတွင်းလက်လေးသစ်ပင်။ ထို့ကြောင့် ထင်တိုင်းလည်း မဆိုသင့်ပေ။ ကြမ်းကျွံလျှင် နုတ်၍ရ၏။ စကားကျွံလျှင် နုတ်ရခက်သည်။

လူတို့၏သဘောကား သိကြားမင်းကိုယ်တိုင်ဖန်ဆင်းသည့် ကျွဲကိုပင် ဦးချိုကားသည်၊ ဦးချိုကြီးသည်ဟုပင် ဆိုကြသေးသည်။ အလုပ်တရားကိုပိုမိုဆောင်ရွက်ပြလျက် ဆိုစကားကို လျှော့သင့်ပေသည်။ သို့မှ ဝေဖန်ကဲ့ရဲ့ခံရမှု နည်းပေမည်။

ဆိုခဲ့ ဟောခဲ့ ပြောခဲ့သမျှတို့သည် လက်တွေ့ဆောင်ရွက်ရာ၌ ခရီးမရောက် မပေါက်မြောက်ခဲ့ပါလျှင် မူလရှိရင်းစွဲဖြစ်သည့် ခင်မင်မှု၊ ယုံကြည်မှုတို့ပင် ဆုံးရှုံးရတတ်၏။ ထို့ထက် အထင်ကြီး၊ ယုံကြည်ခဲ့သည်မှာ မှားလေစွဟုပင် အပြစ်တင်စကားဆိုကြပေဦးမည်။ ထိုမှဆက်၍ နောက်နောင်အလားတူကိစ္စများ၌လည်း မည်မျှပင် ကြိုးစားဆောင်ရွက်သော်လည်း ယုံကြည်မှုအားနည်းကာ အကောင်းမမြင်တတ်

**"မန်လည်ဆရာတော်ဘုရားကြီး၏ ဩဝါဒ"**

ဝမ်းတွင်းအူတို လူထိုထိုကား ရန်လိုရန်စ မဆုံးကြဘူး၊ ကိုယ်က လက်ဦးသူကိုကျူးက ထူး၍သူ့ထက်ဆယ်ပြန်တက်အောင် ကိုယ်ပျက်တတ်ခြင်း မှန်ခင်းခင်းတည်း။

အမှန်တကယ်အောင်မြင်လိုလျှင် မှန်သောစကားသည်သာ အကောင်းဆုံးဖြစ်သည်။ ပညာရှင်သူတော်ကောင်းတို့၏အဆုံးအမကို နာခံလိုက်နာရန်လည်း လိုအပ်ပေသည်။

"သူတော်စင်ပညာရှင်တို့ မိန့်ကြားစကားတစ်ခွန်းကြားက ပတ္တမြားဆန်ကျိုး အဖိုးပြည့်တန် ဧကန်မုချတစ်လုံးရသို့ နဂ္ဃဖိုးမှန်ကျိုးကဲလွန်၏" မန်လည်ဆရာတော် (မဟာသုတကာရီ-မဃဒေဝလင်္ကာ)

တစ်နည်းအားဖြင့် စကားအရာအင်္ဂါလေးတန် ဟူ၍လည်းရှိ၏။ ဤကား (၁)သုဘာသိတာ-ကောင်းစွာ ပြောဆိုခြင်း၊ (၂) ပီယဝါစာ-ချင်ခင်နှစ်သက်ဖွယ်ရှိခြင်း၊ (၃) သစ္စာ-မှန်သောဖြောင့်မတ်တည်ကြည်စွာပြောဆိုခြင်း၊ (၄)ဓမ္မတရားနှင့်ညီသည့် သဘာဝကျ၍ လိုက်နာနိုင်ဖွယ်ရှိရန်ဖြစ်ပေသည်။

ဆိုရေးရှိက ဆိုထိုက်စွဆိုသည်မှာလည်း တာဝန်ကိုကျေပွန်ခြင်း၊ အောင်မြင်မှုရရှိပြီးမှသာ လုပ်ငန်းစဉ်၏ အတွေ့အကြုံကိုရှင်းလင်းခြင်း မျိုးသာဖြစ်သင့်သည်။ မဆောင်ရွက်ခင် အဆိုးအကောင်းအကျိုးအကြောင်းတို့ကို ထောက်ရှုမျှော်တွေးကာ တင်ပြခြင်းလည်းရှိသင့်၏။

မိမိ၏ဆိုစကားသည် တစ်ဖက်သားတို့၏နားမှာ မခါးရအောင် သုံးနှုန်းတတ်ရန် အထူးလိုပေသည်။ လမ်းလွှဲ၊ လမ်းမှားသို့လည်း မလျှောက်သင့်၊ အခြားသူတို့အားလည်း မညွှန်သင့်ပေ။ ဤသို့ဆိုလျှင် (-) သင်္ကေတဖြင့် အမှန်တရားနှင့် ပို၍ပို၍ဝေးကွာခြင်းဖြစ်တတ်ပေသည်။ စွမ်းနိုင်သမျှသာ ဆိုသင့်ပေသည်။ အောင်မြင်တိုးတက်မှုရှိရန် လုံ့လပြုခြင်းဖြင့်သာ ရလဒ်ကောင်းကို ရနိုင်ပေ၏။

မိမိကိုယ်မိမိအထင်ကြီးလျှင် ပျက်စီးခြင်း၏ နိဒါန်းလည်းဖြစ်၏။ ဘဝတက္ကသိုလ်၌ လေ့လာဖွယ်-သင်ယူမှတ်သားဖွယ် လိုက်နာဖွယ် ပညာရပ်တို့သည် များပြားစွာရှိပေသည်။ ဤပညာရပ်များကို ရရှိနိုင်ရန် အကြောင်းသုံးပါးရှိ၏။ (၁) စိန္တာမယပညာ-ကြံစည်၍ သိအပ်သောပညာ၊ (၂)သုတမယပညာ-သူတစ်ပါးထံမှ မေးမြန်းစုံစမ်း၍ ကြားသိရသောပညာ၊ (၃)ဘာဝနာမယပညာ-များများလေ့ကျင့်ခြင်းဖြင့် ရရှိသောပညာတို့ပင်ဖြစ်ပေသည်။ ဤအကြောင်းအရာတို့မှ ကင်းလွတ်၍ ရနိုင်ရန် ခက်ခဲပေသည်။

အပြောအဟောကောင်းရုံမျှဖြင့် မပြီးနိုင်၊ မအောင်မြင်နိုင်ပေ။ အလုပ်တရား အကျင့်တရားပါမှ ဦးဆောင်မှုရှိမှသာ အကျိုးများပေသည်။ တကယ့်စွမ်းအားရှင်တို့သည် ဆိုခဲ၏။ ထိုထက် " ဆိုမိန့်လျှင်မြဲအောင် စွမ်းဆောင်နိုင်၏။ ဤသို့ သတိတရား အသိတရားရနိုင်စေရန် တင်ပြအပ်ပါသည်။

*စာမျက်နှာ ၂၀ မှ*

ဆိုင်ရှင်က စတင်ပြောင်းရွှေ့လာစက ထိုနေရာသည် ခြောက်သွေ့ပျင်းရိဖွယ် နေရာတစ်ခုဖြစ်ခဲ့သော်လည်း ပြောင်းရွှေ့လာသည့် လူဦးရေများလာသည်နှင့်အမျှ ဖွံ့ဖြိုးစည်ပင်လာခဲ့ကြောင်းရှင်းပြခဲ့သည်။ နေပြည်တော်နှင့် ပင်လောင်းအကြားတွင် အစည်ကားဆုံးနေရာဖြစ်လာသဖြင့် မော်တော်ယာဉ်များ ခရီးတစ်ထောက်နားသည့် နေရာတစ်ခုဖြစ်လာကာ အရောင်းအဝယ်များလည်း ကောင်းမွန်ကြောင်း တွေ့ရှိခဲ့ရသည်။ စာသင်ကျောင်းနှင့် ဆေးခန်းများလည်း ဖွင့်လှစ်ပေးထားသည်။

လျှပ်စစ်မီးရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်နေသည်ဟု သိရှိရသည်။ ဖွံ့ဖြိုးစည်ပင်လာသဖြင့် မြေကွက်များ၏ တန်ဖိုးများလည်း မြင့်တက်လာနေကြောင်းသိရသည်။ ဒေသတွင် ဝ ဥ၊ ချင်း၊ မျှစ်နှင့် သစ်ခွများ ထွက်ရှိပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြသည်။ လိန်းလီတံတားအောက်ဘက်ရှိ ပေါင်းလောင်းဆည်အတွင်း ဒေသခံများအား ငါးဖမ်းခွင့်ပြုထားသဖြင့် တီလားပီးယားငါးများ အများဆုံးထွက်ရှိသည်။

လွန်ခဲ့သော သုံးနှစ်ကျော်က လိန်းလီတံတားအနီးရှိ ထိန်ပင်ကျေးရွာမှ အထက်မြစ်ဆုံသို့ စက်လှေများဖြင့် သွားရောက်ကာ ရွှေတူးဖော်ရန် လာကြသူများဖြင့် စည်ပင်ခဲ့သည်။ သို့သော် တရားဝင်ရွှေတူးဖော်ခြင်း မဟုတ်သောကြောင့် သဘာဝဝန်းကျင်ပျက်စီးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ နိုင်ငံတော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရန်နှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်ရာမှ လိန်းလီတံတားလည်းပေါ်ထွန်းလာခဲ့သည်။

လိန်းလီတံတားကြီးတည်ဆောက်ပေးခဲ့သဖြင့် တောင်ပေါ်မြေပြန့် ဆက်သွယ်ရေးချောမွေ့ကောင်းမွန်လာသကဲ့သို့ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များမှ တိုင်းရင်းသားညီအစ်ကိုများနှင့် မြေပြန့်ပြည်မသားတို့ ပိုမိုနီးစပ်လာခဲ့သည်။ လိန်းလီတံတားကို ဖြတ်သန်းပြီး မိုင် ၂၀ ကျော် ကားမောင်းလာခဲ့ပြီးနောက် ပင်လောင်းသို့ရောက်ရှိခဲ့သည်။

ပင်လောင်းသည် မြန်မာနိုင်ငံ၏ အအေးဆုံးမြို့များအနက် တစ်မြို့ဖြစ်ပြီး ဆောင်းရာသီများတွင် အပူချိန် သုညဒီဂရီ စင်တီဂရိတ်အထိ ကျဆင်းလေ့ရှိသည်။ ကျွန်တော်တို့ ပင်လောင်းသို့ရောက်ချိန်တွင် မိုးရာသီဖြစ်သောကြောင့် အိမ်အများစုသည် တံခါးများပိတ်ထားကြသည်။ ပင်လောင်းသည် မိုးရာသီတွင်လည်း အအေးဓာတ်လွှမ်းမိုးနေသဖြင့် တံခါးများပိတ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။ လူတိုင်းကိုယ်စီအနွေးထည်များ ဝတ်ထားကြသည်ကို တွေ့ရသည်။ အအေးဓာတ်များသော ဒေသဖြစ်သဖြင့် ပင်လောင်းမြို့နယ်မှ အိမ်အများစုတွင် ပြတင်းပေါက်များ ဖောက်ထားခြင်းမရှိသည်ကို သတိပြုမိခဲ့သည်။ ပြတင်းပေါက်ရှိသော အိမ်ကြီးအိမ်ကောင်းများတွင်လည်း အအေးလုံစေရန် ပြတင်းပေါက်များကို မှန်များဖြင့် အသေပိတ်ထားသည် ကို မြင်ကြရပေသည်။

ပင်လောင်းတွင် တစ်ထောက်နားရင်း နာမည်ကြီး ပင်လောင်း လက်ဖက်ခြောက်ခပ်ထားသည့် အဖန်ရည်ရေနွေးကြမ်းပူပူကို သောက်ကြရင်း ကျွန်တော်တို့ဖြတ်သန်းလာခဲ့ကြသည့် လိန်းလီတံတားနှင့် နေပြည်တော် ပင်လောင်းကားလမ်းအကြောင်းကို ပြောဆိုနေမိခဲ့ကြပါသည်။

**ပင်လောင်းသည် မြန်မာနိုင်ငံ၏ အအေးဆုံးမြို့များအနက် တစ်မြို့ဖြစ်ပြီး ဆောင်းရာသီများတွင် အပူချိန် သုညဒီဂရီ စင်တီဂရိတ်အထိ ကျဆင်းလေ့ရှိ**


နေပြည်တော်-ပင်လောင်းလမ်း တစ်နေရာကိုတွေ့ရစဉ်။

နိုင်ငံတကာရေးရာသတင်းဆောင်းပါး

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# နွေးထွေးစပြုလာရာမှ အေးစက်သွားသည့် ရုရှားနှင့်အနောက်အုပ်စုဆက်ဆံရေး

သုခ

ဘုံရန်သူအဖြစ် သတ်မှတ်ခံထားရသည့် အစ္စလာမ္မစ်အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်လာရသောအခါ ရုရှားနှင့်အနောက်အုပ်စုနိုင်ငံများသည် ဆိုးတူကောင်းဖက်ဟု မဆိုနိုင်သော်လည်း ပိုမိုရင်းနှီးသွားစေနိုင်မည်ဖြစ်သည်။ ရုရှားနှင့်အနောက်အုပ်စုနိုင်ငံများ၏ ပြောင်းလဲလာသည့်ဆက်ဆံရေးကို နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင် တူရကီနိုင်ငံတွင် ကျင်းပသည့် ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲတွင် ပထမဆုံးအကြိမ် တွေ့မြင်ခဲ့ရပြီဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အားလုံး၏ စိတ်ဝင်စားမှု ခံခဲ့ရသည်။ လွန်ခဲ့သည့်နှစ်က ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတွင် ယူကရိန်းပြဿနာအပေါ် တင်းမာမှုများကြောင့် ပူတင်သည် ဆွေးနွေးပွဲမှ စောစီးစွာနုတ်ထွက်သွားခဲ့သည်။

ယခုနှစ်တွင်မူ ဆွေးနွေးပွဲမတိုင်မီ နိုဝင်ဘာ ၁၃ ရက်တွင် ပါရီမြို့အကြမ်းဖက်တိုက်ခိုက်ခံရသည့် လှုံ့ဆော်မှုကြောင့် ပူတင်သည် အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့နှင့် ပုဂ္ဂိုလ်ရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်သည် အိုင်အက်စ်အကြမ်းဖက်သမားများကို တိုက်ခိုက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်နိုင်ငံသို့ သွားရောက်၍ အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွများသည် အားလုံးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်ပြီး အဆိုပါခြိမ်းခြောက်မှုကို လက်မြှောက်အရှုံးပေးသွားမည်မဟုတ်ဘဲ အိုင်အက်စ်အုပ်စုများကျရှုံးပြီး မဟာမိတ်အုပ်စုများအနိုင်ရရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အောက်တိုဘာလနှောင်းပိုင်းတွင် အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ ရုရှားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပျက်ကျရခြင်းသည် ရုရှားနိုင်ငံအနေဖြင့် အနောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖန်တီးလာပြီဖြစ်ကြောင်း ရုရှားသမ္မတပူတင်နှင့် ၎င်း၏ လုံခြုံရေးအကြီးအကဲများက ဝန်ခံခဲ့ကြသည်။ ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်စဉ်ကတည်းက မစ္စတာပူတင်က အကြမ်းဖက်ဝါဒကို နိုင်ငံတကာက ပူးပေါင်းတိုက်ခိုက်ရန် ပြောကြားခဲ့သည်။ ဘုံရန်သူဖြစ်သည့် အကြမ်းဖက်သမားများကို တိုက်ခိုက်ရန် ယူကရိန်းပြဿနာကိုမေ့ထားပြီး ရုရှားနှင့်အနောက်အုပ်စု ပူးပေါင်းဆောင်ရွက်ရန် ကရင်မလင်ထိပ်တန်းအရာရှိများက ယူဆခဲ့ကြသည်။

**စတာလင်၊ ချာချီလ်နှင့် ရုစဗဲ့တ်တို့သည် ၎င်းတို့၏ နိုင်ငံရေးအယူအဆ သဘောတရားများ ကွဲလွဲခဲ့ကြသည့်တိုင် ဟစ်တလာ၏ နာဇီဝါဒကို ပူးပေါင်းတိုက်ခိုက်ချေမှုန်းခဲ့ကြသည့် သာဓကကို ရုရှားမျက်မှောက်ရေးရာ သုံးသပ်သူများက နှိုင်းယှဉ်သုံးသပ်ပြခဲ့ကြ**

မစ္စတာပူတင်၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများအပေါ် အနည်းငယ်အသာစီးရရှိလာသည့်အခါ ရုရှားနိုင်ငံအပေါ် အနောက်အုပ်စု၏ မျက်နှာသာပေးမှုရရှိခဲ့သည့်တိုင် ရုရှား၏တိုက်ခိုက်မှုများမှာ အိုင်အက်စ်အကြမ်းဖက်သမားများထက် အမေရိကန်ထောက်ခံအားပေးထားသည့် သူပုန်များအပေါ် ပိုမိုဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု အနောက်နိုင်ငံများက ပြစ်တင်ဝေဖန်ခဲ့ကြသည်။ အိုဘားမားက ရုရှား၏မဟာဗျူဟာကို ကျရှုံးမှုအတွက်လမ်းစဟု မှတ်ချက်ပြုခဲ့သည်။ မည်သို့ပင်ဖြစ်စေ ရုရှားနှင့်အနောက်အုပ်စု သဘောထားကွဲလွဲမှုမှာ ပို၍ကြီးမားလာခဲ့သည်။ သို့သော် ပါရီတိုက်ခိုက်ခံရမှုကြောင့် ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်စတင်ဆွေးနွေးခဲ့ကြသည်။ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲပြီးနောက် မစ္စတာပူတင်က ဆက်ဆံရေးများပြန်လည်တိုးတက်လာခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး " ဘဝရဲ့ရှင်သန်လှုပ်ရှားမှုမှာ အရာရာတိုင်း ပြောင်းလဲနေပါတယ်။ ပြဿနာသစ်တွေ၊ ခြိမ်းခြောက်မှုအသစ်တွေနဲ့ စိန်ခေါ်မှုအသစ်တွေဟာ တစ်ဦးတစ်ယောက်တည်း တစ်နိုင်ငံတည်းက ဖြေရှင်းဖို့ဆိုတာ အလွန်ခက်ခဲပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ အင်အားတွေကို ပေါင်းစည်းဖို့လိုပါတယ်" ဟု ပြောကြားခဲ့သည်။ ပါရီတိုက်ခိုက်ခံရပြီးနောက် ဒေါ်ကြီးမောကြီးဖြစ်နေသည့် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ကို မစ္စတာပူတင်က ဆိုင်းနိုင်းကျွန်းဆွယ်တွင် ရုရှားလေယာဉ်ပျက်ကျမှုကြောင့် လူ ၂၂၄ ဦး သေဆုံးခဲ့ရမှုအတွက် အိုင်အက်စ်တို့ကို လက်တုံ့ပြန်တိုက်ခိုက်သွားမည်ဟု ကတိပြုခဲ့သည်။

မစ္စတာပူတင်က မိမိတို့အနေဖြင့် ဆီးရီးယားနိုင်ငံတွင် ဗုံးကြဲတိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်သွားရန်သာမက ပုန်းအောင်းနေသည့် အကြမ်းဖက်သမားများကို မည်သည့်နေရာတွင်မဆို ရှာဖွေဖော်ထုတ်သွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘာကြီး၏မည်သည့်နေရာတွင် ပုန်းအောင်းနေသည့် အကြမ်းဖက်သမားများဖြစ်စေ ရှာဖွေဖော်ထုတ်ဒဏ်ခတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ စတာလင်၊ ချာချီလ်နှင့် ရုစဗဲ့တ်တို့သည် ၎င်းတို့၏ နိုင်ငံရေးအယူအဆ သဘောတရားများကွဲလွဲခဲ့ကြသည့်တိုင် ဟစ်တလာ၏ နာဇီဝါဒကို ပူးပေါင်းတိုက်ခိုက်ချေမှုန်းခဲ့ကြသည့် သာဓကကို ရုရှားမျက်မှောက်ရေးရာသုံးသပ်သူများက နှိုင်းယှဉ်သုံးသပ်ပြခဲ့ကြသည်။

